# မြန်မာ့အလင်း

အတွဲ (၅၃) အမှတ် (၁၅၂)

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Established in 1914

**Myanma Alinn Daily**

၁၃၇၆ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၄ ရက်　　၂၀၁၄ ခုနှစ်၊ စက်တင်ဘာ ၂၂ ရက်၊ တနင်္လာနေ့။


ဒါနဥ္စ တော်မင်္ဂလ မုတ္တမံ

စွန့်ကြဲပေးကမ်း လှူဒါန်းခြင်းသည် မြတ်သော မင်္ဂလာမည်၏။

# နိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲရေး သဘောတူညီမှု အောင်မြင်မည်ဟုယုံကြည်

သတင်း - ခင်ရတနာ

**ရန်ကုန် စက်တင်ဘာ ၂၁**

(၃၂)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ ငြိမ်းချမ်းရေးနေ့ အခမ်းအနားကို ရန်ကုန်မြို့ မြန်မာနိုင်ငံ ငြိမ်းချမ်းရေး ပြန်လည်ထူထောင်ရေးဗဟိုဌာန(MPC)၌ ယနေ့ ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က ငြိမ်းချမ်းရေးအထိမ်းအမှတ် သဝဏ်လွှာပေးပို့သည်။

ငြိမ်းချမ်းရေးသည် လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းခြင်းထက် ပိုမိုကျယ်ပြန့်သည့် ကိစ္စဖြစ်ကြောင်း၊ လူ့အဖွဲ့အစည်းအတွင်း မတူကွဲပြားသော ကြန်အင်လက္ခဏာများ၊ အတွေးအခေါ်များနှင့် အယူဝါဒများကို အပြန်အလှန်လက်ခံပြီး ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်သော သဟဇာတဖြစ်မှုမျိုးသည်သာလျှင် ရေရှည်တည်တံ့မည့် ငြိမ်းချမ်းရေးဖြစ်ကြောင်း၊ ငြိမ်းချမ်းရေးသည် လူတစ်ဦးချင်းစီအတွက် အလွန်အရေးကြီးသည့် ကိစ္စဖြစ်ကြောင်း အဆိုပါ သဝဏ်လွှာတွင် ထည့်သွင်းဖော်ပြထားသည်။

အပြည်ပြည်ဆိုင်ရာ ငြိမ်းချမ်းရေးနေ့ အခမ်းအနားသို့ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်း၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဦးခင်ရီ အပါအဝင် ပြည်ထောင်စုဝန်ကြီးများ၊ ကုလသမဂ္ဂဌာနေကိုယ်စားလှယ်များ၊ တိုင်းရင်းသားခေါင်းဆောင်များ၊ နိုင်ငံရေး ပါတီများနှင့် ပြည်သူများတက်ရောက်ကြသည်။

အဆိုပါ အခမ်းအနားတွင် ပြည်ထောင်စုငြိမ်းချမ်းရေး ဖော်ဆောင်ရေး လုပ်ငန်းကော်မတီနှင့် နိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲရေး ညှိနှိုင်းရေးအဖွဲ့တို့အကြား သဘောတူညီမှု လက်မှတ်ရေးထိုးခြင်းကို အမြန်ဆုံးဆောင်ရွက်သွားနိုင်ရန် ပြင်ဆင်နေပြီး အောင်မြင်

*စာမျက်နှာ ၉ ကော်လံ ၁* ✻

> လူ့အဖွဲ့အစည်းအတွင်း မတူကွဲပြားသော ကြန်အင်လက္ခဏာများ၊ အတွေးအခေါ်များနှင့် အယူဝါဒများကို အပြန်အလှန်လက်ခံပြီး ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်သော သဟဇာတဖြစ်မှုမျိုးသည်သာလျှင် ရေရှည်တည်တံ့မည့် ငြိမ်းချမ်းရေးဖြစ်။


## ယနေ့ မာတိကာ

**ဖိလစ်ပိုင်၌ဖန်ဝမ်မုန်တိုင်းတိုက်ခတ်မှု ပြည်သူ၂၀၀၀၀၀ နေရာပြောင်းရွှေ့ခဲ့ရ** စာ ၄

**နေရောင်ခြည်စွမ်းအင်သုံး ရေဒီယိုများအခမဲ့ ဖြန့်ဝေ** စာ ၉

**မိုးသည်းထန်မှုကြောင့် မဲဇာမြစ်ရေကြီး ရေလျှံမှုဖြစ်** စာ ၁၁

**သဲသောင်ပြင်ဘောလုံး လူရွေးပွဲတွင် မလိခနှင့် UPT တို့ဆီမီးတက်** စာ ၁၄




ခါကာဘိုရာဇီတောင်သို့ တက်ရောက်ခဲ့ကြသည့် သဘာဝ ခေါ်သံ တောင်တက် အဖွဲ့ဝင်များ ခရီးကြမ်းကို ဖြတ်သန်းခဲ့ကြစဉ်။

## တောင်တက်သမားနှစ်ဦး ပျောက်ဆုံးနေသော ခါကာဘိုရာဇီတောင်တက်အဖွဲ့ ရာသီဥတုအန္တရာယ်နှင့် အခက်အခဲမျိုးစုံကြုံတွေ့ခဲ့ရ

**ရန်ကုန် စက်တင်ဘာ ၂၁**

အရှေ့တောင်အာရှနှင့် မြန်မာနိုင်ငံ၏ အမြင့်ဆုံးတောင်ဟု သတ်မှတ်ခဲ့ကြသော ခါကာဘိုရာဇီတောင်ထိပ်သို့ တက်ရောက်ခဲ့ပြီး ပြန်လည်ရောက်ရှိလာသည့် တောင်တက်သမား အထောက်အကူပြုအဖွဲ့သည် တောင်တက်စဉ်ကာလအတွင်း ဆိုးရွားလှသော ရာသီဥတုအန္တရာယ်နှင့် အခက်အခဲမျိုးစုံ ကြုံတွေ့ခဲ့ရကြောင်း ယနေ့ မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် တော်ဝင်နှင်းဆီခန်းမ၌ ပြုလုပ်သည့် မီဒီယာရှင်းလင်းပွဲတွင် ပြောကြားသည်။

သဘာဝခေါ်သံ ဖောင်ဒေးရှင်း တက္ကသိုလ်ခြေလျင်နှင့် တောင်တက်အသင်းမှ ခါကာဘိုရာဇီ တောင်ထိပ်သို့ တက်ရောက်ခဲ့သည့် တောင်တက်သမားနှစ်ဦးနှင့် အထောက်အကူပြုအဖွဲ့ဝင် ခြောက်ဦး စုစုပေါင်း ရှစ်ဦးသည် ရန်ကုန်မြို့မှ ဇူလိုင် ၂၇ ရက်မှ စတင်ကာ အရှေ့တောင်အာရှနှင့် မြန်မာနိုင်ငံ၏ အမြင့်ဆုံးတောင်ထိပ်ဟု သတ်မှတ်ထားကြသည့် မြန်မာနိုင်ငံ၏ ကချင်ပြည်နယ်ရှိ ခါကာဘိုရာဇီတောင်ထိပ်သို့ တက်ရောက်ခဲ့ကြသည်။ အဆိုပါ ခါကာဘိုရာဇီ တောင်ထိပ်သို့ တက်ရောက်ခဲ့သည့် တောင်တက်အသင်းခေါင်းဆောင် ကိုအောင်မြင့်မြတ်နှင့် အသင်းမန်နေဂျာ ကိုဝေယံမင်းသူတို့သည် ဩဂုတ် ၂၂ ရက် နံနက် ၇ နာရီ၂၀ မိနစ်တွင် ခါကာဘိုရာဇီတောင်ခြေ Base Camp အမြင့်ပေ ၁၃၂၀၀ မှ စတင်တက်ရောက်ခဲ့ရာ ကိုးရက်မြောက်

*စာမျက်နှာ ၉ ကော်လံ ၁* ✪

သတင်း-မောင်စိန်လွင်
ဓာတ်ပုံ- တောင်တက်အဖွဲ့







ပြည်တွင်းသတင်း

# မြို့ပြနှင့် အိုးအိမ်စီမံခန့်ခွဲမှုဆိုင်ရာလုပ်ငန်းများ လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှုဆွေးနွေး

**မန္တလေး စက်တင်ဘာ ၂၁**

သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းသည် ယနေ့နံနက် ၁၀ နာရီတွင် မန္တလေးမြို့တော်စည်ပင်သာယာရေး ကော်မတီရုံး အစည်းအဝေးခန်းမ၌ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ အိုးအိမ်ဦးစီးဌာန၊ မြို့တော်စည်ပင်အကြံပေးအဖွဲ့တို့မှ တာဝန်ရှိသူများနှင့်တွေ့ဆုံကာ အမျိုးသားအဆောက်အအုံ စီမံကိန်းဆိုင်ရာနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲအခမ်းအနားသို့ တိုင်းဒေသကြီးဝန်ကြီးများ ဖြစ်ကြသော ဦးအောင်မောင်း၊ ဦးကျော်ဆန်းနှင့် မန္တလေးမြို့တော် စည်ပင်သာယာရေး အကြံပေးအဖွဲ့ခေါင်းဆောင်နှင့် အဖွဲ့ဝင်များ၊ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီအတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူး၊ ကော်မတီဝင်များနှင့် ဌာနမှူးများ၊ ခရိုင်အုပ်ချုပ်ရေးမှူး၊ အိုးအိမ်ဦးစီးဌာန၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ စည်ပင်သာယာရေးဦးစီးဌာန၊ ယာဉ်ထိန်းရဲတပ်ဖွဲ့တို့မှ ဌာနဆိုင်ရာအရာရှိများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး **(ယာပုံ)**က အောက်တိုဘာ ပထမပတ်တွင်ကျင်းပမည့် National Houseing Planning တွင် မြို့ပြနှင့် အိုးအိမ်စီမံခန့်ခွဲမှုဆိုင်ရာ လုပ်ငန်းများကို ဥပဒေ၊ စည်းကမ်း၊ လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှုနှင့်ပတ်သက်၍ ဆွေးနွေးအကြံပြုနိုင်ရေးအတွက် လာရောက်တွေ့ဆုံခြင်းဖြစ်ကြောင်း၊ သို့မှသာ လုပ်ငန်းအလိုက် လိုအပ်ချက်များ သိရှိပြီး ပြင်ဆင်သင့်သည်များကို ကြိုတင်ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် မန္တလေးမြို့တော်ဝန်က ချမ်းမြသာစည်မြို့နယ်တွင် ဆောင်ရွက်ခဲ့သည့် မြရည်နန္ဒာတန်ဖိုးနည်းအိမ်ရာစီမံကိန်းကို တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဦးဆောင်မှုနှင့် ဆောင်ရွက်ခဲ့မှုများ၊ တိုင်းဒေသကြီးလမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဌာနဝန်ကြီးက တိုင်းဒေသကြီးအတွင်း တိုးတက်လာမည့် လူဦးရေအရ မြို့ပြစီမံကိန်းများ အကောင်အထည်ဖော်ရန် လျာထားမှုများနှင့် မြို့တော်စည်ပင်သာယာရေး အကြံပေးအဖွဲ့ဝင်များနှင့် တက်ရောက်လာကြသည့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများက လိုအပ်သည်များကို ဆွေးနွေးတင်ပြကြပြီး ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းက နိဂုံးချုပ် အမှာစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



# လုပ်ငန်းခွင်အေးချမ်းသာယာစေရန်နှင့် ကုန်ထုတ်စွမ်းအားတိုးတက်စေရန် အလုပ်ရှင်၊ အလုပ်သမား နှစ်ဦးနှစ်ဖက် ပူးပေါင်းဆောင်ရွက်



**ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့် ရွှေပြည်သာစက်မှုဇုန်ရှိ စက်ရုံ၊ အလုပ်ရုံများသို့ ကွင်းဆင်းကြည့်ရှုပြီး အလုပ်သမားများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံစဉ်။** (သတင်းစဉ်)

**ရန်ကုန် စက်တင်ဘာ ၂၁**

အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်သည် စက်တင်ဘာ ၂၀ ရက် မွန်းလွဲပိုင်းက အလုပ်ရုံများ၌ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်း၍ ကျန်းမာရေးနှင့် ညီညွတ်ကာ သင့်တင့်ကောင်းမွန်သည့် လုပ်ငန်းခွင်များဖြစ်ပေါ်စေရန်၊ အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမား သုံးပွင့်ဆိုင်အပြင် လူမှုအဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် လုပ်ငန်းခွင်တည်ငြိမ်အေးချမ်းရေးကို အထောက်အကူဖြစ်စေရန်အတွက် ရွှေပြည်သာစက်မှုဇုန်ရှိ Costec အထည်ချုပ်စက်ရုံ၊ ကမ္ဘာအထည်ချုပ်စက်ရုံနှင့် ချင်းတွင်းအထည်ချုပ်စက်ရုံများသို့ ကွင်းဆင်းကြည့်ရှုသည်။

ပြည်ထောင်စုဝန်ကြီးက အလုပ်ရှင်၊ အလုပ်သမားကိုယ်စားလှယ်များနှင့် တွေ့ဆုံမှာကြားရာတွင် လုပ်ငန်းခွင်အေးချမ်းသာယာစေရန်နှင့် ကုန်ထုတ်စွမ်းအား တိုးတက်စေရန်တို့အတွက် အလုပ်ရှင်၊ အလုပ်သမား နှစ်ဦးနှစ်ဖက် ပူးပေါင်းဆောင်ရွက်သွားရန်လိုကြောင်း၊ အလုပ်ရှင်၊ အလုပ်သမားများ ပူးပေါင်းဆောင်ရွက်ခြင်းအားဖြင့် မိမိစက်ရုံ၏ လုပ်ငန်းခွင်တည်ငြိမ်အေးချမ်းမှု၊ ကုန်ထုတ်စွမ်းအား တိုးတက်မှုကို များစွာအထောက်အကူပြုပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက မိမိတို့ဝန်ကြီးဌာနအနေဖြင့် စက်မှုဇုန်များ၌ အသိပညာပေးဆွေးနွေးပွဲများ၊ စက်ရုံအလုပ်ရုံများမှ မန်နေဂျာများနှင့် Supervisor တို့အား စက်ရုံ၊ အလုပ်ရုံစီမံခန့်ခွဲမှု၊ လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးတို့အတွက် အသိပညာပေးသင်တန်းများကို ဖွင့်လှစ်ပို့ချပေးလျက်ရှိကြောင်း၊ စက်ရုံအလုပ်ရုံများမှ တာဝန်ရှိသူများအနေဖြင့် အလေးအနက်ထားပြီး တက်ရောက်သွားရန်လိုကြောင်း၊ သို့မှသာ အလုပ်သမားရေးရာအငြင်းပွားမှုများကို ဖြေရှင်းဆောင်ရွက်ရာတွင် များစွာ အထောက်အကူပြုနိုင်မည်ဖြစ်သကဲ့သို့ လုပ်ငန်းခွင်အေးချမ်းသာယာပြီး ကုန်ထုတ်စွမ်းအားများ မြင့်မားလာကာ နိုင်ငံတော်၏ GDP တိုးတက်ရေးကိုလည်း များစွာအထောက်အကူ ပြုနိုင်ပါကြောင်း မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် စက်ရုံအလုပ်ရုံများတွင် ဖွဲ့စည်းထားသော အခြေခံအလုပ်သမားအဖွဲ့အစည်းများနှင့် တွေ့ဆုံကာ အလုပ်သမားခေါင်းဆောင်များ၏တင်ပြချက်များကို ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပြီး အလုပ်သမားရေးရာ ဆောင်ရန်၊ ရှောင်ရန် ပညာပေးစာအုပ်များကို ဝေငှပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# နိုင်ငံသားစိစစ်ရေးကတ်ပြားများပေးအပ်

**ပေါက်တော စက်တင်ဘာ ၂၁**

ရခိုင်ပြည်နယ် ပေါက်တောမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနက မိုးပွင့်အဆင့်(၆) စီမံချက်ဖြင့် ကွင်းဆင်းဆောင်ရွက်ပေးခဲ့သည့် နိုင်ငံသားစိစစ်ရေးကတ်ပြားများပေးအပ်ပွဲကို စက်တင်ဘာ ၁၇ ရက် နံနက် ၉ နာရီခွဲက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနခန်းမ၌ ကျင်းပသည်။

လဝကဝန်ထမ်းများနှင့်အတူ အလျှုရှင်များပါ ကွင်းဆင်းဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ပြီး မြို့ပေါ်ရပ်ကွက်ငါးခုမှ လူဦးရေ ၃၅၂ ဦးအတွက် အခမဲ့ပြုလုပ်ပေးခဲ့သည်။ အဆိုပါအခမ်းအနားသို့ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အထောက်အကူပြုကော်မတီနှင့် လူမှုရေးအသင်းအဖွဲ့များ၊ အလှူရှင် ဦးလှကျော်ဝင်းနှင့် လူမှုကွန်ရက်အသင်းတို့ကထောက်ပံ့ခဲ့ပြီး မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှူး ဦးငွေဝင်းတို့က နိုင်ငံသားစိစစ်ရေးကတ်ပြား ၃၅၂ ခုကို ပေးအပ်ခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

**ကိုရီးယားသမ္မတနိုင်ငံ အင်ချွမ်မြို့တွင် ကျင်းပသည့် (၁၇) ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲ၌ ဝင်ရောက်ယှဉ်ပြိုင်ရန် မြန်မာ့မြားပစ်အားကစားအဖွဲ့ ခေါင်းဆောင် အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသက်လွင်ဦးနှင့် မြားပစ်ပြိုင်ပွဲဝင်အားကစားအဖွဲ့ကို စက်တင်ဘာ ၂၀ ရက်က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ တွေ့ရစဉ်။** (သတင်းစဉ်)






နိုင်ငံတကာသတင်း

## မြန်မာနိုင်ငံမှ ဆန်တန်ချိန် ၁၀၀၀၀၀ ကျော် အိန္ဒိယတင်သွင်းမည်

**နယူးဒေလီ စက်တင်ဘာ ၂၁**

ကမ္ဘာ့ထိပ်တန်း ဆန်တင်ပို့နိုင်ငံဖြစ်သည့် အိန္ဒိယနိုင်ငံက ရာစုနှစ်လေးပုံတစ်ပုံနီးပါးအတွင်း မိုးရထားလမ်းပြုပြင်မည့် အရှေ့မြောက်ပိုင်းဒေသသို့ ပထမဆုံးအကြိမ်ဆန်တင်သွင်းရန် ပြင်ဆင်နေကြောင်း ရိုက်တာသတင်းတစ်ရပ်တွင် ဖော်ပြသည်။

အိန္ဒိယနိုင်ငံက လာမည့်လများတွင် အိမ်နီးချင်းမြန်မာနိုင်ငံမှ ဆန်တန်ချိန် ၁၀၀၀၀၀ ကျော် တင်သွင်းသွားမည်ဖြစ်ကြောင်း၊ ဆန်တန်ချိန် ၁၀၀၀၀ မှ ၃၀၀၀၀ ရှိ တင်ဒါများ ခေါ်ယူသွားမည်ဖြစ်ကြောင်း အစိုးရတာဝန်ရှိသူများက ပြောသည်။ အဆိုပါ တင်သွင်းသည့်ဆန်များကို ဘင်္ဂလားဒေ့ရှ်နိုင်ငံ အရှုဂန် ဆိပ်ကမ်းကိုဖြတ်ပြီး အရှေ့မြောက်ပိုင်းဒေသများသို့ ဖြန့်ဖြူးပေးဖွယ်ရှိကြောင်း ၎င်းတာဝန်ရှိသူများက ပြောသည်။

အိန္ဒိယနိုင်ငံသည် ၂၀၁၂ ခုနှစ် က ကမ္ဘာ့ဆန်အများဆုံးတင်ပို့ရောင်းချနိုင်သည့် နိုင်ငံဖြစ်လာခဲ့ပြီး နှစ်စဉ်တန်ချိန် ၁၀ သန်း ပင်လယ်ရပ်ခြားနိုင်ငံများသို့ တင်ပို့လျက်ရှိသည်။ အိန္ဒိယနိုင်ငံသည် ၁၉၉၀ ပြည့်လွန်နှစ်အစောပိုင်းက နောက်ဆုံးဆန်တင်သွင်းခဲ့သည်။ အိန္ဒိယနိုင်ငံသည် ကိုလိုနီခေတ်က မီးရထားလမ်းကို ပြန်လည်ပြုပြင်မည်ဖြစ်၍ ရထားလမ်းပြင်ဆင်နေချိန် သယ်ယူစရိတ်စက သက်သာသော မြန်မာနိုင်ငံမှ ဆန်များကို နိုင်ငံအရှေ့မြောက်ပိုင်းသို့ တင်သွင်းသွားမည်ဟုဆိုသည်။ **(ရိုက်တာ)**

## အီရန်ဓာတ်ငွေ့ တိုးချဲ့တင်ပို့မည်

**တီဟီရန် စက်တင်ဘာ ၂၁**

အီရန်နိုင်ငံက သဘာဝဓာတ်ငွေ့ တင်ပို့မှုကို တစ်နှစ်လျှင် ကုဗမီတာ ၁၀ ဘီလီယံအထိ တိုးချဲ့တင်ပို့ရန် စီစဉ်လျက်ရှိကြောင်း အီရန်တာဝန်ရှိသူတစ်ဦးက ပြောသည်။

အီရန်နိုင်ငံ၏ နှစ်စဉ်သဘာဝ ဓာတ်ငွေ့တင်ပို့မှုကို ၂၀၁၅ ခုနှစ် မတ်လတွင် ကုဗမီတာ သန်း ၁၀၀ အထိ မြှင့်တင်သွားမည်ဖြစ်ကြောင်း အီရန်အမျိုးသား သဘာဝဓာတ်ငွေ့ကုမ္ပဏီ စီမံကိန်းညွှန်ကြားရေးမှူး ပက်ဆန်မွန်တာဇာတော်ဘတ်တီက ပြောကြားသည်ကို ရှာနားသတင်းအေဂျင်စီက ပြောသည်။

အဆိုပါ ဓာတ်ငွေ့တင်ပို့ရေးကုမ္ပဏီအနေဖြင့် အီရတ်ပါရှန် ပင်လယ်ကွေ့နိုင်ငံများနှင့် ဥရောပသို့ ဓာတ်ငွေ့တင်ပို့ရေး လိုအပ်သော အခြေခံအဆောက်အအုံများ တည်ဆောက်ရန် ပြင်ဆင်နေကြောင်း ၎င်းတာဝန်ရှိသူက ပြောသည်။ **(ပရက်စ်တီဗွီ)**

## လက်ဘနွန်အရှေ့ပိုင်းဟစ်ဇ်ဘိုလာစစ်ဆေးရေးဂိတ် အသေခံဗုံးခွဲတိုက်ခိုက်ခံရ

**ဘေရွတ် စက်တင်ဘာ ၂၁**

လက်ဘနွန်အရှေ့ပိုင်းရှိ ရှီးယိုက်ဟစ်ဇ်ဘိုလာအုပ်စုတို့၏ စစ်ဆေးရေးဂိတ်၌ အသေခံဗုံးဖောက်ခွဲမှုကြောင့် သုံးဦးသေဆုံးသွားခဲ့ကြောင်း မီဒီယာများတွင် ဖော်ပြခဲ့သည်။ တိုက်ခိုက်ရေးသမားများသည် ဘက်ကာတောင်ကြားရှိ ခါရာဘင်ရွာအနီး၌ ဖောက်ခွဲရေးပစ္စည်းများ တင်ဆောင်လာသောယာဉ်ဖြင့် အသေခံဗုံးခွဲတိုက်ခိုက်ခဲ့ခြင်း ဖြစ်သည်။

သေဆုံးသူများသည် ဟစ်ဇ်ဘိုလာတိုက်ခိုက်ရေးသမား သို့မဟုတ် အရပ်သားများဖြစ်သည်ကို တိတိကျကျမသိရသေးပေ။

အိမ်နီးချင်း ဆီးရီးယားနိုင်ငံ၌ သုံးနှစ်ကြာဖြစ်ပွားခဲ့သည့် ပဋိပက္ခ ဂယက်ရိုက်ခတ်မှုကြောင့် လက်ဘနွန်၌ ဂိုဏ်းဂဏဆိုင်ရာ အခြေအနေ တင်းမာမှုများ ပိုများလာခဲ့သည်။


ဆီးရီးယားနယ်စပ်သုံးမိုင်အကွာ၌ ဖြစ်ပွားခဲ့သည့် အဆိုပါတိုက်ခိုက်မှုကို မည်သည့်အုပ်စုက လုပ်ဆောင်သွားသည်ကို မသိရသေးပေ။

ယခင်ကာလများက ဆီးရီးယားသမ္မတ ဘာရှာအယ်လ်အာဆတ်ကို ထောက်ခံသည့် အုပ်စုများက ဆွန်နီစစ်သွေးကြွများကို ဆန့်ကျင်တိုက်ခိုက်မှုပြုလုပ်ခဲ့သဖြင့် ဆွန်နီစစ်သွေးကြွများက လက်ဘနွန်ရှိ ဟစ်ဇ်ဘိုလာတို့၏ အမာခံနယ်မြေများကို ပစ်မှတ်ထားတိုက်ခိုက်ခဲ့သည်။ **(ဘီဘီစီ)**

# အာဖဂန်သမ္မတလောင်းနှစ်ဦး အစိုးရဖွဲ့ရန် သဘောတူညီ

**ကဘူးလ် စက်တင်ဘာ ၂၁**

အာဖဂန်သမ္မတလောင်း အရှ်ဖ်ဂနီနှင့် အဗ္ဗဒူလာကက ၎င်း၏ပြိုင်ဘက် အက်ရှရပ်ဂနီသည် ခေါင်းဆောင်ဖြစ်ထိုက်သည်ကို လက်ခံပါကြောင်း လအတန်ကြာ သမ္မတရွေးကောက်ပွဲရလဒ်အပေါ် ရှေ့မတိုးနောက်မဆုတ်သာအခြေအနေဖြစ်ပြီးနောက် ပြောကြားလိုက်သည်။



အဆိုပါ သမ္မတလောင်းနှစ်ဦးသည် မစ္စတာဂနီကို သမ္မတအဖြစ်ရွေးချယ်ပြီး မစ္စတာအဗ္ဗဒူလာကို အမှုဆောင်အကြီးအကဲအဖြစ် ရွေးချယ်ကာ အစိုးရဖွဲ့စည်းရန် သဘောတူထားကြောင်း မစ္စတာအဗ္ဗဒူလာ၏ ပြောရေးဆိုခွင့်ရှိသူက ပြောသည်။ တရားဝင်ကြေညာချက်ကို တနင်္ဂနွေနေ့တွင် ထုတ်ပြန်ဖွယ်ရှိသည်။ နှစ်ဖက်စလုံးက ဇွန်လရွေးကောက်ပွဲတွင် မဲလိမ်သည်ဟု အပြန်အလှန်စွပ်စွဲခဲ့ကြသည်။ ဇူလိုင်လတွင် လူပေါင်း ရှစ်သန်း မဲပေးခဲ့မှုအပေါ် မဲရေတွက်ပြီးနောက် အဆိုပါ စွပ်စွဲချက်များ ထွက်ပေါ်လာသည်။

နှစ်ဖက်စလုံးက မည်သည့်အငြင်းပွားမှုမျှမရှိတော့ကြောင်း မစ္စတာဂနီ၏ ပြောရေးဆိုခွင့်ရှိသူက ပြောသည်။ **(ဘီဘီစီ)**

# မြောက်ဝါဇီရစ္စတန်၌ ပါကစ္စတန်လေကြောင်းတိုက်ခိုက်ချေမှုန်း အနည်းဆုံး စစ်သွေးကြွ ၁၅ ဦးသေဆုံး



**အစ္စလမ္မာဘတ် စက်တင်ဘာ ၂၁**

ပါကစ္စတန်နိုင်ငံ မြောက်ဝါဇီရစ္စတန်လူမျိုးစုဒေသ၌ တိုက်ပွဲဖြစ်ပွားခဲ့ရာ အနည်းဆုံး တာလီဘန်လိုလားသူ ၁၅ ဦး သေဆုံးပြီး အစိုးရတပ်ဖွဲ့ဝင်တစ်ဦးသေဆုံးခဲ့ကြောင်း ပါကစ္စတန်တပ်ဖွဲ့ဝင်များက ပြောသည်။

ပါကစ္စတန်အစိုးရတပ် ရဟတ်ယာဉ်များက မြောက်ဝါဇီရစ္စတန် ဂလူလန်းအလီဒေသ၌ လေကြောင်းမှ တိုက်ခိုက်ခဲ့ရာ စစ်သွေးကြွ ၁၂ ဦး သေဆုံးခဲ့ကြောင်း ပါကစ္စတန်ပြည်သူ့ဆက်ဆံရေးဌာနက စနေနေ့တွင် ပြောသည်။

အဆိုပါ လေကြောင်းတိုက်ခိုက်မှုတွင် စစ်သွေးကြွများ ခိုအောင်းရာ နေရာသုံးခုနှင့် မော်တော်ယာဉ်လေးစင်း ပျက်စီးသွားကြောင်းဖြင့်လည်း စစ်ဘက်သတင်းရပ်ကွက်များက ပြောသည်။

ဘိုယာမြို့၌ စစ်သွေးကြွသုံးဦးနှင့် အစိုးရတပ်များက အာဖဂန်နယ်စပ်အနီး ဒက်တာမဲလ်မြို့၌ လေကြောင်းမှ တိုက်ခိုက်ခဲ့ပြီး ရက်ပိုင်းအကြာ အဆိုပါ တိုက်ခိုက်မှုပေါ် ထွက်လာခြင်းဖြစ်သည်။

ဇွန်လမှ စတင်ကာ အာဖဂန်နယ်စပ်တစ်လျှောက် စစ်ဆင်ရေးစတင်ဆောင်ရွက်ကတည်းက စစ်သွေးကြွ ၁၀၀၀ ကျော် သုတ်သင်နိုင်ခဲ့ပြီဖြစ်ကြောင်း ပါကစ္စတန်အစိုးရတပ်က ပြောသည်။ **(ပရက်စ်တီဗွီ)**

## နယူးဇီလန်ဝန်ကြီးချုပ် တတိယအကြိမ် အရွေးခံရ

**အော့ကလန် စက်တင်ဘာ ၂၁**

နယူးဇီလန်ဝန်ကြီးချုပ် ဂျွန်ကေးသည် အထွေထွေရွေးကောက်ပွဲတွင် အနိုင်ရခဲ့၍ တတိယအကြိမ် ဆက်လက်တာဝန်ထမ်းဆောင်ရမည်ဖြစ်သည်။

"ဒီညက တကယ့်ကို ထူးခြားတဲ့ညပါ။ ဒီအောင်ပွဲက သစ္စာရှိမှုကို ပြသလိုက်တာပါပဲ"ဟု ဗဟိုလက်ျာယိမ်းပါတီ ခေါင်းဆောင်က အော့ကလန်မြို့၌ စနေနေ့တွင် ပြောသည်။

မဲအများဆုံး ရေတွက်အပြီး အသက် ၅၃ နှစ်အရွယ် အဆိုပါ ပုဂ္ဂိုလ်၏ပါတီသည် အမတ်နေရာ ၁၂၁ နေရာတွင် ၆၁ နေရာဖြင့် အနိုင်ရခဲ့သည်ဟုဆိုသည်။ ထိုအတောအတွင်း အတိုက်အခံခေါင်းဆောင် ဒေးဗစ်ကွန်လီဖေးက ရှုံးနိမ့်မှုကို လက်ခံကြောင်း ပြောသည်။

၎င်းတို့အနေဖြင့် အစိုးရဖွဲ့နိုင်မည်မဟုတ်ကြောင်း လေဘာပါတီထောက်ခံသူများအား ပြောသည်။ **(ပရက်စ်တီဗွီ)**

# ဖိလစ်ပိုင်၌ ဖန်ဝမ်မုန်တိုင်းတိုက်ခတ်မှု ပြည်သူ ၂၀၀၀၀၀ နေရာပြောင်းရွှေ့ခဲ့ရ



**မနီလာ စက်တင်ဘာ ၂၁**

အပူပိုင်းမုန်တိုင်း ဖန်ဝမ်ဖြစ်ပေါ်ခဲ့ရာ လေပြင်းများတိုက်ခတ်ပြီး မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ဖိလစ်ပိုင်နိုင်ငံ၌ ရေလွှမ်းမှုဒဏ်ကို ပြည်သူ ၂၀၀၀၀၀ ခန့် သဘာဝဘေးကို ရင်ဆိုင်ခံစားနေရသည်။

အဆိုပါ မုန်တိုင်းကြောင့် ငါးဦးသေဆုံးခဲ့သည့်အနက် နှစ်ဦးမှာ ရေထဲဖြတ်လျှောက်သွားစဉ် ဓာတ်လိုက်သေဆုံးခဲ့ခြင်းဖြစ်သည်ဟု အရေးပေါ်ကယ်ဆယ်ရေးဝန်ထမ်းများက ပြောခဲ့သည်။ မုန်တိုင်းဒဏ်ကို မနီလာနှင့် မြောက်ပိုင်းပြည်နယ်များမှာ အဆိုးရွားဆုံးခံစားခဲ့ရပြီး ဒေသခံများကို အိမ်ခေါင်မိုးများပေါ်မှ ကယ်ဆယ်ခဲ့ရသည်။

မုန်တိုင်းသည် မြောက်ဘက်သို့ ဦးတည်ရွေ့လျားနေပြီး တရုတ်(တိုင်ပေ)သို့ ဆက်ရွေ့လျားသွားမည်ဟု ခန့်မှန်းကြသည်။ သို့ဖြစ်၍ တပ်ဖွဲ့ဝင် ၅၀၀၀၀ ခန့်သည် အရေးပေါ်ကယ်ဆယ်ရေးများပြုလုပ်ရန်အတွက် ကျွန်းပေါ်မှ အသင့်အနေအထားရှိနေခဲ့သည်။ ဖိလစ်ပိုင်နေရာအနှံ့အပြားတွင် ရေကြီးမှုအခြေအနေ ပြန်လည်ကျဆင်းလာခဲ့ပြီဖြစ်ရာ ဒေသခံများကို မိမိတို့နေအိမ်များတွင် ပြန်လည်နေထိုင်ခွင့်ပြုလိုက်ပြီဖြစ်သည်။

ဖန်ဝမ်မုန်တိုင်းသည် တစ်နာရီမိုင် ၅၀ နှုန်း တိုက်ခတ်ခဲ့ခြင်းဖြစ်သည်။ ဖိလစ်ပိုင်၌ တစ်ညတာရွာသွန်းသော မိုးရေချိန်ပမာဏသည် သုံးပတ်ကြာ ရွာသွန်းသောမိုးရေချိန်ပမာဏနှင့် အတူတူပင်ဖြစ်သည်။

မြို့တော် မနီလာတည်ရှိရာ လူဇွန်ကျွန်းပေါ်ရှိ အဝေးပြေးလမ်းများရေလွှမ်းခဲ့ပြီး သစ်ပင်များပြိုလဲကာ အိမ်ခေါင်မိုးများပါသွားခဲ့သည်။ မနီလာမြို့အရှေ့ဘက်ခြမ်းရှိ မြစ်ကမ်းပါးများလည်း ပြိုကျသွားခဲ့ရာ ပြည်သူ၂၀၀၀၀၀ ကျော်ကို ဘေးလွတ်ရာသို့ ပြောင်းရွှေ့ပေးခဲ့သော်လည်း အချို့ဒေသခံများသည် ကျန်ရှိနေဆဲဖြစ်သည်။ **(ဘီဘီစီ)**

ပြည်တွင်းသတင်း

# ဒီမိုကရေစီဖြစ်ထွန်းရှင်သန်ရန် အစိုးရ၊ လွှတ်တော်တို့၏ကြိုးပမ်းမှုတွေသာမက ပြည်သူအများ ပါဝင်ဆောင်ရွက်မှသာ ပိုမိုအောင်မြင်မည်ဖြစ်

## ၁၅-၉-၂၀၁၄ ရက်နေ့တွင်ကျင်းပသည့် အပြည်ပြည်ဆိုင်ရာဒီမိုကရေစီနေ့တွင် ဓနုတိုင်းရင်းသားလူမျိုးများ ဒီမိုကရေစီပါတီက တင်ပြသည့်စာတမ်း

အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့အထိမ်းအမှတ် အခမ်းအနားတွင် ကျွန်တော်တို့ ဓနုတိုင်းရင်းသားလူမျိုးများ ဒီမိုကရေစီပါတီမှ စာတမ်းကို ကျွန်တော် ဦးအောင်ဇော်မြင့်(အတွင်းရေးမှူး၊ ဗဟိုကော်မတီ)က ဖတ်ကြားတင်ပြမှာဖြစ်ပါတယ်။ ကျွန်တော်တို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်မှာ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးလာခဲ့တာဖြင့် သုံးနှစ်ကျော်ကာလကို ရောက်ရှိလာပြီးဖြစ်ပါတယ်။ ထိုကာလအတွင်းမှာ နိုင်ငံတော်အစိုးရအနေဖြင့် စည်းကမ်းပြည့်ဝသောပါတီစုံဒီမိုကရေစီဖြစ်ထွန်းရှင်သန်ရေးကျင့်စဉ်များ၊ အလေ့အထများ၊ အမူအကျင့်များ၊ အတွေးအခေါ်များကို တိုးတက်ဖြစ်ထွန်းရန် အားစိုက်ကြိုးပမ်းလုပ်ဆောင်မှုများ တွေ့ရသည့်အပြင် အားလုံးပါဝင်နိုင်ရေးအတွက် အခွင့်အလမ်းများကိုလည်းခွင့်ပြု၍ ကြိုးပမ်းလုပ်ဆောင်နေကြောင်း တွေ့မြင်ရပါတယ်။

ထိုသို့လုပ်ဆောင်မှုတွေဟာ ဒီမိုကရေစီဖော်ဆောင်ရေး၊ ဒီမိုကရေစီနိုင်ငံတည်ဆောက်ရေးအတွက် အခြေခံကောင်းများဖြစ်သည့်အတွက် စဉ်ဆက်မပြတ်ဖြစ်ထွန်းနေဖို့၊ ရှင်သန်ဖွံ့ဖြိုးနေဖို့မှာ အရေးပါကြောင်း တွေ့မြင်ရပါတယ်။ ဒီမိုကရေစီဖြစ်ထွန်းရှင်သန်ဖို့ဆိုရာမှာ အစိုးရရဲ့ကြိုးပမ်းမှု၊ လွှတ်တော်ရဲ့ကြိုးပမ်းမှုတွေသာမက ပြည်သူအများ ပါဝင်ဆောင်ရွက်ကြိုးပမ်းမှသာလျှင် ပိုမိုအောင်မြင်မှာဖြစ်ပါတယ်။ ဒါကြောင့် ပြည်သူတစ်ဦးချင်းစီမှာလည်း တာဝန်ရှိပါတယ်။ လူတစ်ယောက်ချင်းစီက တာဝန်ရှိကြောင်း သိပါမှ တာဝန်သိမှာဖြစ်ပါတယ်။ တာဝန်သိမှသာလျှင် တာဝန်ယူနိုင်မှာဖြစ်ပြီး တာဝန်ယူနိုင်လျှင် တာဝန်ခံတတ်မှာဖြစ်လို့ ပြည်သူအများပါဝင်ဆောင်ရွက်ရေးဆိုတာအရေးပါကြောင်း ပြောလိုပါတယ်။ ပြည်သူက မွေးဖွားပေးလိုက်သော လူငယ်လူရွယ်များသည် တိုင်းပြည်ရဲ့အနာဂတ်အတွက် အရေးကြီးသောအစိတ်အပိုင်းမှာရှိနေပါတယ်။ ဘာကြောင့်လဲဆိုရင် တိုင်းပြည်ရဲ့အနာဂတ်ကို တစ်နေ့ကျရင် မလွဲမသွေ တာဝန်ယူ ဦးဆောင်သွားရမှာက လူငယ်တွေဖြစ်နေလို့ပါပဲ။

ဒါကြောင့် လူငယ်တွေဟာ လူ့ဘဝအစမှာ တာထွက်ကောင်းပါမှဘဝတစ်လျှောက်လုံး လမ်းကောင်း၊ လမ်းမှန်လျှောက်နိုင်ကြမှာဖြစ်ပါတယ်။ လူငယ်သဘာဝအရ အရာရာကို စူးစမ်းတတ်ကြပြီး အတုမြင် အတတ်သင်တတ်ကြပါတယ်။ ကောင်းသည်ဆိုးသည်၊ သင့်သည် မသင့်သည်တို့ကို ဂယနဏဝေဖန်စိစစ်နိုင်စွမ်းအားနည်းပြီး အရာရာကို ဟုတ်လိမ့်နိုးနိုး၊ မှန်လိမ့်နိုးနိုးဖြင့် မှတ်ယူလုပ်ကိုင်ကြ၍ လမ်းမှားရောက်သွားကြသော လူငယ်အဖြစ်သို့ မရောက်ရန်၊ မဖြစ်ရန် သတိရှိစွာဖြင့် ကိုယ့်ကိုယ်ကိုယ် ထိန်းသိမ်းရန် လိုအပ်ပါတယ်။

လူငယ်ဘဝတွင် ဆရာကောင်း၊ သမားကောင်းတို့ရဲ့ သွန်သင်ဆုံးမမှုနှင့်အတူ လမ်းကောင်းလျှောက် လမ်းမှန်လျှောက်နိုင်ရေးသည် အရေးကြီးဆုံးဖြစ်ပါတယ်။ လက်ဦးဆရာမည်ထိုက်စွာ ပုဗ္ဗာစရိယ မိနှင့်ဖဆိုသည့်အတိုင်း အမိအဖ၊ ဆရာသမားတို့က မိမိတို့သားသမီးများ၊ သားတပည့်များအား လိမ္မာရေးခြားရှိရေး၊ အပေါင်းအသင်းမမှားစေရေး၊ ဘာသာတရား ကိုင်းရှိုင်းရှိသေရေး စတဲ့ လောကရေးရာအဖြာဖြာတို့ကို သွန်သင်ဆုံးမ လမ်းညွှန်ပြသထိန်းကျောင်းပေးရမှာဖြစ်သလို သားသမီး၊ သားတပည့်များကလည်း လိုက်နာခံယူတတ်ဖို့လိုပါတယ်။ ဒါမှသာလျှင် လူငယ်များလမ်းမှားသို့ရောက်သွားခြင်းမှ ရှောင်ရှားနိုင်ကြမှာ ဖြစ်ပါတယ်။

ဒီမိုကရေစီနိုင်ငံ ဖော်ဆောင်ရာ၌ လူငယ်လူရွယ်များရဲ့ အခန်းကဏ္ဍများဟာ အရေးကြီးတဲ့ အခန်းကဏ္ဍမှာရှိပါတယ်။ **"ယနေ့လူငယ် နောင်ဝယ်လူကြီး"** ဟုဆိုသည့်အတိုင်း ယနေ့လူငယ်များသည် တိုင်းပြည်ရဲ့အနာဂတ်ခေါင်းဆောင်များဖြစ်ကြပါတယ်။ ဒါကြောင့် လူငယ်များအနေဖြင့် စွမ်းရည်ပြည့်ဝသော၊ အရည်အချင်းပြည့်ဝသော၊ ထူးချွန်ထက်မြက်သော လူငယ်လူရွယ်အဖြစ်မှ လူကောင်းလူတော်များဖြစ်ဖို့အတွက် ကိုယ့်ကိုယ်ကိုယ်ထိန်းကျောင်းတတ်ဖို့ဆိုတာ အထူးအရေးကြီးမှာ ဖြစ်ပါတယ်။


စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရာတွင် ဒီမိုကရေစီဖြစ်ထွန်းရှင်သန်ရေး၊ ဒီမိုကရေစီ ယဉ်ကျေးမှုထွန်းကားရေး၊ ပါတီစုံဒီမိုကရေစီစနစ် ခိုင်ခိုင်မာမာယုံကြည်လက်ခံကျင့်သုံးရေး၊ တရားမျှတမှုရှိရေး၊ လွတ်လပ်ပြီး ပွင့်လင်းမြင်သာမှုရှိရေး၊ ငြိမ်းချမ်းသာယာပြီး ဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံဖွံ့ဖြိုးတိုးတက်ပြီး ကမ္ဘာ့အလယ်မှာ ဝင့်ထည်စွာ ရပ်တည်နိုင်ရေးစတဲ့ ဒီမိုကရေစီဖော်ဆောင်ရေးလုပ်ငန်းစဉ်တွေမှာ လူငယ်များ ပိုမိုပါဝင်လုပ်ဆောင်လာဖို့ လိုအပ်ပါတယ်။ ပါဝင်လာဖို့ကိုလည်း အလေးအနက်ထားပြီး တိုက်တွန်းနှိုးဆော်ပါရစေ။

စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ရှင်သန်ဖွံ့ဖြိုးတိုးတက်နိုင်ရန် အတွက်လည်းကောင်း၊ ဒီမိုကရေစီနိုင်ငံတည်ဆောက်ရာတွင်လည်းကောင်း **"ဒီမိုကရေစီဖော်ဆောင်ရေး လူငယ်များဝိုင်းဝန်းဆောင်ရွက်ပေး"** ဟူသော ဆောင်ပုဒ်နှင့်အညီ မျိုးချစ်စိတ်ဓာတ်ထက်သန်ပြီး နိုင်ငံချစ်စိတ်ရှိသော၊ နိုင်ငံတော်အတွက်အားထားရမယ့် နိုင်ငံ့သားကောင်းရတနာအဖြစ်၊ ပိုမိုပီသသောလူငယ်များအဖြစ် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးကြပါရန် လေးစားစွာ တိုက်တွန်းနှိုးဆော်ခြင်းဖြင့် အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့ကို ဂုဏ်ပြုကြိုဆိုပါကြောင်း ပြောကြားရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။

## လားရှိုးမြို့နယ်၌ ဘိန်းဖြူ၊ စိတ်ကြွရူးသွပ်ဆေးပြားများနှင့် လက်နက်ခဲယမ်းများဖမ်းမိ

**နေပြည်တော် စက်တင်ဘာ ၂၁**

စက်တင်ဘာ ၁၆ ရက်က အမှတ်(၂၄) မူးယစ်တပ်ဖွဲ့စု လားရှိုးမူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှတပ်ဖွဲ့ဝင်များသည် နယ်မြေခံတပ်၊ နယ်မြေခံရဲတပ်ဖွဲ့တို့နှင့်ပူးပေါင်း၍ ဝမ့်မိုက်ကျေးရွာအနီး၌ ပိုင်ရှင်မဲ့ရပ်တန့်ထားသည့် တိုယိုတာခဲရောင်ယာဉ်ကိုရှာဖွေရာ ယာဉ်ရှေ့ခန်းတူးဘောက်အတွင်းနှင့် ယာဉ်နောက်ခန်းထိုင်ခုံပေါ်မှ ဘိန်းဖြူ ၃ ဒသမ ၂ ဂရမ်၊ M-22 ကျည်အိမ်တစ်ခု၊ M-16 ကျည်အိမ်အတိုနှစ်ခု၊ M-22 ကျည်နှစ်တောင့်၊ M-16 ကျည် ၄၈ တောင့်၊ ပစ္စတိုသေနတ်အိတ်တစ်ခု၊ မှန်ဘီလူးတစ်ခု၊ ချပ်ဝတ်တန်ဆာတစ်ခုတို့ကို ပိုင်ရှင်မဲ့သိမ်းဆည်းရမိခဲ့သည်။



ပိုင်ရှင်မဲ့ ဖမ်းဆီးရမိ ခဲယမ်းများနှင့် အိုက်နွန်း(ခ) လုံးလုံးအား ဖမ်းဆီးရမိ မူးယစ်ဆေးဝါး၊ ခဲယမ်းများနှင့်အတူ တွေ့ရစဉ်။

ဆက်လက်၍ ပူးပေါင်းအဖွဲ့သည် ဝမ့်မိုက်ကျေးရွာဘက်မှ ရေတံခွန်တောင်ဘက်သို့ လမ်းလျှောက်လာသူ အိုက်နွန်း(ခ) လုံးလုံးဆိုသူကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၅၀၊ ချပ်ဝတ်တန်ဆာတစ်ခု M-22 ကျည် ၁၀ တောင့်စီပါ ကျည်အိမ်သုံးခု စုစုပေါင်း အတောင့် ၃၀ ၊ Icon အမျိုးအစား စကားပြောစက်တစ်လုံးတို့ကို သိမ်းဆည်းရမိသဖြင့် အိုက်နွန်း(ခ) လုံးလုံး(၅၂ နှစ်) အား မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားရှိပြီး ပိုင်ရှင်မဲ့ဖမ်းဆီးရမိမှုနှင့် ပတ်သက်၍ ပြစ်မှုကျူးလွန်သူကို အမြန်ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## ဆေးခြောက်များ ဖမ်းဆီးရမိ

**သထုံ စက်တင်ဘာ ၂၁**

သထုံခရိုင် ရဲတပ်ဖွဲ့ မှုခင်းနှိမ်နင်းရေးဌာန အဖွဲ့ခေါင်းဆောင် ရဲအုပ်အောင်သူ ဦးစီးအဖွဲ့နှင့် ဒုရဲအုပ်ရွှေမင်း ဦးစီးအဖွဲ့တို့သည် စက်တင်ဘာ ၁၈ ရက် နံနက် ၅ နာရီခွဲက သက်သေများနှင့်အတူ ကင်မွန်းချောင်းသုသာန်အနီး စောင့်ဆိုင်းနေစဉ် ကျိုက်ထိုမြို့နယ် ငှက်ပျောတောကျေးရွာမှ ကင်မွန်းချောင်း ကျေးရွာဘက်သို့ နေထူး(ခ) မျိုးမျိုး (၂၄ နှစ်) မောင်းနှင်လာပြီး ကျော်သူရ (၁၉ နှစ်) နှင့် သီဟဇော်(၂၂ နှစ်) မောင်းနှင်လာသော DREAM အမျိုးအစား ခဲရောင်ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရာ ကျော်သူရ ဝတ်ဆင်ထားသော အင်္ကျီအိတ်ကပ်အတွင်းမှ ကျောင်းသုံးဗလာစာရွက်ဖြင့် ထုပ်ထားသော ဆေးခြောက်ဟုယူဆရသည့် အရွက်/ အရိုး/အစေ့ပါ အလေးချိန် တစ်ကျပ်သား (၁၆ ဂရမ်ခန့်)၊ သီဟဇော် ဝတ်ဆင်ထားသည့်ဘောင်းဘီတိုအတွင်း ဆေးခြောက်ဟုယူဆရသည့် အရွက်/ အရိုး/ အစေ့များပါ အလေးချိန် တစ်ကျပ်သား (၁၆ ဂရမ်) စုစုပေါင်း နှစ်ကျပ်သား (၃၂ ဂရမ်ခန့်) တွေ့ရှိသိမ်းဆည်းဖမ်းမိခဲ့သည်။

**နန္ဒကျော်စွာ(သထုံ)**

## ဘားအံမြို့နယ်နှင့် ပင်လောင်းတွင် စိတ်ကြွရူးသွပ်ဆေးပြား ၁၃၆ ပြား ဖမ်းဆီးရမိ

**နေပြည်တော် စက်တင်ဘာ ၂၁**

စက်တင်ဘာ ၁၈ ရက်က မူးယစ်တပ်ဖွဲ့စု(၃၁)ဘားအံမူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် ဘားအံမြို့နယ် နောင်ထလုံးကျေးရွာအုပ်စု ကောမူးသွေကျေးရွာနေ မနန်းမူးခလောင်းဆိုသူ၏နေအိမ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၃၄ ပြား သိမ်းဆည်းရမိပြီး စစ်ဆေးဖော်ထုတ်ချက်အရ ကော့တရုတ်ရကျေးရွာအုပ်စု ကော့ရမ်းသော်ကျေးရွာနေ စောအဒူဆိုသူ၏နေအိမ်ကိုရှာဖွေရာ ၎င်းလွှယ်ထားသည့် လွယ်အိတ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား နှစ်ပြား သိမ်းဆည်းရမိသဖြင့် မနန်းမူးခလောင်း (၃၀နှစ်)နှင့် စောအဒူ(၄၂ နှစ်)တို့ နှစ်ဦးကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားသည်။

**အရေးယူထား**

စက်တင်ဘာ ၁၉ ရက်က မူးယစ်တပ်ဖွဲ့စု(၂၆)ပင်လောင်း မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှတပ်ဖွဲ့ဝင်များသည် ပင်လောင်းမြို့နယ် နားမွန်း-နောင်ပီးကျေးရွာသွားလမ်းမပေါ်တွင် လုံကန်ကျေးရွာမှ နားမွန်းကျေးရွာသို့ ဆိုင်ကယ်စီးလာသူ ခွန်မောင်ငဲ ဆိုသူကို ရှာဖွေရာ ၎င်းလွယ်ထားသည့် ဘေးလွယ်အိတ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၃၈၅ ပြား သိမ်းဆည်းရမိသဖြင့် ခွန်မောင်ငဲ (၃၇ နှစ်)ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။


**(သတင်းစဉ်)**

## လောက်ကိုင်မြို့နယ်၌ စိတ်ကြွရူးသွပ်ဆေးပြားများဖမ်းမိ

**နေပြည်တော် စက်တင်ဘာ ၂၁**

စက်တင်ဘာ ၁၇ ရက်က အမှတ်(၂၁) မူးယစ်တပ်ဖွဲ့စု ကွမ်းလုံမူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် လောက်ကိုင်- ရန်လုံကျိုင်းသွားလမ်း ရန်လုံကျိုင်း အဝင်မုခ်ဦးအနီးတွင် လမ်းလျှောက်လာသူ ချွေဟိုင်ပေါ်ဆိုသူကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀ သိမ်းဆည်းရမိသဖြင့် ချွေဟိုင်ပေါ် (၂၃နှစ်)ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



ချွေဟိုင်ပေါ်အား ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

မူးယစ်အန္တရာယ် တို့ဝိုင်းဝန်းကာကွယ်



ဆောင်းပါးနှင့်ပြည်တွင်းသတင်း

# ကျွန်တော်နဲ့စီးပွားရေးတက္ကသိုလ်(၁)

## ပါမောက္ခ ဒေါက်တာအောင်ထွန်းသက်

၂၀၁၄ ခုနှစ် အောက်တိုဘာလထဲမှာ စီးပွားရေးတက္ကသိုလ် နှစ်(၅၀) မြောက် ရွှေရတုသဘင်အခမ်းအနားကို စည်စည်ကားကား၊ ခြိမ့်ခြိမ့်သဲသဲ ကျင်းပတော့မယ်။

ပြင်ဆင်မှုတွေမျိုးစုံကို စလုပ်နေကြပြီ။ ပြန်စဉ်းစားလိုက်ရင် ခဏလေးလိုပဲ။ ကျွန်တော်တက္ကသိုလ်ကို ၁၉၆၁ ခုနှစ်မှာရောက်တယ်။ ပထမနှစ်ကို သထုံက ဘီအိုစီကောလိပ် အဆောက်အအုံမှာတက်ရတယ် ။ ယူတဲ့ဘာသာတွဲက ဥပစာဝိဇ္ဇာ။ ဒါကြောင့် ယုတ္တိဗေဒ၊ သင်္ချာဗေဒနှင့် ဘောဂဗေဒဘာသာ၊ ဒီသုံးခုကို အထူးပြုခဲ့တာ။ အထက်တန်းကျောင်းတုန်းက သူငယ်ချင်းအများစုက ဥပစာသိပ္ပံအတန်းကို တက်ကြတယ်။ ဘီအိုစီကောလိပ်ရဲ့ တစ်ဖက်မှာရှိတဲ့ဟိုတုန်းက လိပ်ခုံးလို့ခေါ်တဲ့ အဆောက်အုံမှာတက်ကြတယ်။ ဥပစာဝိဇ္ဇာနှင့် ဥပစာသိပ္ပံအတန်းက နှစ်နှစ်တက်ရတာ။ ဒါပေမယ့် အဆက်အသွယ်တော့ အမြဲရှိတယ်။ တစ်ခါတလေ လိပ်ခုံးဘက်ကစာသင်ခန်းမှာ ကျောင်းတက်ရတယ်။ ကျွန်တော်ဒုတိယနှစ်ရောက်တော့ ၁၉၆၁ခုနှစ် ကျောင်းသား အရေးအခင်းနဲ့ ဆုံခဲ့ရတယ်။

ဥပစာအတန်းကို တက်နေကြတဲ့ ကျွန်တော်တို့က ချာတိတ်တွေ။ တက္ကသိုလ်ရိပ်သာလမ်းကြီးရဲ့ တစ်ဖက်မှာပဲ ကျောင်းတက်ရတယ်။ တခြားတစ်ဖက်မှာက အတန်းကြီးကျောင်းသားတွေတက်တဲ့ ဝိဇ္ဇာသိပ္ပံတန်းတွေ။ ဒါကြောင့် ကျောင်းသားသမဂ္ဂအဆောက်အအုံကို မကြာမကြာရောက်တယ်။ စားသောက်ဆိုင်ရှိလို့လည်း ရောက်ဖြစ်တယ်။ အတန်းကြီးတဲ့ ကျောင်းသူကျောင်းသားတွေနဲ့လည်း ဆုံဖြစ်တာပေါ့။ ဒုတိယနှစ်အောင်ပြီး တတိယနှစ်ရောက်တော့ ရောက်ချင်လှတဲ့ ပင်မတက္ကသိုလ်ဝင်းအတွင်းမှာ ကျောင်းတက်ရတယ်။ တတိယနှစ်မှာတော့ ဝါဏိဇ္ဇဝိဇ္ဇာသင်တန်းကို ယခင်က လူမှုရေးသိပ္ပံမဟာဌာနအဆောက်အုံမှာ တက်ရတာ။ တတိယနှစ်ကျောင်းသား ဖြစ်လာပြီမို့ ကိုယ့်ကိုယ်ကိုယ်တော့ ရင့်ကျက်တဲ့ကျောင်းသားကြီးတစ်ဦးအဖြစ်ခံယူခဲ့တာ။

**နောက်ဆုံးနှစ်ရောက်တော့ ကျွန်တော်တက်တဲ့ကျောင်းကို စီးပွားရေးတက္ကသိုလ်အဖြစ် သတ်မှတ်လိုက်တယ်။ ဒီတုန်းက ဆောင်ရွက်ခဲ့တဲ့ ပညာရေး ပြုပြင်ပြောင်းလဲမှုရဲ့ ရလဒ်တစ်ခုဖြစ်တယ်။ စီးပွားရေးတက္ကသိုလ်လို့ မြန်မာလိုခေါ်ပေမယ့် အင်္ဂလိပ်စကား ဝေါဟာရအရတော့ Institute of Economics အဖြစ် ခေါ်ဝေါ်သတ်မှတ်ကြတယ်။ Institute ဆိုတဲ့ အသုံးအနှုန်းက ယခင်ကရှိခဲ့တာမဟုတ်ဘူး။**

စီးပွားရေးတက္ကသိုလ်လိုပဲ စက်မှုတက္ကသိုလ်ကိုလည်း Institute အနေနဲ့လည်းကောင်း၊ ဆေးတက္ကသိုလ်ကိုလည်း Institute အဖြစ်လည်းကောင်း ပြောင်းလဲလိုက်ကြတယ်။ မြန်မာလိုမပြောင်းပေမယ့် အင်္ဂလိပ်အခေါ်အဝေါ်က လုံးဝပြောင်းလဲသွားတယ်။ ဒီအသုံးအနှုန်းဘယ်က ယူဆောင်လာသလဲဆိုတာကို ကြည့်လိုက်တော့ ကွန်မြူနစ်နိုင်ငံဖြစ်တဲ့ ရုရှားမှာ မော်စကိုတက္ကသိုလ်ရဲ့အောက်မှာ အခုလိုပဲ Institute လို့ခေါ်တဲ့ ပညာရေးဌာနတွေ ဖွင့်လှစ်တာသိရတယ်။ အင်မတန်မှ ဂုဏ်ရှိတဲ့အာရှတစ်လွှားမှာ နာမည်ကြီးလှတဲ့ ရန်ကုန်တက္ကသိုလ်ကိုလည်း ဝိဇ္ဇာနဲ့သိပ္ပံတက္ကသိုလ်လို့ အမည်ပြောင်းခဲ့တယ်။

ဒီပြောင်းလဲမှုတွေကြောင့်လည်း တက္ကသိုလ်ပညာရေးစနစ်ကြီးဟာ တစ်စနဲ့တစ်စ အားနည်းလာခဲ့တယ်။ ဝမ်းနည်းစရာကောင်းတာက ကျွန်တော်တို့နိုင်ငံမှာ ခိုင်မာတဲ့၊ တောင့်တင်းတဲ့ အဖွဲ့အစည်းတွေရှိခဲ့တာကို ထိန်းသိမ်းမယ့်အစား ထွင်ပြီးအစားထိုးမှုတွေကြောင့် မလိုအပ်တဲ့ဆိုးကျိုးတွေကို ခံစားခဲ့ရတာ။ ဒီပြောင်းလဲမှုတွေကြောင့် ကျွန်တော်ဘွဲ့ရတဲ့အခါ ရန်ကုန်တက္ကသိုလ်က ဘွဲ့ရတာမဟုတ်တော့ဘဲ စီးပွားရေးတက္ကသိုလ်က ဘွဲ့ရတာဖြစ်သွားတယ်။ ၁၉၆၅ ခုနှစ်ကဖြစ်ပါတယ်။

ဘွဲ့ရပြီးပြီးချင်း သူငယ်ချင်းတွေအများစုက အစိုးရဌာနတွေမှာ ပြန်တမ်းဝင်အရာရှိအဖြစ် အလုပ်ဝင်ကြတယ်။ တစ်လကျပ် ၃၅၀ ရကြတယ်။ ကျွန်တော်ကတော့ ဝါသနာကြောင့် စီးပွားရေးတက္ကသိုလ် ဝါဏိဇ္ဇဗေဒဌာနမှာပဲ နည်းပြအဖြစ် ၁၉၆၆ခုနှစ်မှာ တာဝန်ယူဆောင်ရွက်ခဲ့တယ်။ ဒီအချိန်ကစပြီး ကျွန်တော်ဟာ စီးပွားရေးတက္ကသိုလ်နဲ့ပိုပြီးရင်းနှီးလာခဲ့တယ်။ နည်းပြဆရာဖြစ်တာမို့ နည်းပြသင်တန်းတွေ တာဝန်ယူရတယ်။ ကျွန်တော့်ရဲ့အတန်းထဲမှာ ကျောင်းသား ၃၀ ကျော်ပဲရှိတယ်။ လူနည်းတာမို့ အားလုံးကို သိတယ်၊ ရင်းနှီးတယ်၊ ခင်မင်တယ်။ ပထမနှစ်၊ ဒုတိယနှစ်နဲ့ တတိယနှစ်အတန်းတွေမှာတာဝန်ယူရပြီး နည်းပြအတန်းမို့ တစ်ပတ်တစ်ခါ သင်ခန်းစာတွေကို အသေးစိတ်ရှင်းပြရတယ်။

ဒီတုန်းကတက္ကသိုလ်မှာ စာတစ်ခုတည်းမဟုတ်ဘဲ လှုပ်ရှားမှုမျိုးစုံရှိခဲ့တယ်။ အထူးသဖြင့်အားကစား၊ ကျောင်းသားဘဝတုန်းက နောက်ဆုံးနှစ်မှာ ကျွန်တော်ဘောလုံးကန်ဖြစ်တယ်။ စီးပွားရေးတက္ကသိုလ်ဘောလုံးအသင်းမှာ ပါဝင်ကစားခဲ့တယ်။ နည်းပြဆရာဖြစ်တော့ ကျွန်တော့်ကို ဆရာဖြစ်တဲ့ ဒေါက်တာဦးခင်မောင်ကြွယ်က အမွေတစ်ခုပေးတယ်။ ဒီတုန်းက သူက ဖွဲ့ကပင်အဆောင်မှူး၊ စီးပွားရေးတက္ကသိုလ်ခြေလျင်နဲ့ တောင်တက်အသင်းမှာ ဥက္ကဋ္ဌဖြစ်ပါတယ်။ ဆရာက ခင်ဗျားတာဝန်ယူပေးပါလို့ပြောတော့ ဝင်လုပ်ခဲ့တာ။ ခြေလျင်နဲ့တောင်တက်အသင်းမှာ လှုပ်ရှားမှုအနေနဲ့သုံးခုရှိတယ်။ တစ်ပတ်တစ်ခါ တနင်္ဂနွေမနက်တိုင်း စုပေါင်းလမ်းလျှောက်ပွဲတွေလုပ်တယ်။ အဆောင်နေ ကျောင်းသား ကျောင်းသူအများစုနဲ့ စုဝေးပြီး ရန်ကုန်ပတ်ဝန်းကျင်က စေတီဘုရားပုထိုးတွေ၊ ပန်းခြံတွေကို စုပေါင်းလမ်းလျှောက်ကြတယ်။ မင်္ဂလာဒုံအလွန် ကျိုက်ကလို့၊ ကျိုက်ကလော့၊ ငမိုးရိပ်ချောင်းအလွန် စေတီဘုရား၊ နာဂလိုဏ်ဂူအစုံရောက်ဖြစ်တယ်။ စည်းရုံးရေးကောင်းလို့ ထင်တယ်။ ကျွန်တော်တို့စုပေါင်း လမ်းလျှောက်ပွဲကြီးဟာ အတော်အောင်မြင်လာခဲ့တယ်။ အပတ်စဉ် ၃၀၀၊ ၄၀၀ လောက်ပါဝင်ကြတယ်။ စုပေါင်းလမ်းလျှောက်တဲ့သူတွေကို မနက်စာကျွေးတယ်။ အားကစားဖြစ်သလို လူမှုရေးလှုပ်ရှားမှုတစ်ရပ်လည်း ဖြစ်တယ်။

နောက်လှုပ်ရှားမှုကတော့ လမ်းလျှောက်ပြိုင်ပွဲတွေ တက္ကသိုလ်အလိုက် ယှဉ်ပြိုင်ရတာ။ လမ်းလျှောက်ပြိုင်ပွဲက လွယ်မယောင်နဲ့ ခက်ခဲတဲ့အားကစား

နောက်ဆုံးနှစ်ရောက်တော့ ကျွန်တော်တက်တဲ့ကျောင်းကို စီးပွားရေးတက္ကသိုလ်အဖြစ် သတ်မှတ်လိုက်တယ်။ ဒီတုန်းက ဆောင်ရွက်ခဲ့တဲ့ ပညာရေးပြုပြင်ပြောင်းလဲမှုရဲ့ ရလဒ်တစ်ခုဖြစ်တယ်။ စီးပွားရေးတက္ကသိုလ်လို့ မြန်မာလိုခေါ်ပေမယ့် အင်္ဂလိပ်စကားဝေါဟာရအရတော့ Institute of Economics အဖြစ် ခေါ်ဝေါ်သတ်မှတ်ကြတယ်။ Institute ဆိုတဲ့ အသုံးအနှုန်းက ယခင်ကရှိခဲ့တာမဟုတ်ဘူး။

နည်းတစ်ရပ်။ ကမ္ဘာ့အိုလံပစ်ပွဲတွေမှာ လမ်းလျှောက်ပြိုင်ပွဲပါဝင်ဖို့ အမြန်လမ်းလျှောက်တာနဲ့၊ ပြေးတာနဲ့ခွဲခြားဖို့အလွန်ခက်တာ။ လမ်းလျှောက်တာကို ပြေးတယ်လို့သတ်မှတ်ရင် ပန်းဝင်ပေမယ့် အပယ်ခံရတာ။ ဒါကြောင့် ဒိုင်လူကြီးက သိပ်စကားပြောတာ။

ကျွန်တော်က နိုင်ချင်တဲ့စိတ် သိပ်များတယ်။ ဒါကြောင့် စီးပွားရေးတက္ကသိုလ်လက်ရွေးစင်ကို ဆန်ခါတင်ရွေးပြီး အပြင်းအထန်လေ့ကျင့်ရတယ်။ မနက်အစောကြီး ပြိုင်ပွဲဝင်တွေစုပြီး ပြင်းပြင်းထန်ထန် လေ့ကျင့်တယ်။ ဒါကြောင့်လည်း တက္ကသိုလ်ပေါင်းစုံပြိုင်ပွဲမှာ ကျွန်တော်တို့ ရွှေတံဆိပ်အမြဲရတယ်။ ပြိုင်ဘက်ကတော့ ပညာရေးတက္ကသိုလ်နဲ့ ရန်ကုန်ဝိဇ္ဇာ သိပ္ပံတက္ကသိုလ်တို့ဖြစ်တယ်။

တတိယလှုပ်ရှားမှုက တောင်တက်ခြင်းဖြစ်တယ်။ ဟိုအချိန်က ခရီးထွက်နိုင်တဲ့နေရာက အကန့်အသတ်ရှိတယ်။ အခုခေတ်လို ဆီးနှင်းတောင်တွေတက်နိုင်တဲ့အခြေအနေမရှိခဲ့ဘူး။ ချင်းပြည်နယ်မှာရှိတဲ့ ဝိတိုရိယတောင်၊ တောင်ကြီးအနီးက ဆင်တောင်၊ အင်းလေး၊ ကလော၊ ပင်းတယ၊ ပုပ္ပားတောင်မကြီး။ အမှန်တော့ ခရီးကြမ်းထွက်တဲ့သဘောသာဖြစ်ပါတယ်။ ငပလီကိုလည်း လမ်းလျှောက်သွားခဲ့သေးတယ်။ ဧရာဝတီမြစ်ကို ကူးတို့နဲ့ခက်ခက်ခဲခဲကူးခဲ့ရတယ်။ ပင်ပန်းပေမယ့် ပျော်စရာတော့အကောင်းသား။

**ခရီးကြမ်းထွက်မှ တစ်ယောက်နဲ့တစ်ယောက် ပိုမိုရင်းနှီးခင်မင်သလို စိတ်နေသဘောထားအမှန်တွေကိုလည်း သိခဲ့ရတယ်။ ခရီးကြမ်းထွက်ပြီး ရလာတဲ့ ရင်းနှီးခင်မင်မှုတွေဟာ အခုထိ အမှတ်တရဖြစ်ရတဲ့ကိစ္စတွေဖြစ်ပါတယ်။ ကျွန်တော်က ကျောင်းသားတွေနဲ့ ရင်းနှီးတယ်၊ ခင်မင်တယ်။ သူတို့အတွက် ဘာမဆိုလုပ်ပေးဖို့ ဝန်မလေးခဲ့ဘူး။ စာမေးပွဲနီးလာရင် အဆောင်တွေမှာ စာတွေသင်ပေးတယ်။ အမှန်တော့ အဆောင်တွေမှာ အဆောင်နည်းပြတွေရှိတယ်။ သူတို့ရဲ့တာဝန်က အဆောင် ကျောင်းသား ကျောင်းသူတွေကို အနီးကပ်စာသင်ပေးဖို့ပါတယ်။**

ဒါပေမယ့် ကျွန်တော်က မိမိနဲ့ရင်းနှီးတဲ့ ကျောင်းသားတွေကိုစုပြီး အဆောင်မှာစာသင်ပေးတယ်။ အမျိုးသမီး အဆောင်ဖြစ်တဲ့ မာလာဆောင်မှာလည်း စာသင်ပေးတယ်။ ဒါကိုလည်း ပါမောက္ခချုပ်ကခွင့်ပြုတယ်။ ကျွန်တော့်ရဲ့ဝါသနာကိုသိလို့ အားပေးခဲ့တာဖြစ်တယ်။

ကျွန်တော့်ကို ဆရာတွေက မျက်စိကျလို့ထင်ပါရဲ့။ လူရည်ချွန်တွေကို ကြီးကြပ်ဖို့တာဝန်ပေးခဲ့တယ်။ ဒါကြောင့် ကျွန်တော်ဟာ ငပလီလူရည်ချွန်စခန်းမှာ ကြီးကြပ်သူအဖြစ်လိုက်ခဲ့ရတယ်။ ထူးချွန်တဲ့ ကျောင်းသားတွေနဲ့ ဆုံခဲ့ရတယ်။ စီးပွားရေးတက္ကသိုလ်လို့ပြောရင် အနုပညာအသင်းကို မေ့လို့မဖြစ်ပါဘူး။ ဒီတုန်းက အနုပညာအသင်းက အင်အားတောင့်တယ်။ စီးပွားရေးတက္ကသိုလ်ကထွက်တဲ့ အငြိမ့်ကနာမည်ကြီး။ သင်္ကြန်အခါရောက်တိုင်း လိပ်ခုံးကတက္ကသိုလ်မဏ္ဍပ်မှာသွားပြီး ကပြဖျော်ဖြေရတယ်။ ကျွန်တော်က ကြီးကြပ်သူအဖြစ် တာဝန်ယူရတယ်။ အခုနာမည်ကြီးတဲ့ ကိုမေတ္တာတို့၊ ကိုသစ္စာတို့ သူတို့ကိုအားကိုးခဲ့ရတာ။ ပန်းချီသင်တန်းကလည်း နာမည်ရတယ်။ ဒီတုန်းက ဆရာကြီးမြင့်စောက ပန်းချီအကျော်အမော်၊ ဆရာဦးသက်လွင်က အစ်ကိုတစ်ယောက်လို။ သူကသီချင်းရေး သီချင်းဆိုတဲ့သူ။

**စီးပွားရေးတက္ကသိုလ်မှာ ဆရာလုပ်ရင်း အနောက်တိုင်းလှေကို လှော်ဖြစ်တယ်။ ဒီတုန်းက သူငယ်ချင်း ဆရာလေးယောက် အနောက်တိုင်း လေးတက်လှေကိုလှော်ကာ ပြိုင်ပွဲတွေဝင်ခဲ့တယ်။ ဗိုလ်လုပွဲရောက်မှ ကျွန်တော့် သူငယ်ချင်းတစ်ယောက်ရဲ့ တက်ကျိုးခဲ့လို့ရှုံးခဲ့တာ။ ဒါပေမယ့် ဗိုလ်လုပွဲအထိ ရောက်ခဲ့တာမို့ ဆုတော့ ရလိုက်တယ်။**

စီးပွားရေးတက္ကသိုလ်နဲ့ ရင်းနှီးမှုကို ကာလအပိုင်းအခြားအနေနဲ့ နည်းပြဆရာစလုပ်တဲ့ ၁၉၆၆ခုနှစ်မှ နိုင်ငံခြားပညာတော်သင်အဖြစ် အင်္ဂလန်နိုင်ငံကိုသွားခဲ့တဲ့ ၁၉၇၁ခုနှစ် အထိ ငါးနှစ်ကာလ။ ပြီးတော့ နိုင်ငံခြား ပညာသင်ပြီး ပြန်ရောက်လာတဲ့ ၁၉၇၇ ခုနှစ်မှ ၁၉၈၉ခုနှစ်အထိ။ နိုင်ငံခြားမှာ အလုပ်လုပ်ပြီး ပြန်လာတဲ့ ၂၀၀၈ ခုနှစ်မှ ယခုအချိန်အထိ ပိုင်းခြားလို့ရနိုင်ပါတယ်။

၁၉၆၆ခုနှစ်မှ ၁၉၇၁ ခုနှစ်အထိ ကျွန်တော်ဟာ နည်းပြဆရာအဖြစ် တာဝန်ယူခဲ့တယ်။ တစ်ဖက်ကစာသင်ရင်း တစ်ဖက်ကအားကစားတွေလုပ်၊ တစ်ဖက်ကလည်း နိုင်ငံခြားပညာသင်သွားနိုင်ဖို့ ကြိုးစားခဲ့ရတယ်။ ကျွန်တော်က ဆရာတွေကို သိပ်အားကျခဲ့တယ်။ အထူးသဖြင့် ပါရဂူဘွဲ့ရတဲ့သူတွေကိုကြည့်ပြီး သူတို့လို ဘွဲ့ထူး ဂုဏ်ထူးတွေရချင်တယ်။ သူတို့ဝတ်ထားတဲ့ ဘွဲ့ဝတ်စုံတွေကို သိပ်သဘောကျတာ။ အထူးသဖြင့် ဆောင်းထားတဲ့ ဦးထုပ်က ခပ်ပြားပြား၊ ခပ်ပျော့ပျော့၊ ဝတ်ရုံကလည်းရောင်စုံ၊ နိုင်ငံခြားပညာတော်သင်ဖြစ်ဖို့ကလည်း သိပ်မလွယ်လှဘူးလေ။ ရတဲ့အခွင့်အရေးတွေက နည်းပြီး ယှဉ်ပြိုင်မှုကလည်း များလှတာ။ ဒါပေမယ့် ကံကောင်းလို့ ကျွန်တော်သွားချင်လှတဲ့ ဘိလပ်ကို ခြောက်နှစ်လောက် ပညာသင်ခွင့်ရခဲ့တယ်။ လိုချင်လှတဲ့ ဘိလပ်ပြန်ကြီးဖြစ်ခဲ့ရတယ်။



မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့ရှိ လူမှုထူးချွန်စာကြည့်တိုက်နှင့် စေတနာမွန်အခမဲ့ဆေးခန်းမှ လူမှုထူးချွန်ပညာရေးဖောင်ဒေးရှင်းကို ထူထောင်ကာ ပညာရည်ချွန်ဆုနှင့် ပညာသင်ထောက်ပံ့ကြေးများ ချီးမြှင့်ထောက်ပံ့ပေးလျက်ရှိရာ မြန်မာ့ရွှေဆောင်ဘဏ် (ရမည်းသင်းဘဏ်ခွဲ)မှ လူမှုထူးချွန်ပညာရေးဖောင်ဒေးရှင်း မတည်ရန်ပုံငွေအတွက် ငွေကျပ်သိန်း ၅၀ ကို စက်တင်ဘာ ၁၆ ရက်က ပေးအပ်လှူဒါန်းရာ ကော်မတီအဖွဲ့က လက်ခံယူစဉ်။

အတ်ကလေး(ရမည်းသင်း)

**စာပေမြင့်မှ လူမျိုးတင့်မည်**

## စာပေဗိမာန်စာပေဆု ဒုတိယဆုရစာအုပ်များ ဖြန့်ချိရောင်းချပေးလျက်ရှိ



စာပေဗိမာန်စာပေဆုပြိုင်ပွဲတွင် ဒုတိယဆုရရှိခဲ့သော စာမူများကို ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း၊ စာပေဗိမာန်က ထုတ်ဝေဖြန့်ချိရောင်းချပေးလျက်ရှိသည်။

အဆိုပါစာအုပ်များမှာ ၂၀၁၀ပြည့်နှစ် စာပေဗိမာန်စာမူဆု ဝတ္ထုတိုပေါင်းချုပ် ဒုတိယဆုရ မောင်မောင်မိုးအောင်၏ **“ခွေးသေခေါက်နှင့်အခြားဝတ္ထုတိုများ”**(ရောင်းဈေး-၆၀၀ ကျပ်)၊ ၂၀၁၁ခုနှစ် စာပေဗိမာန်စာမူဆု ကဗျာပေါင်းချုပ် ဒုတိယဆုရ အောင်သာဆန်း (သံတွဲ)၏**“တေးသီငှက်၏ ငြိမ်းငြိမ်းချမ်းချမ်းလန်းလန်းကြည်ကြည်ကဗျာစု”** (ရောင်းဈေး -၁၁၀၀ကျပ်)၊ ၂၀၁၁ ခုနှစ် စာပေဗိမာန်စာမူဆု သုတပဒေသာ (ဝိဇ္ဇာပညာရပ်) ဒုတိယဆုရ ကျော်လှဝင်း (ပညာရေး)၏ **“သူငယ်တန်းမြန်မာစာသင်ပြမှုနည်းပညာ”** (ရောင်းဈေး-၅၀၀ကျပ်)၊ ၂၀၁၁ ခုနှစ်စာပေဗိမာန်စာမူဆု သုတပဒေသာ (သိပ္ပံနှင့် အသုံးချသိပ္ပံပညာရပ်)ဒုတိယဆုရ ဦးသောင်းငွေ၏ **“လေထုရေထု မြေထုဤကမ္ဘာ”** (ရောင်းဈေး-၈၀၀ကျပ်)၊ ၂၀၁၂ ခုနှစ် စာပေဗိမာန်စာမူဆု သုတပဒေသာ (သိပ္ပံနှင့်အသုံးချသိပ္ပံ)ဒုတိယဆုရ အောင်စိုး(စိုက်ပျိုး/၁၀၇)၏**“သက်ရှည်ကျန်းမာချမ်းသာရေးအတွက် လူတိုင်းနေ့စဉ်စားသုံးရမည့် သီးနှံသုံးမျိုး ဖရဲသီး၊ သခွားမွေးသီးနှင့်နဂါးမောက်သီး”** (ရောင်းဈေး -၆၀၀ကျပ်)တို့ဖြစ်သည်။

အမှတ် (၅၂၉-၅၃၁) ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်ဆိုင် ဖုန်း- ၀၁-၂၄၉၀၃၁၊ ၀၁-၃၈၁၄၄၈ ၊ အမှတ်၊ (၂၄၅-၂၄၇)၊ အနော်ရထာလမ်းနှင့် ၉လမ်းထောင့် လမ်းမတော်မြို့နယ် ရန်ကုန်မြို့ရှိ စာပေဗိမာန်စာအုပ်ဆိုင်၊ အမှတ် (တ-၅၅) သပြေကုန်းဈေး နေပြည်တော်ရှိ စာပေဗိမာန်စာအုပ်ဆိုင် ဖုန်း-၀၆၇-၄၁၄၆၈၁ ၈၆ လမ်း၊ ၂၁လမ်းနှင့် ၂၂ လမ်းကြား မန္တလေးမြို့ရှိ စာပေဗိမာန်စာအုပ်ဆိုင် ဖုန်း-၀၂-၃၀၁၈၆ နှင့် အမြို့မြို့ရှိ စာပေဗိမာန် ကိုယ်စားလှယ်များထံတွင် ဆက်သွယ်ဝယ်ယူနိုင်ကြောင်းနှင့် လက်ကားမှာယူလိုပါက အမှတ် (၅၂၉-၅၃၁) ကုန်သည်လမ်းရှိ စာပေဗိမာန် အရောင်းဌာန ဖုန်း- ၀၁-၂၄၉၀၃၁၊ ၃၈၁၄၄၈ တို့သို့ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

ပြည်တွင်းသတင်း

# ဧရာဝတီမြစ်ဝှမ်း ဘက်စုံစီမံခန့်ခွဲမှုစီမံကိန်းအတွက် ပတ်ဝန်းကျင်နှင့်လူမှုရေးစီမံခန့်ခွဲမှုမူဘောင် မူကြမ်းဆွေးနွေးပွဲကျင်းပ

**ရန်ကုန် စက်တင်ဘာ ၂၁**

ကမ္ဘာ့ဘဏ်နှင့် ပူးပေါင်းဆောင်ရွက်မည့် ဧရာဝတီမြစ်ဝှမ်း ဘက်စုံစီမံခန့်ခွဲမှု စီမံကိန်းအတွက် ပတ်ဝန်းကျင်နှင့် လူမှုရေးစီမံခန့်ခွဲမှု မူဘောင်မူကြမ်း လူထုအကြံပြု ဆွေးနွေးပွဲကို စက်တင်ဘာ ၁၈ ရက်က ရန်ကုန်မြို့ မီကာဆာဟိုတယ်၌ ကျင်းပသည်။

လူထုအကြံပြု ဆွေးနွေးပွဲသို့ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ စီမံကိန်းတာဝန်ခံ ညွှန်ကြားရေးမှူး ဦးစိန်ထွန်းနှင့် တာဝန်ရှိသူများ၊ ကမ္ဘာ့ဘဏ်အဖွဲ့မှ ကိုယ်စားလှယ်များ၊ ဌာနအဖွဲ့အစည်းများနှင့် ပြည်တွင်းပြည်ပမှ အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးစိန်ထွန်းက စီမံကိန်း၏ ရည်ရွယ်ချက်များနှင့် ဌာနမှ ကမ္ဘာ့ဘဏ်၏ မူဝါဒနှင့်အညီ ပြုစုခဲ့သည့် ပတ်ဝန်းကျင်နှင့် လူမှုရေးစီမံခန့်ခွဲမှု မူဘောင်မူကြမ်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားရာတွင် စီမံကိန်းကို (၁)ဘက်စုံစီမံခန့်ခွဲမှုနှင့် ရာသီဥတုပြောင်းလဲခြင်း အကျိုးဆက်ကို ခံနိုင်ရည်ရှိစေရန် စီမံခန့်ခွဲရေး၊ (၂)ဧရာဝတီမြစ်ဝှမ်းနှင့် နိုင်ငံ၏ရေအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေး၊ (၃)ဧရာဝတီမြစ်ဝှမ်း ဘက်စုံစီမံခန့်ခွဲမှုဆောင်ရွက်ရန် လိုအပ်သောအဖွဲ့အစည်းများနှင့် အထောက်အကူပြုကိရိယာများ ဖွံ့ဖြိုးတိုးတက်ရေး၊ (၄) ရေကြောင်းသွားလာမှု၊ မိုး/ဇလဆိုင်ရာ အသိပေးဂရုပြုမှုနှင့် အကြံပြုခြင်းများကို တိုးတက်စေခြင်းဖြင့် နီးနွှယ်ရာ အသက်မွေးဝမ်းကျောင်းမှုများတွင် ကောင်းကျိုးသက်ရောက်မှုများ ရရှိစေရေးတို့အတွက် ဦးတည်ဆောင်ရွက်ခြင်း ဖြစ်ပါကြောင်း၊ စီမံကိန်းတွင် အပိုင်းသုံးပိုင်းပါဝင်ပြီး ရေအရင်းအမြစ် စီမံခန့်ခွဲမှုအဖွဲ့အစည်းများနှင့် အထောက်အကူပြုစနစ်များအတွက် စွမ်းဆောင်ရည်တည်ဆောက်ခြင်း၊ မိုး/ဇလ စောင့်ကြည့်အကဲခတ်ခြင်းနှင့် သတင်းအချက်အလက်စနစ်များ ခေတ်မီစေခြင်း၊ ဧရာဝတီမြစ်အတွင်း မန္တလေးမြို့မှ ရန်ကုန်မြို့အထိ ရေကြောင်းသွားလာမှု မြှင့်တင်ခြင်းတို့ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာသူများက ဧရာဝတီမြစ်ဝှမ်း ဘက်စုံစီမံခန့်ခွဲမှု စီမံကိန်းနှင့်ပတ်ဝန်းကျင်နှင့် လူမှုရေးစီမံခန့်ခွဲမှု မူဘောင်မူကြမ်းနှင့်ပတ်သက်၍ သိလိုသည်များကို မေးမြန်းကြပြီး မူဘောင်မူကြမ်းနှင့် ပတ်သက်၍ အကြံပြုဆွေးနွေးကြသည်။

ဧရာဝတီမြစ်ဝှမ်း ဘက်စုံစီမံခန့်ခွဲမှု လုပ်ငန်းနှင့်ပတ်သက်၍ ပူးပေါင်းဆောင်ရွက်ရန် ကမ္ဘာ့ဘဏ်မှ ၂၀၁၃ ခုနှစ် ဇူလိုင်လအတွင်းတွင် အဆိုပြုကမ်းလှမ်းခဲ့ပြီး ၂၀၁၃ ခုနှစ် အောက်တိုဘာလ ၁၂ ရက်မှ ၁၃ ရက်အထိ ကျင်းပသည့် အလုပ်ရုံဆွေးနွေးပွဲတွင်လည်း အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီ၏ ကျွမ်းကျင်သူ ပညာရှင်များအဖွဲ့နှင့် ကမ္ဘာ့ဘဏ် ကိုယ်စားလှယ်အဖွဲ့တို့သည် မြန်မာနိုင်ငံ၏ ရေအရင်းအမြစ်စီမံခန့်ခွဲမှု လုပ်ငန်းများ အရှိန်အဟုန်မြှင့် တိုးတက်ဆောင်ရွက်ရေးအတွက် အပြန်အလှန်ဆွေးနွေးခဲ့ကြသည်။ ဧရာဝတီမြစ်ဝှမ်းဘက်စုံစီမံခန့်ခွဲမှု စီမံကိန်းကို ကမ္ဘာ့ဘဏ်၏ ချေးငွေ ဒေါ်လာသန်း ၁၀၀ ဖြင့် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ စီမံကိန်းကို အကောင်အထည်ဖော်ရာတွင် လုပ်ငန်းများကို ပွင့်လင်းမြင်သာမှု ရှိစေရေးအတွက် အကြံပေးအဖွဲ့ အစည်းရွေးချယ်ခြင်း၊ လုပ်ငန်းသုံး ပစ္စည်းများပေးသွင်းသူများ ရွေးချယ်ခြင်း၊ လုပ်ငန်းအကောင်အထည်ဖော်မည့်အဖွဲ့အစည်းများ ရွေးချယ်ခြင်း တို့အတွက် တင်ဒါခေါ်ယူရွေးချယ် ဆောင်ရွက်သွားမည်ဖြစ်သည်။

စီမံကိန်းနှင့်ပတ်သက်၍ လူထု အကြံပြုဆွေးနွေးပွဲများကို ၂၀၁၄ ခုနှစ် မေ ၁၆ ရက်တွင် မန္တလေးမြို့၌ လည်းကောင်း၊ မေ ၁၉ ရက်တွင် ရန်ကုန်မြို့၌လည်းကောင်း ကျင်းပခဲ့ပြီး ရေနှင့် ဆက်နွှယ်သည့် ဌာနအဖွဲ့အစည်းများ၊ ပြည်တွင်း ပြည်ပမှ အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များ တက်ရောက် အကြံပြုဆွေးနွေးခဲ့ကြသည်။

ဧရာဝတီမြစ်ဝှမ်း ဘက်စုံစီမံခန့်ခွဲမှု စီမံကိန်းသည် ဧရာဝတီမြစ်ကို သာမက မြန်မာနိုင်ငံအတွင်းရှိ အခြားမြစ်ဝှမ်းများ၏ ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ရန်အတွက် အထောက်အကူပြုနိုင်မည့် အခြေခံကျသော လုပ်ငန်းဖြစ်ပြီး မြစ်ကြောင်းဘက်စုံစီမံခန့်ခွဲရေးနှင့် ပြုပြင်ထိန်းသိမ်းရေး လုပ်ငန်းများအတွက် ကနဦး စတင်ဆောင်ရွက်သင့်သည့် စီမံကိန်းတစ်ခု ဖြစ်သည်။ ဧရာဝတီမြစ်ကြောင်း ပြုပြင်ထိန်းသိမ်းရေးအတွက် အထက်တွင်ဖော်ပြခဲ့သော လုပ်ငန်းစဉ်များသည် မဖြစ်မနေဆောင်ရွက်သင့်သည့် လွန်စွာအရေးပါသော လုပ်ငန်းများ ဖြစ်သဖြင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သည်။

ပတ်ဝန်းကျင်နှင့် လူမှုရေးစီမံခန့်ခွဲမှု မူဘောင်မူကြမ်းဆိုင်ရာ လူထုအကြံပြုဆွေးနွေးပွဲကို စက်တင်ဘာ ၁၉ ရက်တွင် မန္တလေးမြို့၌ ဆက်လက်ကျင်းပခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ချောင်းရေတိုက်စား၍ ဈေးကွက်ဝင်ကညွတ်စိုက်ခင်းများပျက်စီး

**သတင်း-တင်မောင်လွင်**
**ဓာတ်ပုံ-မောင်လွင်(တပ်ကုန်း)**

**နေပြည်တော် စက်တင်ဘာ ၂၁**

မကြာသေးမီ ရက်ပိုင်းအတွင်းက ရွာသွန်းခဲ့သည့် မိုးများကြောင့် နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ် ခေတ်အေးအုပ်စု မယင်းကြီးကျေးရွာ အနောက်ဘက်ဆင်သေချောင်းဘေးရှိ ကညွတ်စိုက်ခင်းများ ချောင်းရေတိုက်စားပြီး ကမ်းပါးပြိုကျကာ ပျက်စီးမှုများဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)**

ပြည်ပဈေးကွက်ဝင် ကညွတ်စိုက်ပျိုးသည့် တောင်သူများအနေဖြင့် ချောင်းရေတိုက်စားပြီး ၎င်းတို့၏ ကညွတ်စိုက်ခင်းများ ရေနောက်မျောပါပျက်စီးမှုကြောင့် ယခင်ထက် အထွက်နှုန်းများ ပိုမိုလျော့ကျလာသည့်အပြင် လုပ်အားနှင့် အရင်းအနှီးများစွာ ဆုံးရှုံးမှုဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

ကညွတ်နှစ်ဧကကျော် စိုက်ပျိုးထားသည့် မယင်းကြီးကျေးရွာမှ ဒေသခံတစ်ဦးဖြစ်သည့် ကိုဝင်းနိုင်က "ကျွန်တော်တို့ ကညွတ်စိုက်တာ ကိုးလလောက်ရှိပါပြီ။ စုစုပေါင်းရင်းနှီး မြှုပ်နှံမှု ကုန်ကျစရိတ်က သိန်း ၇၀ လောက်ရှိပါတယ်။ ပြီးခဲ့တဲ့ရက်ပိုင်းတွေက ရွာတဲ့မိုးကြောင့် တစ်ဧကလောက်ရေနောက်ပါသွားတယ်။ ရေကမ်းလုံးပြည့်လာတာ နှစ်ကြိမ်ရှိပါပြီ။ ချောင်းရေလာတာများတော့ နှစ်နာရီအတောအတွင်း စိုက်ခင်းက ပေ၂၀ လောက်အထိ ကမ်းပါးပြိုကျမှုတွေ ဖြစ်ခဲ့တယ်။ ရေကာတာ နှစ်ခါရိုက်တာလည်း ရေကြီးတော့ အကုန်ပါသွားတယ်၊ အခုပျက်စီးသွားတဲ့တန်ဖိုးက ငွေကျပ်သိန်း ၃၀ လောက် ရှိသွားပါပြီ၊ အဲဒီလို ပျက်စီးတော့ ကညွတ်ပိဿာအချိန် ၁၀ ထွက်ကနေ လေးပိဿာအထိ အထွက်နှုန်းလျော့ကျခဲ့တယ်။ နောက်ထပ်ကြီးကြီးမားမား ရေဆက်လာရင် အကုန်ပါသွားနိုင်ပါတယ်" ဟု ပျက်စီးဆုံးရှုံးသွားသည့် အခြေအနေများနှင့် ပတ်သက်၍ မြန်မာ့အလင်းသို့ ပြောသည်။



ကညွတ်စိုက်သူများသည် အနီးရှိတပ်ကုန်း၊ ပျဉ်းမနား၊ နေပြည်တော် စသည့်မြို့များသို့ သွားရောက် ရောင်းချကြကြောင်း၊ မိုးတွင်းကာလတွင် ပေါများသည့် အချိန်ဖြစ်သောကြောင့် တစ်ပိဿာလျှင် အရွယ်အစားအလိုက် ငွေကျပ် ၁၀၀၀ မှ ၂၀၀၀ အထိ ရောင်းရကြောင်း၊ နွေပိုင်းနှင့်ဆောင်းပိုင်းအချိန်တွင် ငွေကျပ် ၃၀၀၀ မှ ၅၀၀၀ အထိ ရောင်းချရကြောင်း၊ ကညွတ်တစ်ဧကလျှင် အထွက်နှုန်း ပိဿာချိန် ၂၀ အထိ သတ်မှတ်ထားပြီး အပင်၏ သက်တမ်းမှာ ခြောက်နှစ်ခန့်ရှိကြောင်း သိရသည်။

# လမ်းဘေးညအိပ်မော်တော်ယာဉ်များမှ စက်သုံးဆီနှင့် အခြားပစ္စည်းများ ခိုးယူသူများကို ဖမ်းဆီး

**နေပြည်တော် စက်တင်ဘာ ၂၁**

နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ် ရန်ကုန်-မန္တလေးကားလမ်းမကြီးပေါ်တွင် ခရီးတစ်ထောက်နားပြီး ညအိပ်ကြသည့် ကုန်တင်ယာဉ်ကြီးများမှ စက်သုံးဆီနှင့် အခြားပစ္စည်းများကို ဖောက်ထွင်းခိုးယူမှုများ စက်တင်ဘာ ၁၅ ရက်ညက စတင်ပြီး ညစဉ် ညတိုင်းဖြစ်ပေါ်လျက်ရှိကြောင်း သတင်းများအရ နေပြည်တော်ကောင်စီ၏ညွှန်ကြားမှုဖြင့် ဇေယျာသီရိမြို့နယ်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြတ်သိန်းထွန်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဇော်ဝင်းရှိန်နှင့် ရဲစခန်းမှူးများ၊ တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ၊ ပြည်သူများပူးပေါင်း၍ ကျောက်ချက်ကျေးရွာအုပ်စုနှင့် ဇေယျာသီရိမြို့နယ်အတွင်း ရန်ကုန်-မန္တလေးကားလမ်းတစ်လျှောက်တွင် စက်တင်ဘာ ၁၆ ရက် ညပိုင်းကစတင်ကာ လှည့်ကင်း၊ ဝပ်ကင်းများဖြင့် လုံခြုံရေးဆောင်ရွက်ခဲ့ရာ စက်တင်ဘာ ၂၁ ရက် နံနက် ၃ နာရီခွဲတွင် ဇေယျာသီရိအားကစားကွင်းအနီး ရန်ကုန်-မန္တလေးလမ်းဟောင်းပေါ်၌ ညအိပ်ရန် ရပ်နားလျက်ရှိသော ၁၀ ဘီးယာဉ် သုံးစီးကို ဆီဖောက်ခိုးယူရန် ရောက်ရှိနေသည့် ဆိုင်ကယ်သုံးစီးနှင့် လူခုနစ်ဦးကို တွေ့ရှိသဖြင့် စစ်ဆေးစဉ် တာဝန်ရှိသူများအား ပြန်လည်ခုခံသဖြင့် ရဲတပ်ဖွဲ့နှင့် ပြည်သူများက ဝိုင်းဝန်းဖမ်းဆီးခဲ့ရာ လယ်ဝေးမြို့နယ် ကုလားရွာနေ ကိုဖြိုး(၂၂ နှစ်)နှင့် ဆိုင်ကယ်သုံးစီးကို ဝိုင်းဝန်းဖမ်းဆီးရမိခဲ့သည်။

၎င်းအား စစ်ဆေးချက်အရ ၁၀ ဂါလန် ဒီဇယ်တစ်ပုံးနှင့် ၁၀ ဂါလန်ပလတ်စတစ်ပုံးဖြင့် ဒီဇယ်နှစ်ဂါလန်ခန့်ပါ တစ်ပုံး၊ အရှည်ခုနစ်ပေခန့်ရှိ ပလတ်စတစ်ပိုက်ပျော့တစ်ချောင်းနှင့် အရှည် လက်မ ၂၀ ခန့်ရှိ သစ်သားဓား အိမ်တစ်ခုတို့ကို သိုဝှက်သိမ်းဆည်းထားသော လမ်းဘေးတစ်နေရာမှ ဖော်ထုတ်ဖမ်းဆီးရမိပြီး ဆက်လက်စစ်ဆေးချက်အရ အခင်းဖြစ်စဉ် ညစဉ်ညတိုင်း ကိုဖြိုးနှင့်အတူ ကုန်တင်ယာဉ်များမှ ဆီနှင့် အခြားပစ္စည်းများကို ခိုးယူကြသည့် အောင်အောင် ကုလားရွာ လယ်ဝေးမြို့နယ် နေသူအပါအဝင် ၁၃ ဦး၏ အမည်များကို ကိုဖြိုးက ဝန်ခံထွက်ဆိုခဲ့သည်။

ယင်းဖြစ်စဉ်နှင့်ပတ်သက်၍ ရွှေတွင်းကုန်းမြို့မရဲစခန်းက ဥပဒေအရ ကိုဖြိုးအား ဖမ်းဆီးထားပြီး ကျန်ရှိသောပြစ်မှုကျူးလွန်သူများအား ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကိုကိုရှပ(နေပြည်တော်)**

# အရှိန်ပြင်းစွာမောင်းနှင်လာသည့်ဆိုင်ကယ်နှစ်စီး ကျိုးနေသောတံတားပေါ်မှထိုးကျ၍ တစ်ဦးသေ၊ တစ်ဦးဒဏ်ရာရရှိ

**ကသာ စက်တင်ဘာ ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ကသာမြို့နယ် ကသာ-ဗန်းမော်ကားလမ်း ပေါမမြိုင်တံတားတွင် အရှိန်ပြင်းစွာ မောင်းနှင်လာသည့် ဆိုင်ကယ်နှစ်စီး ရေတိုက်စားမှုကြောင့် တံတားပျက်နေသည်ကို မသိဘဲ မောင်းနှင်လာရာမှ တံတားအောက် ချောင်းထဲသို့ ထိုးကျပြီး တစ်ဦးသေဆုံးကာ တစ်ဦးဒဏ်ရာရရှိသွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဒုရဲအုပ် သိန်းထွန်းမြင့်သည် ကသာမြို့မရဲစခန်းတွင် တာဝန်မှူးတာဝန် ဆောင်ရွက်နေစဉ် စက်တင်ဘာ ၁၉ ရက် ည ၁၀ နာရီခွဲက ကသာ-ဗန်းမော်ကားလမ်း မိုင်တိုင်အမှတ် ၂/၄ နှင့် ၂/၅ အကြားရှိ ပေါမမြိုင်တံတားပေါ်မှ ဆိုင်ကယ်နှင့်အတူ လူနှစ်ဦးချောင်းထဲသို့ ထိုးကျသွားကြောင်း သတင်းအရ ကသာမြို့မရဲစခန်းမှ ဒုတိယစခန်းမှူး ရဲအုပ်မင်းသန်းထိုက်၊ ရဲအုပ်သိန်းနိုင်၊ ဒုတပ်ကြပ် သက်ခိုင်၊ ရဲတပ်သား သန်းထွန်းအောင်တို့သည် သက်သေများနှင့်အတူ အခင်းဖြစ်အရပ်သို့ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။

အခင်းဖြစ်နေ့ညက ဟိန်းမောင် (၂၅ နှစ်) ကင်ပွန်းခါးရွာ ပခုက္ကူမြို့နယ်သည် ကျော်မင်းနိုင် (၂၀ နှစ်) မင်းလယ်ရွာ ကသာမြို့နယ်နေသူနှင့်အတူ ဆိုင်ကယ် တစ်ယောက်တစ်စီးစီ စီးပြီးလာစဉ် ရေတိုက်စားမှုကြောင့် ကျိုးကျနေသည့် ပေါမမြိုင်တံတားအရောက် ဖြတ်သန်းစဉ် ရှေ့မှမောင်းနှင်နေသူ ဟိန်းမောင်မှာ အရှိန်မထိန်းနိုင်ဘဲ ချောင်းထဲသို့ ထိုးကျသွားသည်ကို နောက်မှ လိုက်ပါလာသည့် ကျော်မင်းနိုင်က မြင်တွေ့သဖြင့် စီးလာသောဆိုင်ကယ်ကို ဘရိတ်အုပ်လိုက်သော်လည်း အရှိန်မထိန်းနိုင်ဘဲ တံတားပေါ်မှချောင်းထဲသို့ ထပ်မံပြုတ်ကျသွားခဲ့သည်။

ဆိုင်ကယ်နှစ်စီး ချောင်းထဲပြုတ်ကျမှုကြောင့် ဟိန်းမောင်မှာ သေဆုံးသွားခဲ့ပြီး ကျော်မင်းနိုင်မှာ ဒဏ်ရာများရရှိသွားခဲ့ကြောင်း စစ်ဆေးတွေ့ရှိရသည်။ အခင်းဖြစ်နေရာသို့ ပေါမမြိုင်ကျေးရွာ ရာအိမ်မှူး ဦးကျော်အေးနှင့် ရွာသူ ရွာသားများက ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးခဲ့ပြီး ပေါမမြိုင်တံတားအောက် ရေစီးသန်သည့် ချောင်းထဲသို့ ထိုးကျသွားသည့် ဆိုင်ကယ်နှစ်စီးကို ပြန်လည်ဆယ်ယူရရှိရေး ဆောင်ရွက်နေကြောင်း သိရသည်။

ဖြစ်စဉ်နှင့် ပတ်သက်၍ အရေးယူဆောင်ရွက်နိုင်ရေး စီစဉ်လျက်ရှိကြောင်း သိရသည်။ **ဦးရဲ(ကသာ)**

ဥပဒေဘောင်တွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ စိတ်ချမ်းသာ



ပြည်တွင်းသတင်း

# ဆိပ်ခံတံတား လွှဲပြောင်းပေးအပ်ပွဲကျင်းပ

**ရန်ကုန် စက်တင်ဘာ ၂၁**

စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၏ ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ်ရှိ သာကေတ ကမ်းလွန်အခြေစိုက်စခန်း၌ စက်တင်ဘာ ၂၀ ရက် ညနေပိုင်းက ကျင်းပသော Offshore Ferry terminal လွှဲပြောင်းပေးအပ်ပွဲနှင့် ဖွင့်ပွဲအခမ်းအနားသို့ စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဇေယျာအောင် တက်ရောက်ဖွင့်လှစ်ပေးသည်။

ရှေးဦးစွာ လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကို အခြေစိုက်စခန်းအစည်းအဝေးခန်းမ၌ ကျင်းပရာ စခန်းတာဝန်ခံ အထွေထွေမန်နေဂျာက ဆိပ်ခံတံတားတည်ဆောက်ခြင်းလုပ်ငန်းများကို ရှင်းလင်းတင်ပြ၍ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးက နှုတ်ခွန်းဆက်စကားပြောကြားပြီးနောက် Total E & P Myanmar ကုမ္ပဏီ အထွေထွေမန်နေဂျာက Offshore Ferry terminal နှင့်ပတ်သက်သော စာရွက်စာတမ်းများကို မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းမှ တာဝန်ရှိသူများထံသို့ လွှဲပြောင်းပေးအပ်ခဲ့သည်။

အဆိုပါ ဆိပ်ခံတံတားကို ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီလမှ စတင်တည်ဆောက်ခဲ့ရာ တည်ဆောက်ချိန်ကာလ ခြောက်လခန့် ကြာမြင့်ခဲ့သည်။ ဆိပ်ခံတံတား အလျား ၄၅ မီတာ၊ အကျယ် ၁၅ မီတာရှိပြီး American Bureau of shipping class ဖြင့် တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး ဆိပ်ခံကို Pile Guide System ဖြင့်ထိန်းချုပ်သည့်စနစ် အသုံးပြုတည်ဆောက်ခြင်းဖြစ်သည်။

ဆိပ်ခံတံတား တည်ဆောက်ခဲ့ခြင်းဖြင့် မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် အကျိုးတူပူးပေါင်း ဆောင်ရွက်လျက်ရှိသော ကုမ္ပဏီများမှ ကမ်းလွန်ရေနံလုပ်ကွက်များတွင် တာဝန်ထမ်းဆောင်သည့် ဝန်ထမ်းများ တာဝန်လဲလှယ်ရာတွင်လည်းကောင်း၊ အရေးပေါ်အထောက်အကူပြုပစ္စည်းများ ပို့ဆောင်ရာတွင်လည်းကောင်း၊ ယခင်က ရဟတ်ယာဉ်တစ်မျိုးတည်းကိုသာ မှီခိုအသုံးပြုရာမှ ယခုအခါ ဆိပ်ခံတံတားကို အသုံးပြု၍ ရေကြောင်းမှလည်း လွယ်ကူလုံခြုံစွာ ဆောင်ရွက်သွားနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**



**သာကေတကမ်းလွန်အခြေစိုက်စခန်း၌ တည်ဆောက်ပြီးစီးသော Offshore Ferry terminal အား တွေ့မြင်ရစဉ်။** (စွမ်းအင်)

# မြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲကြီးနှင့် ရတနာသိင်္ဂီအောင်လံလုပွဲကြီး စစ်ကိုင်းတွင် ကျင်းပမည်

**မန္တလေး စက်တင်ဘာ ၂၁**

မြန်မာနိုင်ငံ အားကစားဝန်ကြီးဌာနကြီးကြပ်မှုဖြင့် မြန်မာ့ရိုးရာအားကစားအဖွဲ့ချုပ်က ဦးဆောင်ညွှန်ကြားပြီး ဝါရင့်မြန်မာ့ရိုးရာ ပထမတန်း လက်ဝှေ့ကျော်ကြီး စစ်ကိုင်းကျောင်းသားနှင့် သားကျောင်းသားတို့ စီစဉ်တင်ဆက်သည့် မြန်မာ့ရိုးရာလက်ဝှေ့ အထူးစိန်ခေါ်ပွဲကြီးနှင့် ရတနာသိင်္ဂီ အောင်လံလုပွဲကြီးကို စစ်ကိုင်းမြို့ ဝေဠုဝန်ငါးထပ်ကြီး မြတ်စွာဘုရားပွဲတော် အောင်မင်္ဂလာလက်ဝှေ့ရုံ (ငါးထပ်ကြီးဘုရား)တွင် စက်တင်ဘာ ၂၇ ရက်မှ အောက်တိုဘာ ၁ ရက်ထိ ငါးရက်တိုင်တိုင် ကျင်းပမည်ဖြစ်သည်။ ပွဲစဉ်များကို နေ့စဉ် မွန်းလွဲ ၁ နာရီတွင် စတင်မည်ဟု သိရှိရသည်။

မြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲနှင့် အောင်လံလုပွဲများကို အားပါးတရ ကြည့်ရှုကြရမည်ဖြစ်သည်။ စိန်ခေါ်ပွဲတွဲဆိုင်းအချို့ကို ဖော်ပြရလျှင် MMA ရွှေခါးပတ်ချန်ပီယံ ဖိုးသားကြီး(မန္တလေး)နှင့် ဝင်းစိန်တောရ၊ အကောင်းဆုံး ရွှေအောင်လံဆုရှင် သပြေညို (ဘိလပ်မြေစက်ရုံ) နှင့် မိကသီလက်ဝှေ့အသင်း(ဘားအံ)၊ ၂၀၁၄ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် ရွှေတံဆိပ်ဆုရှင် ဒိန်း(မတ္တရာ)နှင့် ၂၀၁၄ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် ရွှေတံဆိပ်ဆုရှင် စိုင်းဝဏ္ဏ(စစ်ကိုင်း)၊ Sk(ကျားဖြူ)နှင့် မင်းနိုင်ထွန်း၊ လုံးချောလေးနှင့်မိကသီ အောင်တင်တို့အတွဲများ အပြင် စိန်ခေါ်ပွဲများ၊ အောင်လံလုပွဲများ ယှဉ်ပြိုင်ရန် ရိုးရာလက်ဝှေ့ကျော် ၄၀ ခန့် ပါဝင်ထိုးသတ်မည်ဟုသိရှိရသည်။

ဖိုးသားကြီး (မန္တလေး)သည် ရိုးရာလက်ဝှေ့ကျော် ဖိုးကေ၏အစ်ကိုဖြစ်ပြီး သပြေညိုသည် နယ်စပ်လက်ဝှေ့ကျော်များနှင့် ထိုင်းလက်ဝှေ့ကျော်များကို အလဲထိုးပြီး မြန်မာ့ဂုဏ်ကို ဆောင်သူတစ်ဦးဖြစ်သည်။

ပွဲစီစဉ်သူ စစ်ကိုင်းကျောင်းသားနှင့်သားကျောင်းသားတို့က ပွဲကြီးပွဲကောင်းများကို စီစဉ်ထားသည်ဟု ပြောသည်။ ရုံဝင်ကြေး ငွေကျပ် ၅၀၀၀၊ ၃၀၀၀၊ ၂၀၀၀ ဖြစ်ပြီး မန္တလေးပရိသတ်အတွက် ကီးမား ဦးတင်ဝင်း ဖုန်း-၀၉-၂၀၀၅၁၁၀ နှင့် ကိုမောင်လှိုင် ဖုန်း-၀၉-၂၄၅၀၂၈၈ တို့ထံဝယ်ယူနိုင်သည်ဟု သိရှိရသည်။







**ခင်ခင်ဝင်း(ပညာရေး)**

# ပြည်ထဲရေးဝန်ကြီးဌာန တံခွန်စိုက်ဒိုင်းဘော်လီဘောပြိုင်ပွဲကျင်းပ

**နေပြည်တော် စက်တင်ဘာ ၂၁**

(၁၆)ကြိမ်မြောက် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး တံခွန်စိုက်ဒိုင်း ဘော်လီဘောပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိ အားကစားပြိုင်ကွင်းအတွင်းရှိ Indoor Stadium ၌ ကျင်းပရာ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ကျော်ထွန်း တက်ရောက် အမှာစကားပြောကြားသည်။

ပြိုင်ပွဲတွင် ပြည်ထဲရေးဝန်ကြီးဌာနရှိ တပ်ဖွဲ့နှင့် ဦးစီးဌာနများမှ အမျိုးသား ဘော်လီဘောအသင်း ခြောက်သင်းနှင့် အမျိုးသမီး ဘော်လီဘောအသင်း ငါးသင်း ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး အမျိုးသား/အမျိုးသမီး ဘော်လီဘောအသင်း ပထမ၊ ဒုတိယ၊ တတိယဆုများနှင့် အမျိုးသား/အမျိုးသမီး တစ်ဦးချင်းပင့်ထောင်ဆု၊ ရိုက်ခုတ်ဆုနှင့် ပိတ်ဆို့ဆုများကို ပေးအပ်ချီးမြှင့်သွားမည်ဖြစ်သည်။

ပြိုင်ပွဲပထမနေ့အဖြစ် အမျိုးသား ဘော်လီဘောပြိုင်ပွဲတွင် အကျဉ်းဦးစီးဌာနနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်(ခ)အသင်း၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဌာနချုပ် (က)အသင်း၊ အမျိုးသမီး ဘော်လီဘောပြိုင်ပွဲတွင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် အထူးစုံစမ်းစစ်ဆေးရေး ဦးစီးဌာနအသင်း၊ မီးသတ်ဦးစီးဌာနနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်အသင်းတို့ ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး ပြိုင်ပွဲကို စက်တင်ဘာ ၂၁ ရက်မှ ၂၆ ရက်ထိ ကျင်းပမည်ဖြစ်သည်။

**(သတင်းစဉ်)**

# အများပြည်သူသိရှိရန် "မှတ်ပုံတင်ထားခြင်းမရှိသောဆေးဝါးများ" အသိပေးနှိုးဆော်ချက်

၁။ ကျန်းမာရေးဝန်ကြီးဌာနသည် အရည်အသွေးစစ်မှန်ကောင်းမွန်ပြီး ဘေးဥပဒ်အန္တရာယ်ကင်းရှင်းကာ အကျိုးအာနိသင်ရှိသောဆေးဝါးများကို အများပြည်သူတို့သုံးစွဲနိုင်ရန် စနစ်တကျ ကွပ်ကဲကြပ်မတ်လျက်ရှိပါသည်။

၂။ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဌာနအနေဖြင့် ဈေးကွက်အတွင်းရှိ ဆေးဝါးများကို စိစစ်ခဲ့ရာ အောက်ဖော်ပြပါ ဆေးဝါး(၅)မျိုးသည် မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားခြင်းမရှိသော တရားမဝင်ဆေးဝါးများဖြစ်ကြောင်း စိစစ်တွေ့ရှိရပါသည်။

| စဉ် | ဆေးအမည် | ထုတ်လုပ်သည့်ကုမ္ပဏီ/နိုင်ငံ |
|---|---|---|
| ၁။ | Chloroquine Tablet (Chloroquine Phosphate 250 mg) | Acdhon Co., Ltd.Thailand |
| ၂။ | Dexamethasone 0.5 mg Tablet | Asian Union Laboratories Co.,Ltd. Thailand . |
| ၃။ | Nifedipine 10 mg Tablet | Lin Fen Bao Zhu Pharmaceutical Co., Ltd. (ထုတ်လုပ်သည့်နိုင်ငံမဖော်ပြထားပါ) |
| ၄။ | Chloramphenicol IP 250 mg Capsule | Maxtar Bio -Genics, India |
| ၅။ | Lasix Tablet (Frusemide Ip 40 mg) | Aventis Pharma Ltd., India. |

၃။ အများပြည်သူများသည် မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားခြင်းမရှိသော ဆေးဝါးများကိုဝယ်ယူသုံးစွဲခြင်း မပြုကြရန်နှင့် မြန်မာနိုင်ငံတွင် မှတ်ပုံတင်ရရှိထားသောဆေးဝါးများကို ဆရာဝန်ညွှန်ကြားချက်ဖြင့် ဝယ်ယူသုံးစွဲပါရန် အသိပေးအပ်ပါသည်။ ထို့အပြင် ပြည်သူ့ကျန်းမာရေးအတွက် စောင့်ရှောက်မှုဆောင်ရွက်ပေးသူများအနေဖြင့် မိမိတို့သုံးစွဲနေသည့် ဆေးဝါးများနှင့်ပတ်သက်၍ သံသယဖြစ်ဖွယ် တစ်စုံတစ်ရာရှိပါက သတင်းပေးပို့အကြောင်းကြားနိုင်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

၄။ ဆေးဝါးတင်သွင်းဖြန့်ဖြူးသည့် ကုမ္ပဏီ၊ ဆေးဝါးရောင်းချသည့် ဆေးဆိုင်များသည် မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားခြင်းမရှိသောဆေးဝါးများ၊ ဆေးဝါးအတု၊ စံမညီဆေးဝါးများ တင်သွင်းဖြန့်ဖြူးရောင်းချခြင်း လုံးဝ (လုံးဝ) မပြုလုပ်ရန်နှင့် လိုက်နာဆောင်ရွက်ခြင်းမရှိပါက သက်ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းက အမျိုးသားဆေးဝါးဥပဒေပုဒ်မ (၁၈)အရ တရားစွဲဆို အရေးယူမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။ **ကျန်းမာရေးဝန်ကြီးဌာန**

# ပခုက္ကူမြို့နယ် မြစ်ခြေကျေးရွာတွင် အမျိုးသမီးနှစ်ဦး စကားများရန်ဖြစ်ရာမှ ပတ်ဝန်းကျင်ရှိ လူအုပ်စုများပါ ပါဝင်လာပြီး နေအိမ်နှင့် ဈေးဆိုင်ခန်းအတွင်းရှိ ပစ္စည်းအချို့ ဖျက်ဆီးမှုများဖြစ်ပွား နယ်မြေတည်ငြိမ်အေးချမ်းရေးအတွက် ပူးပေါင်းဆောင်ရွက်လျက်ရှိ

**ပခုက္ကူ စက်တင်ဘာ ၂၁**

ပခုက္ကူမြို့နယ် မြစ်ခြေကျေးရွာ၌ စက်တင်ဘာ ၂၀ ရက် ညပိုင်းက အမျိုးသမီး နှစ်ဦးစကားများ ရန်ဖြစ်ရာမှ ပတ်ဝန်းကျင်ရှိလူအုပ်စုများပါ ပါဝင်လာပြီး နေအိမ်နှင့် ဈေးဆိုင်ခန်းများအတွင်းရှိ ပစ္စည်းအချို့ ဖျက်ဆီးမှုများ ဖြစ်ပွားခဲ့ကြောင်း၊ နယ်မြေတည်ငြိမ် အေးချမ်းရေးအတွက် တာဝန်ရှိသူများက ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

စက်တင်ဘာ ၂၀ ရက် ည ၇ နာရီ မိနစ် ၂၀ ခန့်က မြစ်ခြေကျေးရွာ၌ အကြွေးတောင်းရာမှ အမျိုးသမီးနှစ်ဦး အပြန်အလှန်စကားများပြီး တစ်ဖက်မှ ခင်ပွန်းဖြစ်သူကပါ ဝင်ရောက်ရိုက်နှက်ခဲ့၍ အမျိုးသမီးတစ်ဦးမှာ ဒဏ်ရာများ ရရှိခဲ့သဖြင့် ည ၈ နာရီခန့်တွင် မြစ်ခြေတိုက်နယ်ဆေးရုံသို့ သွားရောက်ကုသမှုခံယူခဲ့ရကြောင်း သိရသည်။

ည ၉ နာရီခွဲခန့်တွင် ဒဏ်ရာရရှိသူ အမျိုးသမီး၏ ဆွေမျိုးမောင်နှမများနှင့် ပတ်ဝန်းကျင်ကျေးရွာမှ ရွာသူရွာသားများ မြစ်ခြေကျေးရွာသို့ စုရုံးရောက်ရှိလာပြီး ဘာသာရေးအဆောက်အအုံသစ်တစ်ခုနှင့် ဈေးဆိုင်ခန်းကို ဖျက်ဆီးရန် ကြိုးစားခဲ့ကြသဖြင့် ပခုက္ကူခရိုင် ရဲတပ်ဖွဲ့မှူး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ ပခုက္ကူမြို့မရဲစခန်းမှူးနှင့် ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ရပ်မိရပ်ဖများ ပူးပေါင်း၍ အဆိုပါကျေးရွာသို့ သွားရောက်ပြီး ကျေးရွာရပ်မိရပ်ဖများ၊ သံဃာတော်များ၊ ဘာသာရေးခေါင်းဆောင်များနှင့် ညှိနှိုင်းထိန်းသိမ်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

တာဝန်ရှိသူများက မြို့မိ မြို့ဖများ၊ သံဃာတော်များ၊ ဘာသာရေးခေါင်းဆောင်များနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊ လုံခြုံရေးဆောင်ရွက်ထားခြင်းတို့ကြောင့် ယခုအခါ နယ်မြေအခြေအနေမှာ တည်ငြိမ်အေးချမ်းလျက်ရှိကြောင်း၊ အမျိုးသမီးအား ဒဏ်ရာရရှိအောင် ရိုက်နှက်ခဲ့သူ လင်မယားနှစ်ဦးကို မြစ်ခြေကျေးရွာရဲစခန်းက အမှုဖွင့်ထားကြောင်း ပြည်ထဲရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။

**(သတင်းစဉ်)**

# သဘာဝဘေးအန္တရာယ် အသိပေးကြေညာ

**ထီးချိုင့် စက်တင်ဘာ ၂၁**

ထီးချိုင့်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် မြို့နယ်စီမံခန့်ခွဲမှုကော်မတီ၊ မြို့နယ်မီးသတ်တပ်ဖွဲ့၊ မော်တော်ယာဉ်အသင်းများ၏ ပူးပေါင်းကူညီမှုဖြင့် ဧရာဝတီမြစ်နှင့် မဲဇာမြစ်ကမ်းနံဘေးဝဲယာရှိ ကျေးရွာများတွင် နေထိုင်ကြသော ပြည်သူများအား မိုးလေဝသအခြေအနေနှင့် မြစ်ရေကြီးမှု သဘာဝဘေးအန္တရာယ် အသိပေးကြေညာခြင်းကို စက်တင်ဘာ ၂၀ ရက် နံနက် ၁၀ နာရီက ဧရာဝတီမြစ်ကမ်းတစ်လျှောက်နှင့် မဲဇာမြစ်ကမ်းတစ်လျှောက်တို့တွင် ပြုလုပ်ဆောင် ရွက်ခဲ့သည်။

**စောကလျာ(ထီးချိုင့်)**

# ဘုရင့်နောင်တံတားအမှတ်(၂)မှ ပြုတ်ကျသည့်လုပ်သားကို သေဆုံးလျက်တွေ့ရှိ

**ရန်ကုန် စက်တင်ဘာ ၂၁**

ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်နှင့် လှိုင်သာယာမြို့နယ်ဆက်သွယ် တည်ဆောက်လျက်ရှိသော ဘုရင့်နောင်တံတားအမှတ်(၂) တည်ဆောက်ရေးစီမံကိန်း ပင်မမြစ်ကူးတံတား သံပေါင်တပ်ဆင်နေသော ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် ပဲနွယ်ကုန်းကျေးရွာနေ မောင်ကြည်ဝေထွန်း(၁၉ နှစ်)သည် RP-3 နှင့် RP-4 ကြားမှ ခြေချော်ကျပြီး တံတားသံပေါင်အောက်ခြေနှင့် ရိုက်မိကာ စက်တင်ဘာ ၁၉ ရက် နံနက် ၆ နာရီ ၁၅ မိနစ်က မြစ်အတွင်း ပြုတ်ကျသွားခဲ့သည်။ (သတင်းဖော်ပြပြီး) အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ စီမံကိန်းတာဝန်ခံများက စက်လှေသုံးစင်းဖြင့် ပိုက်စိပ်တိုက် လိုက်လံရှာဖွေခဲ့ရာ စက်တင်ဘာ ၂၁ ရက် နံနက် ၆ နာရီက မရမ်းကုန်းမြို့နယ် အမှတ်(၁) ရပ်ကွက် ဘုရင့်နောင်တံတားအမှတ်(၂) တည်ဆောက်ရေးလုပ်ငန်းခွင်အနီး မြစ်ကမ်းစပ်တွင် ဒဏ်ရာများဖြင့် သေဆုံးနေသူ ကြည်ဝေထွန်းကို တွေ့ရှိသဖြင့် မြောက်ဥက္ကလာပဆေးရုံသို့ ပို့ဆောင်ပြီး ဓမ္မတာအတိုင်း သေဆုံးခြင်း ဟုတ်/မဟုတ် အလောင်းကို PR-21 ဖြင့် သေမှုသေခင်းဖွင့်ကာ ဘုရင့်နောင်နယ်မြေ ရဲတပ်ဖွဲ့စခန်း စခန်းမှူး ရဲအုပ်သန်းဝင်းက စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**(ဝ၁၅)**

❋ ရှေ့ဖုံးမှ

မည်ဟု ယုံကြည်ကြောင်း လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီက ပြောကြားသည်။

ထို့အပြင် ပြည်တွင်းငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ၌ မျိုးဆက်သစ်လူငယ်များ တက်ကြွစွာပါဝင်လာသည့်အတွက် အားရကျေနပ်မှုရှိပြီး အစိုးရနှင့် တိုင်းရင်းသား လက်နက်ကိုင်များအကြား အပစ်အခတ်ရပ်စဲကာ အမြန်ဆုံးပူးပေါင်း သဘောတူညီမှုများ ချမှတ်နိုင်မည်ဖြစ်ကြောင်း သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းက ပြောကြားသည်။

"ပြည်သူတွေ ငြိမ်းချမ်းရေးရဖို့အတွက် ကျွန်တော်တို့အားလုံးမှာ တာဝန်ရှိပါတယ်။ ဒီနေ့ကစပြီး စက်တင်ဘာ ၂၅ ရက်အထိ ပြည်ထောင်စုငြိမ်းချမ်းရေး ဖော်ဆောင်ရေးလုပ်ငန်းကော်မတီ(UPWC)နဲ့ နိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲရေးညှိနှိုင်းရေးအဖွဲ့ (NCCT) တို့ ဆွေးနွေးပွဲတွေ စတင်မှာ ဖြစ်ပါတယ်။ အပစ်အခတ် ရပ်စဲရေးစာချုပ်ပါ အချက်ငါးချက်ကို အဓိက ဆွေးနွေးသွားမှာ ဖြစ်ပါတယ်" ဟု ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းက ပြောကြားသည်။

အဆိုပါအခမ်းအနားတွင် ငြိမ်းချမ်းရေးဆွေးနွေးပွဲ စကားဝိုင်းအစီအစဉ်ကို ထည့်သွင်းကျင်းပခဲ့ပြီး ချင်းအမျိုးသား ဒီမိုကရက်တစ်ပါတီဥက္ကဋ္ဌ ဦးဇိုဇမ်၊ ဒီမိုကရက်တစ်ပါတီ(မြန်မာ)မှ အထွေထွေ အတွင်းရေးမှူးချုပ် ဒေါ်သန်းသန်းနု၊ စာရေးဆရာ ဦးကျော်ဝင်းနှင့် ဦးအေးမောင်ကျော်တို့က ဦးဆောင်ဆွေးနွေးခဲ့သည်။

"ကျွန်တော်တို့ဆောင်ပုဒ်ဖြစ်တဲ့ ငြိမ်းချမ်းရေးကနေ ညီညွတ်ခြင်းဆီဆိုတဲ့အတိုင်း ပဋိပက္ခတွေအားလုံး ချုပ်ငြိမ်းပြီး ညီညွတ်စေလိုပါတယ်" ဟု ဆွေးနွေးပွဲအတွင်း ဦးဆောင်ဆွေးနွေးသူတစ်ဦးက ပြောကြားသည်။

ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ နိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲရေး ညှိနှိုင်းရေးအဖွဲ့ (NCCT) အဖွဲ့ဝင် ပဒိုစောကွယ်ထူးဝင်းကလည်း ဆွေးနွေးပွဲများအား အတူတကွ သဘောတူညှိနှိုင်းကာ အောင်မြင်စွာအဆုံးသတ်နိုင်မည်ဟု ယုံကြည်ကြောင်း ပြောကြားသည်။

အပြည်ပြည်ဆိုင်ရာငြိမ်းချမ်းရေးနေ့ အခမ်းအနားများကို ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ ဘားအံနှင့် လားရှိုးမြို့များ၌ ကျင်းပကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

## နိုင်ငံတကာငြိမ်းချမ်းရေးနှင့်လုံခြုံရေးကိုခြိမ်းခြောက်လာသော အီဘိုလာရောဂါကူးစက်ပျံ့နှံ့

**ဒေါက်တာ သာစိန်**

ဆီယာရာလီယွန်၊ ဂီနီနှင့်လိုက်ဘေးရီးယားအပါအဝင် အနောက်အာဖရိကနိုင်ငံ၌ အီဘိုလာရောဂါကူးစက်ခံရသူ ၅၃၅၇ ဦးရှိပြီး ၂၆၃၀ သေဆုံးသွားခဲ့ပြီးဖြစ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ သောကြာနေ့က ထုတ်ပြန်လိုက်သည့်အပေါ် အီဘိုလာရောဂါတိုက်ဖျက်ရေးတွင် အဓိကအခန်းကဏ္ဍတွင်ပါဝင်သော ကုလသမဂ္ဂအဖွဲ့က ယခုအခါ အီဘိုလာရောဂါသည် နိုင်ငံတကာငြိမ်းချမ်းရေးနှင့်လုံခြုံရေး၏ အန္တရာယ်တစ်ရပ်ဖြစ်နေပြီဖြစ်ကြောင်း ထုတ်ဖော်ပြောကြားသည်။

သောကြာနေ့က ပြုလုပ်သော ကုလသမဂ္ဂအထွေထွေညီလာခံတွင် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဘန်ကီမွန်းက အီဘိုလာရောဂါကူးစက်ပြန့်ပွားနေချိန်တွင် အမှန်တရားတစ်ရပ်ပေါ်ပေါက်လာမည်ဖြစ်ကြောင်း၊ အီဘိုလာရောဂါသည်မည်သူမဆို ဒုက္ခပေးနိုင်တဲ့အတွက် အီဘိုလာရောဂါတိုက်ဖျက်ရေးတွင် လူတိုင်းတာဝန်ကိုယ်စီရှိပါကြောင်း ပြောကြားသည်။

ထို့အတူ ကမ္ဘာ့ကျန်းမာရေးအကြီးအကဲ ဖြစ်သူ ဒေါက်တာမာဂရက်ချန်က အီဘိုလာရောဂါပိုးကူးစက်ပျံ့နှံ့မှုကို ရပ်တန့်ရန်ကျွမ်းကျင်သည့်ဆေးဝန်ထမ်းများ ပို၍ လိုအပ်နေကြောင်း၊ ရောဂါပိုးထိန်းချုပ်ရန်ဖို့ ကြိုးပမ်းကြသော တာဝန်ရှိသူများသည်လည်း အကာအကွယ်ယူတဲ့ ဝတ်စုံများ၊ ရွှေ့ပြောင်းနိုင်သည့် စမ်းသပ်ခန်းများ၊ ရုပ်လောင်းထည့်တဲ့အိတ်များစသည့် ပစ္စည်းတော်တော်များများမှာ ပြတ်တောက်ကုန်ပြီဖြစ်ကြောင်း သတင်းထောက်များကို ပြောကြားသည်။

အီဘိုလာကူးစက်မှုအများဆုံးခံရသော ဆီယာရာလီယွန်နိုင်ငံတွင် ရောဂါထိန်းချုပ်ရေး အမျိုးသားလှုပ်ရှားမှု တတိယမြောက်နေ့ဖြစ်သည့် တနင်္ဂနွေနေ့က ကျန်းမာရေးဝန်ထမ်း၊ လုပ်အားပေးနှင့်ဆရာ ဆရာမများ စုစုပေါင်း အင်အား ၃၀၀၀၀ ခန့်သည် အိမ်တိုင်ရာရောက် ပညာပေးဟောပြောမှုများ၊ ကျန်းမာရေးစောင့်ရှောက်မှုများပြုလုပ်ခဲ့ကြသည်။ ဖရီးတောင်းမြို့၌ ကျန်းမာရေးဝန်ထမ်းများ တစ်အိမ်တက်တစ်အိမ်ဆင်းကာ ကျန်းမာရေးစစ်ဆေးမှုပြုလုပ်ရင်း လက်ကမ်းစာစောင်၊ ဆပ်ပြာနှင့် စတစ်ကာများကို ပေးကမ်းဝေငှခဲ့ကြသည်။ တစ်ချိန်တည်းမှာပင် အိမ်တွင်းပုန်းအောင်းနေသော အီဘိုလာကူးစက်ခံရသူများကို သက်ဆိုင်ရာအာဏာပိုင်များ၏အကူအညီဖြင့် ရှာဖွေဖော်ထုတ်ကာ သီးသန့်ခွဲထားခြင်း၊ ဆေးဝါးကုသပေးခြင်းများ ပြုလုပ်ခဲ့ကြသည်။

လူဦးရေခြောက်သန်းရှိ ဆီယာရာလီယွန်နိုင်ငံ၌ ဒီဇင်ဘာလ နှောင်းပိုင်းက စတင်ကူးစက်ပျံ့နှံ့လာသော အီဘိုလာရောဂါကြောင့် သေဆုံးသူ ၅၆၀ ရှိပြီဖြစ်ကြောင်း၊ ရောဂါကူးစက်ခံရသူ တစ်ဝက်ခန့်မှာ သေဆုံးသွားခဲ့ကြောင်း၊ ရောဂါကူးစက်ခံရသူများမှာ ဆေးကုသမှုခံယူပါက သေဆုံးမည်ဟူသော ကြောက်စိတ်ကြောင့် ကုသမှုခံယူခြင်းမရှိဘဲ အိမ်ထဲ၌ ပုန်းအောင်းလျက်ရှိရာ အခြားသူများသို့ ရောဂါပို၍ ကူးစက်လာခဲ့ခြင်းဖြစ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ဆိုသည်။

အီဘိုလာရောဂါ ကူးစက်ပျံ့နှံ့မှုရပ်တန့်ရေးအတွက် ဆီယာရာလီယွန်နိုင်ငံ၌ အမျိုးသားလှုပ်ရှားမှုအသွင်ဖြင့် ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နေသည့်တိုင် ရောဂါ ဖြစ်ပွားသူများ အိမ်တွင်းပုန်းအောင်းနေခြင်း၊ အခြား တစ်နေရာသို့ ရှောင်တိမ်းသွားခြင်း၊ ဆေးကုသမှုခံယူရန် ငြင်းဆန်နေခြင်း၊ ဆေးကုသမှုခံယူရန် ခုတင်မလုံလောက်ခြင်း၊ ရောဂါမကူးစက်ရေးအတွက် သေဆုံးသူများကို သက်ဆိုင်ရာ တာဝန်ရှိသူများက မြှုပ်နှံသင်္ဂြိုဟ်သည့်အခါ ဒေသခံများက ကန့်ကွက်ခြင်း၊ ရန်ပြုတိုက်ခိုက်ခြင်း၊ ရောဂါဖြစ်သူကို သီးသန့်ခွဲခြားထားသည့်အခါ ၎င်း၏မိသားစုဝင်များက ခွင့်မပြုဘဲ ဆန့်ကျင်မှုပြုခြင်း စသည့်ပြဿနာများကြောင့် အီဘိုလာရောဂါထိန်းချုပ်ရေးအစီအစဉ်သည် လပေါင်းများစွာ ကြာမြင့်ဦးမည်ဖြစ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ တာဝန်ရှိသူများက ထုတ်ဖော်ပြောကြားသည်။ **(ရိုက်တာ)**



အီဘိုလာရောဂါကူးစက်ခံရသည့် ဝေဒနာရှင်အား ကျန်းမာရေးဝန်ထမ်းများ ဆေးကုသပေးရန် ခေါ်ဆောင်လာစဉ်။

## နေရောင်ခြည်စွမ်းအင်သုံးရေဒီယိုများ အခမဲ့ဖြန့်ဝေ

**နေပြည်တော် စက်တင်ဘာ ၂၁**

ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့်ရုပ်မြင်သံကြား အသံလွှင့်ဌာနခွဲနှင့် ဩစတြေးလျအသံလွှင့်ကော်ပိုရေးရှင်း (ABC)တို့ ပူးပေါင်းတင်ဆက်သည့် "မမဦး" ကျန်းမာရေးပညာပေး ရေဒီယိုအသံလွှင့်အစီအစဉ်များ နားဆင်နိုင်ရန်အတွက် နေရောင်ခြည်စွမ်းအင်သုံး ရေဒီယိုများပေးအပ်လှူဒါန်းပွဲကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ် သာယာကုန်းကျေးရွာ၌ ကျင်းပရာ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ညွှန်ကြားရေးမှူး (အသံလွှင့်)ဦးဇေယျာ၊ လက်ထောက်ညွှန်ကြားရေးမှူး (အစီအစဉ်) ဒေါ်ဆန်းဆန်းဦးနှင့် ABC Media မှ ဒေါ်ခင်မာဝင်းတို့က သာယာကုန်းကျေးရွာ ကထက်ဖြာကျေးရွာနှင့် ပြည်တော်သာကျေးရွာများအတွက် ကျေးရွာတစ်ရွာလျှင် ရေဒီယိုအလုံး၂၀ စီ စုစုပေါင်းကျေးရွာသုံးရွာအတွက် ရေဒီယိုအလုံးရေ ၆၀ ကို တာဝန်ရှိသူများထံ အခမဲ့ဖြန့်ဝေပေးခဲ့ကြသည်။

အဆိုပါကျေးရွာမှ ဒေသခံပြည်သူများအနေဖြင့် ကုလသမဂ္ဂထောင်စုနှစ်ဖွံ့ဖြိုးရေးရည်မှန်းချက်နှင့်အညီ ချမှတ်ထားသည့် ပြည်သူများကျန်းမာရေးဗဟုသုတရရှိစေရေးအတွက် မြန်မာ့အသံမှထုတ်လွှင့်လျက်ရှိသည့် မိခင်နှင့်ကလေး ကျန်းမာရေးပညာပေးအစီအစဉ်များကို နားဆင်စေနိုင်ရန် ရည်ရွယ်ပြီး ယခုကဲ့သို့ နေရောင်ခြည်စွမ်းအင်သုံး ရေဒီယိုများ အခမဲ့ဖြန့်ဝေပေးခြင်းဖြစ်သည်။

စက်တင်ဘာ ၂၂ ရက်တွင်လည်း သန်လျင်မြို့နယ် ဝင်းခနီကျေးရွာရှိ ဒေသခံ ပြည်သူများအား နေရောင်ခြည်စွမ်းအင်သုံး ရေဒီယိုအလုံးရေ ၄၀ ကို အခမဲ့ ဆက်လက်ဖြန့်ဝေပေးသွားမည် ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

❂ ရှေ့ဖုံးမှ

ဩဂုတ် ၃၁ ရက် ညနေ ၄ နာရီ ၂၅ မိနစ် တွင် တောင်ထိပ်သို့ရောက်ရှိပြီး Base Camp မှ အထောက်အကူပြုအဖွဲ့နှင့် ဆက်သွယ်ကာ နိုင်ငံတော်အလံစိုက်ထူ၍ နိုင်ငံတော်သီချင်းဆိုခဲ့ပြီး ပြန်လည်အဆင်းတွင် ယခုကဲ့သို့ ပျောက်ဆုံးသွားခြင်းဖြစ်ကြောင်း တက္ကသိုလ်ခြေလျင်နှင့် တောင်တက်အသင်းဥက္ကဋ္ဌ ဦးမျိုးသန့်က ပြောကြားခဲ့သည်။

"အခုပျောက်ဆုံးနေတဲ့ အသင်းခေါင်းဆောင် အောင်မြင့်မြတ်နဲ့ မန်နေဂျာ ဝေယံမင်းသူတို့ဟာ မတက်ခင်ကတည်းက မြန်မာနိုင်ငံရဲ့ အမြင့်ဆုံးတောင်ဖြစ်တဲ့ ခါကာဘိုရာဇီတောင်ထိပ်ကို အခြားတောင်တက်သမားတွေ မတက်နိုင်တဲ့ မတ်စောက်တဲ့ မြောက်ဘက်ကနေ တက်ပြီး နိုင်ငံတော်အလံစိုက်ထူအောင်ပွဲခံဖို့ ရည်ရွယ်တက်ခဲ့ကြတာပါ။ သူတို့နှစ်ဦး အပေါ်ရောက်တဲ့ ဩဂုတ် ၃၁ ရက် ညနေမှာပဲ Base Camp မှာရှိတဲ့ အထောက်အကူပြုအဖွဲ့နဲ့ အောင်မြင်ကြောင်း၊ နိုင်ငံတော်အလံ စိုက်ထူပြီးကြောင်းနဲ့ အခုနိုင်ငံတော်သီချင်း အတူဆိုကြမယ်ဆိုပြီး ဆိုခဲ့ကြပါသေးတယ်။ အဲဒီနောက် သီချင်းဆိုပြီး ပြန်အဆင်းမှာ ဆက်သွယ်ရေးစကားပြောစက် အားမရှိတော့ဘူးဆိုပြီး အဆက်အသွယ်ပြတ်တောက်သွားခဲ့တာပါ"ဟု သတင်းစာရှင်းလင်းပွဲတွင် မီဒီယာများအား ပြောကြားခဲ့သည်။

ယခုအခါပျောက်ဆုံးနေသော တောင်တက်သမားနှစ်ဦးအား ထူးဖောင်ဒေးရှင်းမှအဓိက ကူညီပံ့ပိုးမှုတို့ဖြင့် ဂျပန်၊ အမေရိကန်၊ ထိုင်း၊ တရုတ်နှင့် နီပေါနိုင်ငံတို့မှ တောင်တက်အတွေ့အကြုံကောင်းများရှိသည့် တောင်တက်သမားများဖြင့် မြေပြင်ရော၊ ဝေဟင်ကပါ ရှာဖွေမှုများ ပြုလုပ်လျက်ရှိသော်လည်း ပျောက်ဆုံးသည့်နေ့မှ ယနေ့ ၂၁ ရက်ပြည့်သည်အထိ သတင်းတစ်စုံတစ်ရာ ထူးခြားမှုမရှိသေးကြောင်း သိရှိရသည်။

"သူတို့နှစ်ဦး ဩဂုတ် ၂၂ ရက်က Base Camp ကနေ စတက်သွားတာ ဩဂုတ် ၃၁ ရက် ညနေအထိ ကိုးရက်တောင်ကြာတယ်။ အဲဒီညနေမှာပဲ ကျွန်တော်တို့နဲ့ ဆက်သွယ်တယ်၊ အလံစိုက်ထူ၊ သီချင်းဆိုကြတယ်။ ပြီးတော့ အားကုန်ပြီဆိုပြီး အဆက်အသွယ်ပြတ်သွားတာပဲ။ သူတို့မှာ ရိက္ခာကတော့ ခုနစ်ရက်စာပါသွားတာပဲ။ ချွေတာစားမယ်ဆိုရင်တော့ ၁၅ ရက်စာလောက်တော့ စားရပါတယ်။ ဒါပေမယ့် အခုဟာ ၂၀ ရက်တောင်ရှိနေပြီ။ ဒီတောင်တက်ရတာ အခက်အခဲအန္တရာယ်ကတော့ သိပ်များတယ်။ ကျွန်တော်တို့တောင်ခြေ Base Camp လိုက်ပို့တဲ့အထိ လမ်းခရီးမှာ ကျောက်တုံး၊ ကျောက်ခဲတွေက အတော်ကို ပြိုကျပြုတ်ကျတယ်။ ရေခဲတုံးတွေလည်းပါတယ်။ တစ်နာရီကို အနည်းဆုံး သုံး၊ လေးကြိမ်လောက်တော့ ပြုတ်ကျတယ်။ ကျွန်တော်တို့တောင် ရာသီဥတုအန္တရာယ်တွေနဲ့ အခက်အခဲအမျိုးမျိုးတွေ ကြုံတွေ့ခဲ့ကြရတယ်။ ခရီးက အတော်ကို ကြမ်းပါတယ်" ဟု အထောက်အကူပြုအဖွဲ့တွင် ပါဝင်ခဲ့သည့် တောင်တက်သမားတစ်ဦးက ပြောကြားသည်။

ယခု ပျောက်ဆုံးနေသော တောင်တက်သမားနှစ်ဦး ဖြစ်သည့် ခြေလျင်နှင့် တောင်တက်အသင်းခေါင်းဆောင် အောင်မြင့်မြတ်နှင့် မန်နေဂျာ ဝေယံမင်းသူတို့ တက်ရောက်ခဲ့သည့် မြန်မာနိုင်ငံ၏ အမြင့်ဆုံးပေ ၁၉၂၀၀ ကျော် မြင့်သော ခါကာဘိုရာဇီတောင်ထိပ်သို့ ကမ္ဘာ့တောင်တက်သမားတစ်ဦးဖြစ်သည့် ဂျပန်နိုင်ငံသားအိုဇာကီသည် ၂၀၀၆ ခုနှစ်က တက်ရောက်ခဲ့ရာတွင် မြန်မာနိုင်ငံ၏ အမြင့်ဆုံးတောင်ဖြစ်သည့် ခါကာဘိုရာဇီတောင်သည် တောင်တက်သမားများအတွက် အလွန်အန္တရာယ်များပြီး အလွန်ခက်ခဲသည့် တောင်ဖြစ်ကြောင်း၊ ၎င်းအနေဖြင့် ခါကာဘိုရာဇီတောင်ကို နောက်နောင်လုံးဝတက်ရောက်ရန် မဝံ့ရဲတော့ကြောင်း ပြောကြားသွားခဲ့သည် ဟု သိရသည်။

**(မြန်မာ့အလင်း)**

## မိုးရွာသွန်းမှုကြောင့်ကျိုးပေါက်သွားသည့် ကံပျိုတစ်ဖက်ရပ်ကျေးလက်ဆည် ပြန်လည်ပြုပြင်လျက်ရှိ

**စဉ့်ကူး စက်တင်ဘာ ၂၁**

မန္တလေးတိုင်းဒေသကြီး နွယ်ရုံကျေးရွာအုပ်စု ကံပျိုကျေးရွာ တစ်ဖက်ရပ် ကျေးလက်ဆည်သည် မိုးသည်းထန်စွာ ရွာသွန်းခဲ့မှုကြောင့် ကန်အောက်ခြေကြမ်းပြင်မှ ရေစိမ့်ထွက်ကာ ကျိုးပေါက်ပျက်စီးသွားခဲ့သည်။



ယခုအခါ အဆိုပါ ကျိုးပေါက်သွားသော ကျေးလက်ဆည်ကို ဆည်မြောင်းဦးစီးဌာနက မြေတူးစက်တစ်စီး၊ မြေထိုးစက်တစ်စီးနှင့် မြေသယ်ယာဉ်သုံးစီးတို့ဖြင့် စက်တင်ဘာ ၁၉ ရက်မှစ၍ အားချင်းပြန်လည်ပြုပြင်လျက်ရှိပြီး ယခုနှစ် မိုးရာသီအတွင်း ရေပြန်လည်သိုလှောင်နိုင်ရန်နှင့် စိုက်ပျိုးပြီးမိုးစပါးများ အောင်ရေ အခက်အခဲမရှိစေရန် အမြန်ဆုံးဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

"ဒီကန်ဟာ ရေသိုလှောင်မှုမရှိတာ၊ ရေမထိန်းနိုင်တာဟာ ဆယ်နှစ်ကျော်ပါပြီ။ အရင်နှစ်တွေကလည်း မိုးခေါင်ခဲ့ပြီး ရေဝင်ရောက်မှုလည်း မရှိခဲ့ဘူး။ ကျွန်တော်တို့ ဆည်မြောင်းဦးစီးဌာနက ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်မှာ ကန်ကိုပြန်လည်ပြုပြင်ပေးခဲ့ပါတယ်။ ကန်က ရေအနက် ၈ ပေသာ သိုလှောင်နိုင်ပေမယ့်လည်း အခုနှစ်မှာမှ ထူးကဲမိုးရွာသွန်းမှုကြောင့် မိုးရေ ၁၂ ပေ၊ ၁၃ ပေအထိ ပထမဆုံးအကြိမ် ရေအလုံးအရင်းနဲ့ ဝင်ရောက်လာတာကြောင့် ခံနိုင်ရည်မရှိဘဲ အခုလို ကျိုးပေါက်သွားရခြင်းဖြစ်ပါတယ်။ ဆည်ကလည်း ကျေးရွာကထိန်းသိမ်းထားတဲ့ ကျေးလက်တစ်ဖက်ရပ်ဆည် ဖြစ်ပါတယ်။ ဆည်ကျိုးပေါက်သွားတဲ့အတွက် ကားလမ်းရေကျော်ပြီး မော်တော်ယာဉ်များ တစ်နာရီခန့် ရပ်ဆိုင်းသွားတာကလွဲပြီး အခြားပျက်စီးဆုံးရှုံးမှု မရှိပါဘူး၊ လက်ရှိမှာလည်း လယ်မြေဧက ၂၅၀ ခန့် သောက်သုံးလျက်ရှိပါတယ်"ဟု ဆည်မြောင်းဦးစီးဌာန ဦးစီးအရာရှိဦးသန်းထိန်က ရှင်းပြသည်။ **ဝင်းမောင်**

● ကျောဖုံးမှ

စောသဲဦး (T&T)နှင့် မိုးဟိန်း (မိကသီ) တို့ပွဲတွင် ပဉ္စမအချီ ၂ မိနစ် ၅၉ စက္ကန့်၌ မိုးဟိန်းက အလဲထိုးအနိုင်ရရှိသွားသည်။ စောအယ်လေး (ထောမဲ့ပါ)နှင့် သားအသဲတစ်ပွင့် (စွမ်းကေကေ၊ မန္တလေး) တို့ပွဲတွင် စောအယ်လေး ညာခြေကန်ချက်ကြောင့် ဒုတိယအချီ ၁ မိနစ် ၅၂ စက္ကန့်တွင် သားအသဲ တစ်ပွင့်အနားတောင်းကာ အရှုံးပေးလိုက်ရပြီး စောအယ်လေး အလဲထိုး အနိုင်ရရှိသွားသည်။ ထက်အောင်ဦး (တောင်ကလေး)နှင့် ကျားပေါက်(ရွှေသောင်းရင်း မြဝတီ)တို့ပွဲ၌ ဒုတိယအချီနှင့် စတုတ္ထအချီတွင် ကျားပေါက်က ထက်အောင်ဦးကို အနီးကပ် ထိုးခဲ့သော်လည်း ထက်အောင်ဦး ညာဒူးတိုက်ချက်ကြောင့် စတုတ္ထအချီ၌ ကျားပေါက် အနားတောင်းခံရကာ ဆက်လက် မယှဉ်ပြိုင်နိုင်၍ ထက်အောင်ဦး အလဲထိုးအနိုင်ရရှိကာ ပရိသတ်အကြိုက် ပွဲကောင်း တစ်ပွဲဖြစ်သည်။

ဖိုးကေ (မန္တလေး)နှင့် စောရန်ပိုင်(မိကသီ၊ ဘားအံ)တို့ပွဲမှာလည်း အရှုံးအနိုင်မပေါ်ဘဲ ပူးတွဲသရေဖြစ်ခဲ့သည်။ ဒဂုံရွှေအောင်လံလေးထပ်ကွမ်း စောငမန်း(ရွှေဖူး)နှင့် (၂၇)ကြိမ်မြောက် ဆီးဂိမ်းရွှေတံဆိပ်ဆုရှင် ထွန်းထွန်းမင်း(မုဒုံသား) တို့ပွဲ ပထမအချီ၌ ထွန်းထွန်းမင်း၏ ပြင်းထန်လှသော လက်သီး၊ ခေါင်းတိုက်ချက်ကြောင့် ၅၆ စက္ကန့်တွင် စောငမန်း အနားတောင်းခဲ့ရသည်။ ပထမအချီ၌ပင် စောငမန်းခေါင်းတိုက်ချက်ကြောင့် ထွန်းထွန်းမင်း မျက်ခုံးကွဲကာ ပထမအချီပြီးဆုံးခဲ့သည်။ ဒုတိယအချီနှင့် တတိယအချီတွင် ထွန်းထွန်းမင်း အသာစီးထိုးခဲ့သော်လည်း စောငမန်း၏ လက်ဝှေ့သမ္မာကြောင့် တတိယအချီပြီးခဲ့ကာ စတုတ္ထအချီ ၁ မိနစ် ၁၅ စက္ကန့်၌ ထွန်းထွန်းမင်း၏ ဒူး၊ ခေါင်းတိုက်ချက်ကြောင့် စောငမန်း မယှဉ်ပြိုင်နိုင်၍ ထွန်းထွန်းမင်းက စောငမန်းကို အလဲထိုးအနိုင်ရရှိသွားသည်။ **(မြန်မာ့အလင်း)**

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

# သတိပြုဖွယ် လျှပ်စစ်အန္တရာယ်(၃)

**ဝေယံ**



သုံးတတ်လျှင်ဆေး၊ မသုံးတတ်လျှင်ဘေး ဆိုရိုးစကားရှိပါတယ်။ လျှပ်စစ်သည်လည်း သုံးတတ်လျှင် အကျိုးများစွာရှိသလို မသုံးတတ်လျှင် လျှပ်စစ်အန္တရာယ်နှင့် ကြုံတွေ့ကြရမည်ဖြစ်ပါသည်။ လျှပ်စစ်အန္တရာယ်ဟူသည် ဓာတ်လိုက်၍ အသက်ဆုံးရှုံးမှု၊ ခန္ဓာကိုယ်မသန်စွမ်းမှုဖြစ်စဉ်များ၊ Wire Shock ဖြစ်ပြီး မီးလောင်၍ပစ္စည်းဥစ္စာ ဆုံးရှုံးမှုဖြစ်စဉ်များပင် ဖြစ်ပါသည်။

ဓာတ်အားလိုင်းများ အနီးနှင့်ဓာတ်အားလိုင်းများအောက်တွင် ယာဉ်များပေါ်မှ သတိမထားဘဲ လုပ်ငန်းဆောင်ရွက်မှုများကြောင့် ၂၀၁၂ ခုနှစ် ဧပြီလ ၁၈ ရက်က မန္တလေးမြို့တွင် ၁၃၂ ကေဗွီဓာတ်အားလိုင်းအောက်ရှိ အမှိုက်ပုံကြီးပေါ်သို့ စည်ပင်အမှိုက်သိမ်းယာဉ်မှ အမှိုက်များသွန်ချရာ သန့်ရှင်းရေးအလုပ်သမားက အုန်းလက်အစိုကိုင်းကို အပေါ်ထောင်၍ ကိုင်ဆောင်ပြီးပစ်ချရာတွင် ၁၃၂ ကေဗွီဓာတ်အားလိုင်း လျှပ်စစ်စက်ကွင်းအတွင်းကျရောက်၍ သန့်ရှင်းရေးအလုပ်သမား ဓာတ်လိုက်သေဆုံးမှုဖြစ်ပွားခဲ့သည်။

၂၀၁၃ ခုနှစ် ဒီဇင်ဘာ ၂၅ရက်နေ့က သီပေါမြို့ရှိ တွင်ခုံဝပ်ရှော့တစ်ခုတွင် ဝပ်ရှော့သုံးပစ္စည်းများ ချရန်အတွက်ကရိန်းကားမှ မောင်းတံထုတ်စဉ် ၄င်းမောင်းတံသည်အပေါ်တွင်ရှိသော ၃၃ ကေဗွီဓာတ်အားလိုင်းကြိုးတစ်ကြိုးနှင့်ထိမိပြီး ကရိန်းကြိုးနှင့် ပစ္စည်းချိတ်ဆွဲရန် လုပ်ငန်းလုပ်ကိုင်သည့် အသက် ၂၀ ဝန်းကျင်အရွယ်လူတစ်ဦး ဓာတ်လိုက်သေဆုံးမှု ဖြစ်ပွားခဲ့သည်။

ဓာတ်အားလိုင်းများအနီးတွင် တီဗွီအင်တာနာတိုင်များ တပ်ဆင်ခြင်း၊ ဖုန်းလိုင်းများ မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဓာတ်အားလိုင်းများကို သတိမပြုမိဘဲ ဆောင်ရွက်မှုများကြောင့် ၂၀၁၂ ခုနှစ် ဩဂုတ်လ ၁၂ရက်နေ့က မအူပင်မြို့ရှိ အိမ်တစ်အိမ်တွင် တီဗွီအင်တာနာတိုင် စိုက်ထူရာမှ ယိုင်လဲသွားမှုကြောင့် အနီးရှိ ၄၀၀ဗို့ ဓာတ်အားလိုင်းနှင့်ထိမိပြီး အမျိုးသားတစ်ဦး ဓာတ်လိုက်သေဆုံးမှု ဖြစ်ပွားခဲ့သည်။

အလားတူ ၂၀၁၄ ခုနှစ် ဇူလိုင်လ ၂၅ရက်နေ့ကလည်း ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တွင် လက်ဖက်ရည်ဆိုင်ရှင်၏ ခိုင်းစေချက်အရ ဆိုင်အလုပ်သမားမှ ရေစိုဝါးလုံးဖြင့် လျော့ကျနေသော တယ်လီဖုန်းကြိုးကိုမြှောက်တင်လိုက်ရာတွင် ၃၃ကေဗွီဓာတ်အားလိုင်းနှင့်ထိမိပြီး ဆိုင်အလုပ်သမား ဓာတ်လိုက်သေဆုံးမှုဖြစ်ပွားခဲ့သည်။

အဆောက်အအုံများဆောက်လုပ်ရာတွင် ဓာတ်အားလိုင်းများနှင့် နီးကပ်စွာ တည်ဆောက်ခြင်းများကြောင့် ၂၀၁၃ ခုနှစ် မတ်လ ၂၆ ရက်နေ့က ကောလင်းမြို့တွင်လေးထပ်ခွဲ အဆောက်အအုံတစ်လုံး ဆောက်လုပ်ခဲ့ရာတွင် ဒုတိယထပ်ကြမ်းခင်းလောင်းအပြီး RC တိုင်များထူရန်အတွက် သံချောင်းလုံးများကိုအပေါ်သို့ သယ်ယူရာတွင် သံချောင်းလုံးအဖျားနှင့်အဆောက်အအုံအနီးရှိ ၃၃ ကေဗွီဓာတ်အားလိုင်းထိမိပြီး သံချောင်းသယ်ယူသူ လုပ်သားတစ်ဦးဓာတ်လိုက်၍ သေဆုံးမှုဖြစ်ပွားခဲ့သည်။

၂၀၁၄ ခုနှစ် ဧပြီလ ၄ ရက်နေ့က မူဆယ်မြို့တွင် တိုက်ဆောက်လုပ်ရန်အတွက် သံချောင်းများအပေါ်သို့ လက်ဆင့်ကမ်းတင်ယူရာတွင် အနီးရှိ ၁၁ ကေဗွီဓာတ်အားလိုင်းနှင့်ထိမိရာမှ အမျိုးသားတစ်ဦး ဓာတ်လိုက်သေဆုံးမှု ဖြစ်ပွားခဲ့သည်။

ဖော်ပြပါ ဓာတ်လိုက်မှု ဖြစ်စဉ်များသည် သတိပြုဖွယ် လျှပ်စစ်အန္တရာယ်(၂)တွင် ဖော်ပြပြီးဖြစ်သော ဓာတ်လိုက်မှုဖြစ်စဉ်အမျိုးအစားတွင် အများဆုံး ဖြစ်ပွားသော **“ လျှပ်စစ်စီးဝင်နိုင်သောပစ္စည်းများ လိုင်းအောက်အနီးတွင် ကိုင်တွယ်မိခြင်းကြောင့် ဓာတ်လိုက်ခြင်း’’** ဖြစ်စဉ်အမျိုးအစားများ ဖြစ်ပါသည်။ ၂၀၁၂ ခုနှစ်တွင် သေဆုံးသူ ၂၉ ဦး၊ ၂၀၁၃ ခုနှစ်တွင် သေဆုံးသူ ၃၄ ဦး၊ ၂၀၁၄ ခုနှစ် ဩဂုတ်လအထိ သေဆုံးသူ ၁၀ ဦးရှိသည်။ ဓာတ်လိုက်မှုဖြစ်စဉ်များကိုကြည့်ပါက ဓာတ်အားလိုင်းများ အနီးပတ်ဝန်းကျင်တွင် အလုပ်လုပ်ရာ၌ လျှပ်စစ်အသိ၊ လျှပ်စစ်သတိ၊ မရှိဘဲ အမှုမဲ့အမှတ်မဲ့ ဆောင်ရွက်ခဲ့ခြင်းကြောင့် အသက်ဆုံးရှုံးမှုများ မဖြစ်ပေါ်စေရန်အတွက် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနက သတိပြုလိုက်နာရန်အချက်များကို လက်ကမ်းစာစောင်များတွင် ဖော်ပြထားပါသည်။

# ဟိုပင်၌ ပညာရည်ချွန်ဆုချီးမြှင့်

**ဟိုပင် စက်တင်ဘာ ၂၁**

ကချင်ပြည်နယ် မိုးညှင်းခရိုင် ဟိုပင်မြို့၌ ၂၀၁၃-၂၀၁၄ ပညာသင်နှစ်၊ ပညာရည်ချွန်ဆုပေးပွဲနှင့် မိဘဆရာအသင်း နှစ်ပတ်လည်အခမ်းအနားကို ဟိုပင်အထက တေဇခန်းမ၌ စက်တင်ဘာ ၂၀ ရက် နံနက် ၉ နာရီခွဲက ကျင်းပသည်။

အခမ်းအနားတွင် ၂၀၁၃-၂၀၁၄ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ငါးဘာသာဂုဏ်ထူးရှင်တစ်ဦး၊ လေးဘာသာနှစ်ဦး၊ သုံးဘာသာ ၂၂ ဦး၊ နှစ်ဘာသာ ၁၇ ဦး၊ တစ်ဘာသာ ၄၃ ဦး၊ ဂုဏ်ထူးရကျောင်းသားကျောင်းသူ ၈၅ ဦးနှင့် စကောလားရှစ်နှစ်ဦး၊ ကျောင်းတွင်းထူးချွန်ဆုရ ၁၃ ဦး စုစုပေါင်း ၁၀၀ တို့အတွက် အလှူရှင်များက လှူဒါန်းသော ငွေကျပ် ၂၂၇၀၀၀၀ တန်ဖိုးရှိ ငွေနှင့်ပစ္စည်းများကို မြို့အုပ်ချုပ်ရေးမှူး ဦးရန်နိုင်ဦးနှင့် တာဝန်ရှိသူများက ပေးအပ်ခဲ့ကြောင်း သိရသည်။

**(မြို့နယ်ပြန်/ဆက်)**

# မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရွှေရတုအထိမ်းအမှတ် သွေးလှူ

**မကွေး စက်တင်ဘာ ၂၁**

မကွေးတိုင်းဒေသကြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရွှေရတုနှစ်ပတ်လည်နေ့ အထိမ်းအမှတ် ဂုဏ်ပြုစုပေါင်းသွေးလှူဒါန်းပွဲကို စက်တင်ဘာ ၂၀ ရက် နံနက် ၈ နာရီက မကွေးမြို့ ပြည်သူ့ဆေးရုံကြီး သွေးလှူဘဏ်၌ ကျင်းပသည်။

စုပေါင်းသွေးလှူဒါန်းပွဲတွင် တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှ ရဲတပ်ဖွဲ့ဝင် (၁၀၂) ဦးနှင့် မိသားစုဝင်ငါးဦး၊ စုစုပေါင်း ၁၀၇ ဦး စုပေါင်းဂုဏ်ပြုသွေးလှူဒါန်းခဲ့သည်။ သွေးလှူဒါန်းပွဲသို့ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးဘုန်းမော်ရွှေနှင့် လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးဇော်လင်းအောင်၊ တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ဦးလှလှသန်း၊ ဆေးရုံအုပ်ကြီး ဒေါ်ခင်ဦးကြည်၊ မကွေးခရိုင်ရဲမှူး၊ မင်းဘူးခရိုင်ရဲမှူးနှင့် ရဲအရာရှိများက လိုက်လံကြည့်ရှုအားပေးခဲ့ကြပြီး သွေးအလှူရှင်ရဲတပ်ဖွဲ့ဝင်များအား တိုင်းဒေသကြီးဝန်ကြီးချုပ်က စားသောက်ဖွယ်ရာများနှင့် ဂုဏ်ပြုအလှူငွေများ ပေးအပ်ခဲ့သည်။ ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပြည်သူ့ဆေးရုံကြီးတွင် ဆေးဝါးကုသမှုခံယူနေကြသည့်လူနာများအား သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များကို ပံ့ပိုးကူညီပေးခဲ့သည်။

ဆက်လက်၍ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရွှေရတုနှစ်ပတ်လည်နေ့ စုပေါင်းဂုဏ်ပြုသွေးလှူဒါန်းပွဲကို စက်တင်ဘာ ၂၀ ရက် မွန်းလွဲ ၁ နာရီတွင် ရဲတပ်ရင်းအမှတ်(၂၅) ရေနံချောင်းမှ ရဲတပ်ဖွဲ့ဝင် ၆၆ ဦးက မကွေးမြို့ ပြည်သူ့ဆေးရုံကြီး သွေးလှူဘဏ်တွင် စုပေါင်းသွေးလှူဒါန်းခဲ့ကြောင်း သိရသည်။

**သန်းနိုင်ဦး(ငဖဲ)**

# အသုံးမပြုသည့်ဆည်မြောင်းပေါင်ကို ကျေးရွာချင်းဆက်လမ်းအဖြစ် အသုံးပြုနိုင်ရန် ဆောင်ရွက်ပေးစေလို

**မကွေး စက်တင်ဘာ ၂၁**

မကွေးတိုင်းဒေသကြီး မကွေးမြို့နယ် ရွာဟောင်းကန်အုပ်စုတွင်ရှိသော အသုံးမပြုသည့် သဖန်းဆိပ်မြစ်ရေတင်စီမံကိန်း ဆည်မြောင်းပေါင်ကို ကျေးရွာချင်းဆက် ဖွံ့ဖြိုးရေးမြေနီလမ်းအဖြစ် အသုံးပြုပေးနိုင်ရန် ကျေးရွာအုပ်ချုပ်ရေးမှ တာဝန်ရှိသူများက မကွေးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးဟန်မောင်ထံတွင် တင်ပြထားကြောင်း သိရသည်။

သဖန်းဆိပ်မြစ်ရေတင်စီမံကိန်းကို ကျေးရွာလူထု စိုက်ပျိုးရေလုံလောက်စွာရရှိနိုင်ရန် ၂၀၀၃ ခုနှစ်တွင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သော်လည်း စီမံကိန်းပြီးစီးသည့်အချိန်မှစ၍ ယခုအချိန်ထိ ဒေသခံတောင်သူများမှ စိုက်ပျိုးရေရရှိခြင်းမရှိသဖြင့် ရှေးရိုးအစဉ်အလာအတိုင်း မိုးကိုသာ အားကိုးစိုက်ပျိုးနေရကြောင်း သိရသည်။

“ဒီနှစ်ထဲမှာပဲ ကျေးလက်ဒေသဖွံ့ဖြိုးရေးစီမံကိန်းကို တင်ပြတောင်းဆိုဖူးပါတယ်။ ထူးခြားမှုမရှိတာကြောင့် မကွေးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်ကြီးထံမှ ထပ်မံတင်ပြတောင်းဆိုရတာပါ။ ယခုလိုမိုးတွင်းဆို သွားလာရအတော်ခက်ခဲတယ်။ ရွာကနေ ကံပြားအထိ သွားရောက်ပညာ သင်ကြားနေရတဲ့ အထက်တန်း ကျောင်းသား ကျောင်းသူတွေနဲ့ နည်းပညာကောလိပ်ကျောင်းသား ကျောင်းသူတွေဆို အတော်ဒုက္ခရောက်ကြတယ်။ ကျေးရွာက အနာဂတ်ကလေးငယ်တွေကို မြို့ပေါ်ရပ်ကွက်အသီးသီးကနေ လာရောက် ပညာသင်ကြားပေးနေတဲ့ ဆရာ ဆရာမတွေလည်း သွားလာရခက်ခဲပြီး နှောင့်နှေးကြန့်ကြာမှုတွေဖြစ်နိုင်တော့ ကလေးငယ်တွေရဲ့ ကျောင်းပညာရေး ထိခိုက်နစ်နာမှုဖြစ်ပေါ်လာမှာစိုးရိမ်ရပါတယ်။ အနာဂတ်ကလေးများ၏ ပညာမြင့်မားတိုးတက်စေရန် အသုံးမပြုသည့်



မြစ်ရေတင်စီမံကိန်းဆည်မြောင်းပေါင်ကို ကျေးရွာချင်းဆက်မြေနီလမ်းအဖြစ် အမြန်ဆုံးအကောင်အထည်ဖော်ဆောင်ရွက်ပေးစေလိုပါတယ်”ဟု ကျေးရွာအုပ်ချုပ်ရေးမှ တာဝန်ရှိသူများက ပြောသည်။

ကျေးရွာချင်းဆက် မြေနီလမ်း အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးသွားပါက ရွာဟောင်းကန်အုပ်စု အပါအဝင် ကန်သစ်ရွာ၊ လွန်မြတ်ကန်ရွာ၊ ရွာသစ်ကလေးရွာ၊ နတ်ကန်ကျေးရွာ စသည့်ကျေးရွာများမှ ဒေသခံပြည်သူများ ကူးသန်းရောင်းဝယ်ရေးအတွက် အဆင်ပြေချောမွေ့ လွယ်ကူစွာနှင့်ဒေသဖွံ့ဖြိုးရေးအတွက် များစွာအထောက်အကူပြုကာ ဆင်းရဲမှုများလည်း လျော့ကျသွားမည်ဖြစ်ကြောင်း သိရသည်။ **ပိုင်ဇေ(မကွေး)**





## အသိပေးနှိုးဆော်ခြင်း

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့သည် တိုင်းဒေသကြီးရုံးစိုက်ရာ မြို့ဖြစ်သည်နှင့်အညီ မြို့အင်္ဂါရပ်နှင့် ညီညွတ်မှုရှိစေရန်အတွက် မြို့မြေတိုးချဲ့ရေးလုပ်ငန်းကို စနစ်တကျ အကောင်အထည်ဖော်ဆောင်ရွက်ရန် လိုအပ်လျက်ရှိပါသဖြင့် ပဲခူးမြို့နယ်၊ ကျောက်တိုင်ကန်ကျေးရွာအုပ်စုနှင့် ဘုရားသုံးဆူကျေးရွာအုပ်စုအတွင်းတွင် ပဲခူးမြို့နယ်၊ ဥသာမြို့သစ်အဖြစ် မြို့ကွက်ဖော်ထုတ်ပြီး မြေနေရာခွင့်ပြုချထားပေးခြင်းကို ၁၉၈၉ခုနှစ်မှစတင်၍ စိစစ်ဆောင်ရွက်ပေးခဲ့ပါသည်။

ယခုအခါ မြေနေရာခွင့်ပြုမိန့်ချထားပေးပြီးဖြစ်သည့် မြေကွက်များပေါ်တွင် တရားမဝင် ဝင်ရောက်ကျူးကျော်နေထိုင်သူများရှိကြောင်း စိစစ်တွေ့ရှိရသဖြင့် မလိုလားအပ်သော အငြင်းပွားမှုများ မဖြစ်ပွားစေရန်အတွက် မြေပေးမိန့်ရရှိပြီးသည့် မိမိတို့မြေကွက်များတွင် ခြံစည်းရိုးကာရံခြင်းကို ပဲခူးမြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ပဲခူးမြို့နယ်မြေစာရင်းဦးစီးမှူးတို့၏ အတည်ပြုထောက်ခံချက်ဖြင့် ယခုကြော်ငြာပါသည့်ရက်မှ သုံးလ (ရက်ပေါင်း ၉၀)ပြည့်မြောက်သည့် ၂၀-၁၂-၂၀၁၄ရက် နောက်ဆုံးထား၍ အမြန်ပြီးစီးအောင် ဆောင်ရွက်သွားကြရန်နှင့် သတ်မှတ်ကာလအတွင်း ပြီးစီးအောင် ဆောင်ရွက်နိုင်ခြင်းမရှိသော မြေကွက်များ၏ မြေနေရာခွင့်ပြုမိန့်များကို ပြန်လည်ရုပ်သိမ်းသွားမည်ဖြစ်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

**ဥက္ကဋ္ဌ**
**ပဲခူးမြို့မြေနေရာချထားရေးကော်မတီ**




## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်တော်၏သား မောင်ကျော်ကျော်လင်းသည် မိဘဆိုဆုံးမမှုကို နားမထောင်သည့်အတွက် သားအဖြစ်မှ စွန့်လွှတ်လိုက်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ နောက်နောင် ၄င်းနှင့်ပတ်သက်၍ လုံးဝတာဝန်မယူပါ။

**ဦးအောင်စိန်**
**၁၂/ဥကမ(နိုင်)၁၃၈၃၀၇**
**အမှတ်-၆၇၊ မေယု ၂လမ်း၊**
**မြောက်ဥက္ကလာပမြို့နယ်**

ပြည်တွင်းသတင်းနှင့် ကြော်ငြာ

# ဟော်ကီပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုချီးမြှင့်ပွဲ ကျင်းပ



**ရန်ကုန် စက်တင်ဘာ ၂၁**

၂၀၁၄ ခုနှစ် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်ဖလား တိုင်းဒေသကြီးနှင့် ပြည်နယ်ဟော်ကီပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို စက်တင်ဘာ ၂၀ ရက် ညနေ ၃ နာရီက မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူမြက်ခင်းတုဟော်ကီကွင်း၌ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးစိန်တင်ဝင်း၊ တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ် ဦးဝင်းဆွေ၊ အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသောင်းထိုက်၊ တိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌနှင့် တိုင်းဒေသကြီး ဝန်ကြီးများ၊ မြန်မာနိုင်ငံဟော်ကီအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးထင်ဇော်ဝင်းနှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်သူ၊ နည်းပြနှင့် ဟော်ကီအားကစားသမားများနှင့် ဟော်ကီဝါသနာရှင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ရန်ကုန်တိုင်းဒေသကြီး အသင်းနှင့် မန္တလေးတိုင်းဒေသကြီး အသင်းတို့ ဗိုလ်လုပွဲ ယှဉ်ပြိုင်ကစားကြပြီး ဆုချီးမြှင့်ပွဲအခမ်းအနားကို ကျင်းပရာ မြန်မာနိုင်ငံဟော်ကီအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးထင်ဇော်ဝင်းက အသန့်ရှင်းဆုံးဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးအသင်းနှင့် တိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးတင်အောင်က အတိုးတက်ဆုံးအသင်းဆုရရှိသည့် ကယားပြည်နယ် အသင်းတို့ကို ဆုတံဆိပ်များအသီးသီး ပေးအပ်ချီးမြှင့်ပေးအပ်သည်။

ထို့နောက် တိုင်းဒေသကြီး စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးသန်းမြင့်က အကောင်းဆုံး ဂိုးသမားဆု၊ အကောင်းဆုံး (ရှေ့တန်း/အလယ်တန်း/နောက်တန်း) အားကစားသမားဆုနှင့် ပွဲစဉ်တစ်လျှောက် အကောင်းဆုံးဆုရရှိသူများကို တစ်ဦးချင်း ဆုတံဆိပ်နှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။ ယင်းနောက် အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသောင်းထိုက်က ဒုတိယဆုရရှိသော မန္တလေးတိုင်းဒေသကြီး အသင်းကို တစ်ဦးချင်း ဆုတံဆိပ်နှင့် ဂုဏ်ပြုဆုငွေများကို အသီးသီးပေးအပ်ချီးမြှင့်သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေက ပထမဆုရရှိသော ရန်ကုန်တိုင်းဒေသကြီး အသင်းကို တံခွန်စိုက်ဖလား၊ တံခွန်စိုက်ဒိုင်းနှင့် ဆင့်ပွားဒိုင်းတို့ကို ပေးအပ်ချီးမြှင့်သည်။ **(အပေါ်ပုံ)**

ယနေ့ကျင်းပသည့် ၂၀၁၄ ခုနှစ် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ်ဖလား တိုင်းဒေသကြီးနှင့် ပြည်နယ်ဟော်ကီပြိုင်ပွဲ ဗိုလ်လုပွဲတွင် ရန်ကုန်တိုင်းဒေသကြီးအသင်းက မန္တလေးတိုင်းဒေသကြီးအသင်းကို လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## လယ်ယာသုံးစက်ကိရိယာမောင်းနှင်ထိန်းသိမ်းမှုသင်တန်းဖွင့်

**မော်လမြိုင် စက်တင်ဘာ ၂၁**

မွန်ပြည်နယ် ဘီးလင်းမြို့နယ်အတွင်းမှ တောင်သူလယ်သမားများအား လယ်ယာလုပ်ငန်းတွင် စက်ကိရိယာများဖြင့် ကျွမ်းကျင်စွာကိုင်တွယ်မောင်းနှင်တတ်စေရန်၊ ပြုပြင်ထိန်းသိမ်းမှုနှင့် စက်မှုလယ်ယာစနစ် ကူးပြောင်းနိုင်ရေး ရည်ရွယ်၍ လယ်ယာသုံးစက်ကိရိယာကိုင်တွယ်မောင်းနှင်ထိန်းသိမ်းမှု အခြေခံသင်တန်းဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၁၃ ရက်က အမှတ်(၃၇)စက်မှု လယ်ယာစခန်း ဘီးလင်းမြို့၌ ကျင်းပသည်။ **(ယာပုံ)**

အဆိုပါသင်တန်းသို့ ဘီးလင်းမြို့နယ်အတွင်းရှိ နှင်းပုလဲ၊ ရွှေလှေ၊ ဇုတ်သုတ်၊ အနိုင်းပွန်နှင့် ဝင်းပြန်ကျေးရွာတို့မှ တောင်သူသင်တန်းသား ၄၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တနှစ်ပတ်ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

**ကိုကိုရှူပ**



## မိုးသည်းထန်မှုကြောင့် မဲဇာမြစ်ရေကြီးရေလျှံမှုဖြစ်

**ထီးချိုင့် စက်တင်ဘာ ၂၁**

ကသာခရိုင် ထီးချိုင့်မြို့နယ်တွင် စက်တင်ဘာ ၁၇ ရက်မှစတင်၍ မိုးသည်းထန်စွာရွာသွန်းခဲ့မှုကြောင့် မဲဇာမြစ်ရေကြီးရေလျှံမှုဖြစ်ပွားခဲ့ပြီး သာယာကုန်းရေကာတာကျိုးပေါက်ခဲ့ပြီး အနီးပတ်ဝန်းကျင်ကျေးရွာအချို့၌ ရေလွှမ်းခဲ့ကြောင်း သိရသည်။

ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ၏ သတင်းပေးပို့မှုအရ လေသာ၊ ကွင်းကြီး၊ ကန်ပေါက်၊ ဇီးသောင်ဆင်ဖြူဆိပ်၊ ဒိုးပင်စသည့် ကျေးရွာအုပ်စုများရှိ တောင်သူ ၉၃၂ ဦး၏ စပါးစိုက်ဧက ၇၇၁၂ ဒသမ ၅ ဧကတွင် ၄၁၉၀ ဧက၊ နှမ်းသီးနှံစိုက် ဧက ၁၈၃ ဧက ရေနစ်မြုပ်ခြင်း၊ ပဲမျိုးစုံစိုက်ဧက ၂၂၀ တို့ ရေနစ်မြုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါကျေးရွာများတွင် မြို့နယ်စီမံခန့်ခွဲမှုကော်မတီ၏ ကြီးကြပ်မှုဖြင့် ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ဆက်လက်စောင့်ကြည့်နေကြကြောင်း သိရသည်။

**စောကလျာ(ထီးချိုင့်)**



## နိုင်ငံတကာအားကစားနှင့် ဘောလုံး

❖ *ကျောဖုံးမှ*

နေပြည်တော်အသင်းသည်လည်း အမာခံကစားသမား အစုံအလင်ဖြင့် ယှဉ်ပြိုင်ခဲ့သော်လည်း ဧရာဝတီနောက်တန်းကို မကျော်နိုင်၍ နှစ်သိမ့်ဂိုးပင် မရဘဲ ပထမဆုံးဆုဖလားနှင့် လွဲချော်ခဲ့ရသည်။

**သွင်းယူ**

ပွဲအစ ၁၃ မိနစ်မှာပင် နေလင်းထွန်းက ဂိုးစတင်သွင်းယူခဲ့၍ ဧရာဝတီအသင်းက ပွဲကို ဦးဆောင်နိုင်ခဲ့သည်။ ဧရာဝတီအတွက် အနိုင်သေချာစေမည့် ဒုတိယအနိုင်ဂိုးကို ၇၉ မိနစ်တွင် ကိုနေးက သွင်းယူပေးခဲ့သည်။

**ပေးအပ်ချီးမြှင့်**

ပွဲအပြီးတွင် ဆုချီးမြှင့်ပွဲကို ကျင်းပရာ ဒုတိယဆုရ နေပြည်တော်အသင်းအား တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေကျပ်သိန်း ၁၅၀၊ ပထမ ဆုရ ဧရာဝတီအသင်းအား တစ်ဦးချင်းဆုတံဆိပ် ငွေကျပ်သိန်း ၃၀၀ နှင့် ဆုဖလားတို့ကို မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်နှင့် တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ အောက်တိုဘာလနောက်ဆုံးပတ်တွင် စတင်ကျင်းပမည့် မဲခေါင်တိုယိုတာဖလားပြိုင်ပွဲဝင်ခွင့်ရ ဧရာဝတီအသင်းကို တိုယိုတာကုမ္ပဏီမှ တရားဝင် ဖိတ်ကြားစာပေးအပ်သည်။



လက်စတာမှ အူလိုအာ မန်ယူဘက်သို့ ခေါင်းတိုက်ဂိုးသွင်းစဉ်။

❒ *ကျောဖုံးမှ*

အာဂျင်တီးနား ကွင်းလယ်ကစားသမား ကမ်ဘီယာဆိုက ၆၄ မိနစ်တွင် လက်စတာအတွက် တတိယ ချေပဂိုး သွင်းယူခဲ့သည်။ ၇၉ မိနစ်တွင် လက်စတာမှ ဗာဒီက စတုတ္ထဂိုးသွင်းယူပြီး ၈၃ မိနစ်တွင် အူလိုအာက ပယ်နယ်တီမှ ပဉ္စမဂိုးသွင်းယူမှုကြောင့် ပွဲအပြီးတွင်အိမ်ရှင်လက်စတာတို့ မန်ယူကို ငါးဂိုး-သုံးဂိုးဖြင့် အနိုင်ရခဲ့သည်။ **သီဟ-ရေးသည်**

## လာလီဂါ၊ ချန်ပီယံရှစ်ပွဲနှင့် ဂိုးရလဒ်များ

| | | |
|---|---|---|
| **အင်္ဂလန်ချန်ပီယံရှစ် ပွဲစဉ်(၈)** | | **စက်တင်ဘာ ၂၃** |
| ဝီဂန် - | အစ်ဆွစ် | နံနက် ၁း၁၅ |
| **စပိန်လာလီဂါ ပွဲစဉ်(၄)** | | **စက်တင်ဘာ ၂၃** |
| ဂီတာဖေး - | ဗလင်စီယာ | နံနက် ၁း၁၅ |

**စက်တင်ဘာ ၂၀/၂၁ ဂိုးရလဒ်များ**

| | | |
|---|---|---|
| ဝက်စ်ဟမ်း | ၃-၁ | လီဗာပူး |
| ဝက်ဖို့ဒ် | ၁-၁ | ဘုန်းမောက် |
| နော့ဝှစ်ချ် | ၂-၂ | ဘာမင်ဂမ် |
| ရှက်ဖီးဝမ်းနက်စ်ဒေး | ၁-၀ | ရီးဒင်း |
| ဖူလ်ဟမ် | ၀-၁ | ဘလက်ဘန်း |
| လိဒ်ယူနိုက်တက် | ၃-၀ | ဟက်ဒါဖီးလ် |
| မစ်ဒယ်ဘရော့ | ၄-၀ | ဘရန့်ဖို့ဒ် |
| ဝုလ်ဗာဟမ်တန် | ၁-၀ | ဘော်လ်တန် |
| မာဆေး | ၃-၀ | ရန်းနက်စ် |
| လော်ရီယန့် | ၀-၁ | ရိမ်းစ် |
| မတ်ဇ် | ၃-၁ | ဘတ်စ်တီယာ |
| နန့်တက်စ် | ၂-၁ | နိုက်စ် |
| တူးလော့စ် | ၃-၃ | ကိန်း |
| ရှော်လ်ကေး | ၂-၂ | ဖရန့်ဖတ် |
| အော့စ်ဘတ် | ၄-၂ | ဝါဒါဘရီမင် |
| စတုဂတ် | ၀-၂ | ဟော်ဖန်ဟိမ်း |
| ဟမ်းဘတ် | ၀-၀ | ဘိုင်ယန်မြူးနစ် |
| ပါဒါဘွန်း | ၂-၀ | ဟန်နိုဗာ |
| မိန့်ဇ် | ၂-၀ | ဒေါ့မွန် |
| ဆီစီနာ | ၂-၂ | အမ်ပိုလီ |
| ဘီလ်ဘာအို | ၀-၁ | ဂရန်နာဒါ |
| အက်သလက်တီကို | ၂-၂ | ဆယ်လ်တာဗီဂို |
| အက်စ်ပန်ညို | ၂-၂ | မာလာဂါ |

## အီတာလီစီးရီးအေ ပွဲစဉ် (၃) အနိုင်အရှုံး

၂၁-၉-၂၀၁၄

| | | |
|---|---|---|
| **ချီယေဗို** | ၂-၃ | **ပါးမား** |
| **ဂျီနိုအာ** | ၁-၀ | **လာဇီယို** |
| **ရိုးမား** | ၂-၀ | **ကက်ဂလီ** |
| **ဆက်ဆူအိုလို** | ၀-၀ | **ဆမ်ဒိုး** |

## ရီးရဲဂိုးပြတ်နိုင်

စပိန်လာလီဂါပြိုင်ပွဲတွင် ရီးရဲမက်ဒရစ်က ဒီပို့တီဗိုအိမ်ကွင်း၌ ရှစ်ဂိုး-နှစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ ယင်းပြိုင်ပွဲတွင် နာမည်ကြီးတိုက်စစ်မှူး စီရိုနယ်ဒိုက ဟက်ထရစ်ဂိုးသွင်းယူပေးခဲ့သည်။ ဂါရက်ဘေးလ်နှင့် ဟာနန်ဒက်ဇ်တို့ကလည်း နှစ်ဂိုးစီသွင်းယူခဲ့ကြသည်။ နွေရာသီက ခေါ်ယူခဲ့သည့် ရိုဒရီဂွက်ဇ်ကလည်း တစ်ဂိုးသွင်းယူခဲ့သည်။ ရီးရဲမက်ဒရစ်အသင်းသည် ယခုသီတင်းပတ်အတွင်း ချန်ပီယံလိဂ်ပြိုင်ပွဲတွင်လည်း ဆွစ်ဇာလန်ကလပ် ဘေဆယ်ကို ငါးဂိုး-တစ်ဂိုးဖြင့် နိုင်ခဲ့သည်။ အန်ဆယ်လော့တီ၏ ရီးရဲမက်ဒရစ်အသင်းသည် လာလီဂါပွဲနှစ်ပွဲတွင် ရှုံးနိမ့်ခဲ့ရာ ဆိုစီဒက်ကို လေးဂိုး-နှစ်ဂိုး၊ အက်သလက်တီကိုကို နှစ်ဂိုး-တစ်ဂိုးဖြင့် ရှုံးထားသည်။

## တီဗက်ဇ် အနိုင်ဂိုးသွင်း

အီတလီစီးရီးအေတွင် ဂျူဗင်တပ်စ်တိုက်စစ်မှူး ကားလို့စ်တီဗက်ဇ်က အေစီမီလန်အသင်းကို အနိုင်ကစားရာ၌ တစ်လုံးတည်းသော အနိုင်ဂိုးကို သွင်းယူပေးနိုင်ခဲ့သည်။ အာဂျင်တီးနားတိုက်စစ်မှူး တီဗက်ဇ်၏ ယင်းအနိုင်ဂိုးကြောင့် ဂျူဗင်တပ်စ်တို့ စီးရီးအေဇယားထိပ်၌ သုံးမှတ်အသာဖြင့် ဦးဆောင်လျက်ရှိသည်။

ယင်းပြိုင်ပွဲတွင် ချယ်လ်ဆီးမှ နှစ်နှစ်အငှားခေါ်ယူခဲ့သော တိုက်စစ်မှူး တောရက်စ်က အေစီမီလန်အတွက် ဒုတိယပိုင်းတွင် လူစားဝင်ကစားခဲ့သည်။ သို့သော်လည်း တောရက်စ်သည် အသင်းသစ်နှင့် အသားမကျသေး၍ ချေပဂိုးမသွင်းနိုင်ဘဲ အဆုံးသတ်ခဲ့ရသည်။

ကောင်းမြတ်သူ
စုစည်းသည်

## ၁၀ မီတာ လေသေနတ်ပစ် တရုတ်ရွှေရ



တောင်ကိုရီးယားနိုင်ငံ အင်ချွမ်မြို့၌ ကျင်းပလျက်ရှိသော (၁၇) ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲတွင် တရုတ်နိုင်ငံက ရွှေတံဆိပ်ငါးခု၊ ငွေတံဆိပ်တစ်ခုနှင့် ကြေးတံဆိပ်ငါးခုဖြင့် ဇယားထိပ်၌ ရပ်တည်လျက်ရှိသည်။

အဆိုပါ အားကစားပြိုင်ပွဲတွင် ၁၀ မီတာလေသေနတ်ပစ် အမျိုးသမီးအသင်းလိုက်ပြိုင်ပွဲတွင် ဂေါ်ဂမ်ဂျွန်း၊ ကျန်မန်ယွမ်းနှင့် ကျောက်ကျင်ယန်းတို့အတွဲက ပထမဆုံး နိုင်ငံအတွက် ရွှေတံဆိပ်ဆု ဆွတ်ခူးနိုင်ခဲ့သည်။ ယင်းပြိုင်ပွဲတွင် တရုတ်အမျိုးသမီးအဖွဲ့က ရမှတ်ပေါင်း ၁၁၄၆ မှတ်ဖြင့် ပထမဆုဆွတ်ခူးခဲ့သည်။

ယင်းနောက်တွင် တရုတ်တိုင်ပေက ရမှတ်ငါးမှတ်လျော့ပြီး ငွေတံဆိပ်ရခဲ့သည်။ ကြေးတံဆိပ်ကို မွန်ဂိုလီးယားက ရမှတ် ၁၁၄၀ဖြင့် ဆွတ်ခူးခဲ့သည်။

## ကုန်အမှတ်တံဆိပ်သတိပေးတားမြစ်ခြင်း

ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ ၁၂-၈-၁၁ ရက်တွင် အောက်ဖော်ပြထားသော ပန်းနုနှင်းဆီ အမည်ဖြင့် ကုန်အမှတ်တံဆိပ်ကို မူပိုင်သုံးစွဲရန်အတွက် ဦးစိန်ဝင်း ၁၂/ဥကတ(နိုင်)၀၈၆၂၅၄ က မှတ်ပုံတင် အမှတ်-၄/၇၉၂၉ ဖြင့် မှတ်ပုံတင်ထားရှိပြီး ဖြစ်ပါသည်။




၄/၇၉၂၉/၂၀၁၁

အထက်တွင် ကပ်နိုပ်ဖော်ပြထားသော **ပန်းနုနှင်းဆီ** ဟူသော အမည်၊ ကုန်အမှတ်တံဆိပ်သည် ဦးစိန်ဝင်း အနေဖြင့် ၎င်းအမှတ်တံဆိပ် အမျိုးသမီးဝတ် ချည်ချောလုံချည်များနှင့် အဝတ်အထည်များကို ဝမ်းတွင်းမြို့၊ လျော်ပင်ရပ်ကွက်၊ မြခြူးအထည်စက်ရုံမှ ကိုယ်ပိုင်ဒီဇိုင်းဆန်းများဖြင့် ရက်လုပ်၍ ပလတ်စတစ်အိတ်၊ စက္ကူဘူး၊ ပါဆယ်ထုပ်များတွင် ထည့်သွင်းလျက် ထုပ်ပိုးပစ္စည်းအမျိုးမျိုးတို့ကိုလည်းကောင်း၊ ၎င်းအမည် ကုန်အမှတ်တံဆိပ်ကို အရောင်အမျိုးမျိုး၊ ဒီဇိုင်းအမျိုးမျိုး၊ အရွယ်အမျိုးမျိုးတို့ကိုပြုလုပ်ပြီး ကပ်နိုပ်၍ ရိုက်နှိပ်၍ အသားတံဆိပ်ပြုလုပ်၍ ရန်ကုန်မြို့နှင့်တကွ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတစ်ဝန်းရှိ အမြို့မြို့ အနယ်နယ်ဆိုင်တိုင်းတွင် အဆင့်မီအရည်အသွေးနှင့်အတူ ကောင်းသောဂုဏ်သတင်းဖြင့် ထုတ်လုပ်ဖြန့်ချိရောင်းချလျက်ရှိပါသည်။ **ပန်းနုနှင်းဆီ** အမည် အမှတ်တံဆိပ်ဖြင့် အမျိုးသမီးဝတ် ချည်ချောလုံချည်များနှင့် အဝတ်အထည်များကို မည်သူတစ်ဦးတစ်ယောက်ကိုမျှ ကိုယ်စားလှယ်ပေးခြင်း၊ မည်သည့်အင်တာနက်ဝက်ဘ်ဆိုက်၊ လူမှုကွန်ရက်ဝက်ဘ်ဆိုက်များမှလည်းကောင်း ဖြန့်ချိခြင်းမရှိဘဲ ရန်ကုန်မြို့၊ သိမ်ကြီးဈေး (ဘီရုံ) ဆိုင်အမှတ် ၃၀၃၊ ဝင်ပေါက် ၁၁၊ လိုင်း ၄ မြခြူးအထည်ဆိုင်မှ ဦးစိန်ဝင်း-ဒေါ်စန်းစန်းလွင်တို့မှ တိုက်ရိုက်ဖြန့်ချိလျက်ရှိပါသည်။

ယခုအခါ **ပန်းနုနှင်းဆီ** အမည်ကို အသုံးပြုလျက် ဈေးကွက်အတွင်းတွင် အတုအပ ဆင်တူယိုးမှား အမျိုးသမီးဝတ် ချည်ချောလုံချည်နှင့် အဝတ်အထည်များကို ထုတ်လုပ်ဖြန့်ချိရောင်းချနေကြောင်း ကြားသိရပါသည်။ ထို့ကြောင့် **ပန်းနုနှင်းဆီ** အမည် အမှတ်တံဆိပ်ကို ဦးစိန်ဝင်းမှတစ်ပါး အခြားသူတစ်ဦးတစ်ယောက်က တစ်စိတ်တစ်ဒေသဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ပုံတူပုံမှား၊ ထင်ယောင်ထင်မှား၊ ဆင်တူယိုးမှား၊ တုပအသုံးပြုလျက် ထုတ်လုပ်ဖြန့်ချိရောင်းချနေခြင်းအား ရပ်တန်းမှ ရပ်တန့်ကြရန်နှင့် ရောင်းချပြီးသော အထည်များကိုလည်း တစ်လအတွင်း ပြန်လည်ရုပ်သိမ်းပေးရန် အလေးအနက်သတိပေးတားမြစ်ပါသည်။ အကယ်၍ လိုက်နာခြင်းမရှိပါက ဦးစိန်ဝင်း၏လုပ်ငန်းထိခိုက် နစ်နာဆုံးရှုံးမှု ကုန်ကျစရိတ်များအတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၏ တည်ဆဲဥပဒေများနှင့်အညီ ပြစ်မှုကြောင်း၊ တရားမကြောင်းတို့ဖြင့် ထိရောက်စွာ အရေးယူတရားစွဲဆိုပြီး နစ်နာမှုအတွက် လျော်ကြေးများလည်း တောင်းဆို၍ အရေးယူမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

**ဦးသန်းဇော်အောင်**
**LL.B, WIPO (Switzerland), IVLP (USA)**
**ဥပဒေအတိုင်ပင်ခံရှေ့နေ**
**E-thanzawau@gmail.com**
**M-09-73106329, 09-254258154**



ပြည်တွင်းသတင်းနှင့်ကြော်ငြာ

# ရေလွှမ်းမှုကြောင့် နုန်းတင်မြေနုများ တင်ကျန်နေသည့် စာသင်ကျောင်း စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**ကသာ စက်တင်ဘာ ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့တွင် စက်တင်ဘာ ၁၈ ရက်က မိုးသည်းထန်စွာရွာသွန်းပြီး ရေလွှမ်းမိုးမှုကြောင့် ကသာမြို့ ပြည်သာယာရပ်ကွက်ရှိ အမှတ် (၆၀) အခြေခံပညာမူလတန်းကျောင်းမှာ ရေနစ်မြုပ်သွားခဲ့ရပြီး ရေပြန်ကျချိန်တွင် အဆိုပါ ကျောင်းဝင်းအတွင်း၊ အပြင်၌ နုန်းတင်မြေနုများနှင့် ရွှံ့ဗွက်များ တင်ကျန်ခဲ့သည်။

အမှတ်(၆၀) အခြေခံပညာမူလတန်းကျောင်းကို စက်တင်ဘာ ၂၁ ရက် နံနက် ၈ နာရီက ကသာမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကျော်အောင်မြင့်၏ ကြီးကြပ်မှုဖြင့် ကသာမြို့မရဲစခန်းမှ စခန်းမှူး ဒုရဲမှူးမိုးသူရိန် ဦးဆောင်သော တပ်ဖွဲ့ဝင် (၁၂) ဦး၊ ပြည်သာယာအုပ်ချုပ်ရေးမှူး ဦးခင်မောင်တင့်နှင့်အဖွဲ့ တန်ဆောင်တိုင် ပရဟိတမှ ဦးကျော်ဇင်၊ ဦးဇော်မျိုးဦးဆောင်သော ပရဟိတအဖွဲ့ဝင် ၆၀၊ စိမ်းရောင်စိုမှ ဦးကျော်မျိုးထွန်းဦးဆောင်သော သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့ဝင် (၁၅) ဦးတို့က စာသင်ကျောင်း အတွင်းအပြင်သန့်ရှင်းရေးကို ပူးပေါင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။**(အပေါ်ပုံ)**

ယင်းနေ့ နံနက်၁၁ နာရီတွင် ပူးပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခြင်းပြီးဆုံးသွားခဲ့ကြောင်းသိရသည်။

**ဦးရဲ(ကသာ)**



*** ကျောဖုံးမှ**

အသင်းက ဂျပန်လက်ရွေးစင် အမျိုးသားအသင်းအား နှစ်ပွဲပြတ်ဖြင့် လည်းကောင်း၊ မြန်မာ့လက်ရွေးစင် အမျိုးသမီး(နှစ်ယောက်တွဲ)အသင်းက ဂျပန်လက်ရွေးစင် အမျိုးသမီးအသင်းအား နှစ်ပွဲပြတ်ဖြင့် အနိုင်ရရှိကြကာ ဗိုလ်လုပွဲသို့ တက်ရောက်သွားကြသည်။

ဗိုလ်လုပွဲကို စက်တင်ဘာ ၂၂ ရက်တွင် ကျင်းပမည်ဖြစ်ပြီး မြန်မာ့လက်ရွေးစင်အမျိုးသား(နှစ်ယောက်တွဲ)အသင်းက ကိုရီးယားအမျိုးသားလက်ရွေးစင်အသင်းနှင့် လည်းကောင်း၊ မြန်မာ့လက်ရွေးစင် အမျိုးသမီး(နှစ်ယောက်တွဲ)အသင်းက လာအိုအမျိုးသမီးလက်ရွေးစင်အသင်းတို့နှင့် လည်းကောင်းယှဉ်ပြိုင်ကစားသွားကြမည် ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## သဲသောင်ပြင်ဘောလုံးလူရွေးပွဲတွင် မလိခနှင့် UPT တို့ ဆီမီးတက်

**ရန်ကုန် စက်တင်ဘာ ၂၁**

မြန်မာ့လက်ရွေးစင် သဲသောင်ပြင်ဘောလုံးအသင်းဖွဲ့စည်းရန် ကျင်းပသည့် လူရွေးပွဲ ကွာတားဖိုင်နယ် ပထမနေ့ပွဲစဉ်များကို ယနေ့ ညနေ ၃ နာရီက သုဝဏ္ဏ ပန်းခြံကွင်းတွင်ကျင်းပရာ မလိခအသင်းနှင့် UPT အသင်းတို့ ဆီမီးဖိုင်နယ်သို့ တက်ရောက်သွားသည်။

ကွာတားဖိုင်နယ်ပထမနေ့ပွဲစဉ်များတွင် မလိခအသင်းက All Star အသင်းကို ခုနစ်ဂိုး-လေးဂိုးဖြင့် အနိုင်ရရှိပြီး UPT အသင်းနှင့် PPL အသင်းတို့မှာ သာမန်ပွဲကစားချိန်အတွင်း၌ ငါးဂိုးစီ သရေကျနေ၍ ပယ်နယ်တီဖြင့်ဆုံးဖြတ်ရာ UPT အသင်းက စုစုပေါင်း ရှစ်ဂိုး-ခြောက်ဂိုးဖြင့် အနိုင်ရရှိသည်။ ကွာတားဖိုင်နယ် ဒုတိယနေ့ပွဲစဉ်များကို စက်တင်ဘာ ၂၂ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။

**ဖိုးသော်ဇင်**

## ရေနံချောင်းမြို့တွင် မြေတူးစက်ဖြင့်မြေညှိရာမှ စစ်ကျန်ဗုံး တစ်လုံးတွေ့ရှိ

**ရေနံချောင်း စက်တင်ဘာ ၂၁**

မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့ ကျောက်ကုန်းရပ်ကွက်တွင် စက်တင်ဘာ ၂၀ ရက် မွန်းတည့် ၁၂ နာရီက တိုင်းရင်းဆေးရုံသစ်ဆောက်လုပ်ရန်အတွက် မြေတူးရာမှ ဗုံးသီးဟောင်းတစ်လုံးတွေ့ရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ အောင်အောင်ကုမ္ပဏီမှ မြေတူးစက်ဖြင့် မြေညှိနေစဉ် မြေကြီးအတွင်းမှ စစ်ကျန်ဗုံးဟုယူဆရသည့် လေယာဉ်ဗုံးအမျိုးအစား ထိပ်ဖူးပိုင်းမှ ဒလက်အထိ အရှည် ၁၅ လက်မခန့်၊ လုံးပတ် ၃ လက်မခန့်ရှိ ဒလက်ခြောက်ခုပါ ပင်ဖြုတ်ထားသည့် ဗုံးသီးဟောင်းတစ်လုံးကို တွေ့ရှိခဲ့ကြောင်း သိရသည်။

အဆိုပါဗုံးသီးဟောင်းတွေ့ရှိနေရာသို့ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်ခိုင်နှင့်အဖွဲ့၊ ခေတ္တမြို့နယ် ရဲတပ်ဖွဲ့မှူး ဒုရဲမှူး တင်မောင်လွင်နှင့် ရဲတပ်ဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ ရောက်ရှိစစ်ဆေးချက်အရ ထိုဗုံးသီးတွေ့ရှိနေရာသည် အိမ်ခြေသုံးလုံးနှင့် ကိုက် ၁၀၀ ခန့်သာကွာဝေးသဖြင့် ဗုံးသီးကို ပေါက်ကွဲမှုမဖြစ်ပေါ်စေရေးနှင့် နေရောင်ခြည်ထိတွေ့မှုမဖြစ်စေရေးအတွက် အဆိုပါဗုံးသီးကို ရေအဝတ်ပတ်ပြီး အဆိုပါတွေ့ရှိနေရာနှင့် ကိုက် ၅၀ ခန့်အကွာ အန္တရာယ်ကင်းသည့် အရိပ်အောက်တွင် ထားရှိစောင့်ကြပ်လျက်ရှိပြီး မကွေးမြို့နယ်မြေခံတပ်သို့ ဆက်သွယ်အကြောင်းကြား ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကျော်ဇေယျ**



# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပြည်ထောင်စုရာထူးဝန်အဖွဲ့
# Union Civil Service Board

## နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများမှကောက်နုတ်ချက်

၁။ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများကို ပြည်ထောင်စုရာထူးဝန်အဖွဲ့က ၂၆-၃-၂၀၁၄ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁၂/၂၀၁၄ ဖြင့် ထုတ်ပြန်ခဲ့ပြီးဖြစ်ရာ အဆိုပါနေ့မှစတင်၍ အာဏာတည်ပါသည်။

၂။ ဝေးလံခေါင်သီသောဒေသများနှင့် ခရီးလမ်းပန်းဆက်သွယ်မှု ခက်ခဲသော ဒေသများတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် နိုင်ငံ့ဝန်ထမ်းများအား တာဝန်ထမ်းဆောင်ရာတွင် အထောက်အကူဖြစ်စေရန်နှင့် ဝန်ထမ်းအခွင့်အရေးများ နစ်နာဆုံးရှုံးမှုမရှိစေရန်အလို့ငှာ အဆိုပါနိုင်ငံ့ဝန်ထမ်း နည်းဥပဒေများအနက်မှ ဝန်ထမ်းများသိရှိသင့်သည့်အချက်များကို ကောက်နုတ်၍ ဖော်ပြခြင်းဖြစ်ပါသည်။

**အယူခံခြင်း**

၃။ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ အခန်း(၂၀)တွင် အယူခံခြင်းနှင့် စပ်လျဉ်း၍ နည်းဥပဒေ ၂၁၈ မှ နည်းဥပဒေ ၂၂၈ အထိ သတ်မှတ်ပြဋ္ဌာန်းထားရှိရာ ယင်းတို့အနက် အောက်ဖော်ပြပါ နည်းဥပဒေအချို့ကို ကောက်နုတ်၍ဖော်ပြအပ်ပါသည်-

နည်းဥပဒေ ၂၁၈။ ဌာနဆိုင်ရာအရေးယူမှုတွင် ဝန်ထမ်းသည် ချမှတ်ခြင်းခံရသည့်နည်းဥပဒေ ၂၀၉ အရ ဝန်ထမ်းဆိုင်ရာ ပြစ်ဒဏ်များနှင့် စပ်လျဉ်း၍လည်းကောင်း၊ အမိန့်၊ ဆုံးဖြတ်ချက်နှင့်စပ်လျဉ်း၍လည်းကောင်း မကျေနပ်ပါက အယူခံမှုတင်သွင်းခွင့်ရှိသည်။

နည်းဥပဒေ ၂၁၉။ အယူခံမှုတင်သွင်းလိုသည့်ဝန်ထမ်းက လျှောက်ထားတောင်းခံပါက ဌာနဆိုင်ရာ စစ်ဆေးမှုတွင် နှုတ်ဖြင့် စစ်ဆေးသည့် သက်သေများ၏ထွက်ဆိုချက်မှတ်တမ်းနှင့်ဌာနဆိုင်ရာ စစ်ဆေးရေးအဖွဲ့၏ အစီရင်ခံစာမိတ္တူတို့ကို ထုတ်ပေးရမည်။

နည်းဥပဒေ ၂၂၀။ ဝန်ထမ်းသည် ဌာနဆိုင်ရာအရေးယူမှုတွင်ချမှတ်သော ပြစ်ဒဏ်နှင့်စပ်လျဉ်း၍လည်းကောင်း၊ အမိန့်၊ ဆုံးဖြတ်ချက်နှင့် စပ်လျဉ်း၍လည်းကောင်း မကျေနပ်ပါက အမိန့်စာလက်ခံရရှိသည့် နေ့ရက်မှစ၍ ခြောက်လအတွင်းတွင် မူလပြစ်ဒဏ် သို့မဟုတ် အမိန့် သို့မဟုတ် ဆုံးဖြတ်ချက် ချမှတ်ခဲ့သည့်အဆင့်၏ အထက်အဆင့်အကြီးအမှူးထံသို့ အယူခံလွှာကို ပုံစံ (၁၂)ပါအတိုင်း တင်သွင်းနိုင်သည်။ သတ်မှတ်ထားသည့် အယူခံကာလထက်ကျော်လွန်မှ တင်သွင်းလာသည့် အယူခံလွှာကို သာမန်အားဖြင့် လက်ခံစဉ်းစားခြင်းမပြုရ။ သို့ရာတွင် ခိုင်လုံသော အကြောင်းပြချက်တင်ပြနိုင်ပါက အယူခံကာလကန့်သတ်ချက်ကို လျှော့ပေါ့ရန် စဉ်းစားနိုင်သည်။ အယူခံလွှာကို လက်ခံ၍စစ်ဆေးပေးနိုင်သည်။

နည်းဥပဒေ ၂၂၁။ အယူခံလွှာကိုတင်သွင်းရာတွင်-

(က) အမှုကိစ္စနှင့်သက်ဆိုင်သည့် အကြောင်းအရာအကျဉ်းချုပ်ကို ဖော်ပြရမည်။

(ခ) အယူခံလွှာတင်သွင်းသည့်အချက်နှင့် ယင်းကို အထောက်အကူဖြစ်စေမည့် အကြောင်းအချက်များ ပါဝင်စေရမည်။

(ဂ) သက်ဆိုင်ရာဝန်ထမ်းအဖွဲ့အစည်းကို ထိခိုက်စေမည့် အသုံးအနှုန်းများနှင့် ပုဂ္ဂိုလ်ရေးထိပါးပုတ်ခတ်မှုများ မပါရှိစေရ။

(ဃ) အယူခံလွှာတင်သွင်းသူကိုယ်တိုင် လက်မှတ်ရေးထိုးရမည်။

(င) အမှုကိစ္စနှင့် သက်ဆိုင်သည့် အမိန့်စာ မိတ္တူတစ်စောင် ပူးတွဲပါရှိရမည်။

(စ) မူလပြစ်ဒဏ် သို့မဟုတ် အမိန့် သို့မဟုတ် ဆုံးဖြတ်ချက် ချမှတ်ခဲ့သည့်အဆင့်၏ အထက်အဆင့်အကြီးအမှူးထံသို့ တင်သွင်းရမည်။

နည်းဥပဒေ ၂၂၂။ အယူခံမှုကို ဆုံးဖြတ်ခွင့်နှင့်စပ်လျဉ်း၍-

(က) မူလပြစ်ဒဏ် သို့မဟုတ် အမိန့်ကိုချမှတ်ခဲ့သူ၏ အထက်အဆင့် အကြီးအမှူးက ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်သည့် အယူခံအဖွဲ့သည် ထိုပြစ်ဒဏ်သို့မဟုတ် အမိန့်နှင့်စပ်လျဉ်းသည့် အယူခံမှုကို ဆုံးဖြတ်ခွင့်ရှိသည်။ မူလပြစ်ဒဏ် သို့မဟုတ် အမိန့်ကိုချမှတ်ခဲ့ရာတွင် ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းအကြီးအမှူးကိုယ်တိုင် ပါဝင်ခဲ့လျှင် ယင်းကပင် အယူခံအဖွဲ့၏ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်၍ မူလအမှုကို ဆုံးဖြတ်ရာ၌ မပါဝင်သူနှစ်ဦးကို အယူခံအဖွဲ့ဝင်များအဖြစ် ထည့်သွင်းဖွဲ့စည်းပြီး အယူခံမှုကို ဆုံးဖြတ်ရမည်။

(ခ) ဝန်ကြီးဌာနနှင့်အဖွဲ့အစည်းအကြီးအမှူးများက အယူခံဝင်သည့် အမှုမှအပ အခြားအယူခံမှုများသည် သက်ဆိုင်ရာ ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းအဆင့်၌ပင် ပြီးပြတ်စေရမည်။

(ဂ) ဝန်ထမ်းအဖွဲ့အစည်းအလိုက် အယူခံဆုံးဖြတ်ခွင့်ရှိသည့် အယူခံအဖွဲ့အဆင့်ဆင့်ကို သတ်မှတ်ရမည်။

နည်းဥပဒေ ၂၂၆။ အယူခံမှုတွင် ချမှတ်သည့် ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်သည်။

**ပုံစံ(၁၂)**

**အယူခံလွှာပုံစံ**
**(နည်းဥပဒေ ၂၀၀၆၊ ၂၂၀)**

သို့

. . . . . . . . . . . . . .

. . . . . . . . . . . . . .

အကြောင်းအရာ။ (မည်သည့်ပြစ်ဒဏ် သို့မဟုတ် အမိန့်ကို အယူခံဝင်ခြင်းဖြစ်ကြောင်း ဖော်ပြရန်)။

၁။ အယူခံဝင်သူ

အမည် . . . . . . . . . . . . . .

ရာထူး . . . . . . . . . . . . . .

နေရပ်လိပ်စာ . . . . . . . . . . . . . .

၂။ အယူခံဝင်သော အမှုကိစ္စနှင့်ပတ်သက်သည့် အချက်အလက်များ အမှုအကြောင်းအရာ(အယူခံဝင်လိုသော ပြစ်ဒဏ် သို့မဟုတ် အမိန့်ကို ချမှတ်ခဲ့သည့်မူလအမှု၏အကြောင်းအရာ အကျဉ်းချုပ်ကို ဖော်ပြရန်)။

ချမှတ်သည့် ပြစ်ဒဏ် သို့မဟုတ် အမိန့်(မူလအမှုတွင် ချမှတ်ခဲ့သည့် ပြစ်ဒဏ် သို့မဟုတ် အမိန့်ကို ဖော်ပြ၍ သက်ဆိုင်ရာအမိန့်စာမိတ္တူကို ပူးတွဲတင်ပြရန်)။

၃။ အယူခံသည့်အချက်။ (အယူခံသည့်အချက်နှင့် ထိုအချက်ကိုအထောက်အကူဖြစ်စေမည့် အကြောင်းအချက်များကို ဖော်ပြရန်)။

၄။ အယူခံဝင်သည့် အမှုကိစ္စနှင့်ပတ်သက်၍ အခြားတင်ပြချက်များ(ရှိလျှင်)၊ (အယူခံဝင်သည့် အမှုနှင့်ဆက်စပ်နေသည့် အချက်အလက်များ တင်ပြရန်ရှိပါက ဖော်ပြရန်)။

(အယူခံဝင်သူ၏လက်မှတ်)

ရက်စွဲ။ . . . . . . . . . . .

**နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများအနက် အခြားသိရှိသင့်သည့်အချက်များကို ဆက်လက်ဖော်ပြသွားပါမည်။**

## ပြည်တွင်းသတင်းနှင့် ဆောင်းပါး

### လျှပ်စစ်ဆိုင်ရာလုပ်ငန်းများ တွေ့ဆုံဆွေးနွေး

**မူဆယ် စက်တင်ဘာ ၂၁**

စက်တင်ဘာ ၁၉ ရက် မွန်းလွဲ ၁ နာရီက ရှမ်းပြည်နယ် အစိုးရအဖွဲ့ အဖွဲ့ဝင် ပြည်နယ်လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီး ဦးစိုင်းထွန်းရင်နှင့် ဒေသခံပြည်သူများ လျှပ်စစ်ဆိုင်ရာလုပ်ငန်းကိစ္စရပ်များ တွေ့ဆုံဆွေးနွေးပွဲကို မူဆယ်မြို့ မြောက်ရပ်ကွက်၊ မဟာဝန်မြောက်ကျောင်း၌ ကျင်းပသည်။

အဆိုပါတွေ့ဆုံပွဲတွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးဦးစိုင်းထွန်းရင်က မူဆယ်ဒေသပြည်သူများ လျှပ်စစ်မီး ရရှိသုံးစွဲမှုနှင့်ပတ်သက်၍ ရှင်းလင်းပြီးနောက် တက်ရောက်လာကြသော မူဆယ်၊ နမ့်ခမ်း၊ ကွတ်ခိုင်၊ ပန်ဆိုင်း (ကြူကုတ်) မြို့နယ်များမှ အုပ်ချုပ်ရေးမှူးနှင့် ဒေသခံပြည်သူများက မေးမြန်းတင်ပြသော လျှပ်စစ်ဆိုင်ရာ ကိစ္စရပ်များကို ဝန်ကြီးက အသေးစိတ်ရှင်းလင်း၍ ပြန်လည်ဖြေကြားခဲ့ပြီး ကျေးရွာလျှပ်စစ်မီးလင်းရေးအတွက် ညှိနှိုင်းဆွေးနွေးသွားမည်ဖြစ်ကြောင်း သိရသည်။

**အယ်လ်စိုး(iprd)**



### ပြည်တောင်တန်းတောရ ဆွမ်းဆန်တော်လောင်းလှူပွဲကျင်းပမည်

**ပြည် စက်တင်ဘာ ၂၁**

ပြည်ခရိုင် ပြည်မြို့ ပြည်တောင်တန်းတောရကျောင်းများ ဆန်လှူအသင်းကြီး၏(၃၃)ကြိမ်မြောက် ဆွမ်းဆန်တော်လောင်းလှူပွဲကြီးကို(၁၃၇၆ ခုနှစ် တော်သလင်းလပြည့်ကျော် ၁၅ ရက်) စက်တင်ဘာ ၂၃ ရက် မွန်းလွဲ ၁ နာရီတွင် ဗိုလ်ချုပ်လမ်း ဆံတော်ရပ်သာသနာ့ဗိမာန်တော်ကြီး၌ တောရကျောင်း ၂၉၄ ကျောင်းမှ ရဟန်းသာမဏေသီလရှင်အပါး ၁၉၀၀ ကျော်တို့ကို လောင်းလှူပူဇော်မည်ဖြစ်သည်။ သို့ပါ၍ကုသိုလ်ရှင်တို့မှ ဆွမ်းဆန်တော်၊ ဆီ၊ ဆေး၊ ဆားနှင့်အလှူငွေစသည်များကို ဦးမောင်မောင်အေး(ဥက္ကဋ္ဌ)ဖုန်း- ၀၉-၅၃၁၀၈၉၀၊ ၀၅၃-၂၉၀၀၁၊ ၀၅၃-၂၉၀၀၂၊ ဦးမြင့်ဆွေ(အတွင်းရေးမှူး) ဖုန်း-၀၅၃-၂၇၃၄၇၊ ၀၅၃-၂၆၁၉၅၊ ပြည်တောင်တန်းတောရကျောင်းများ ဆန်လှူအသင်းရုံး ဖုန်း-၀၅၃-၂၇၈၅၀ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **မြင့်နိုင်(ပြည်)**

### ဥပဒေများလေးစားလိုက်နာရေး အသိပေးဟောပြော

**မြောင်းမြ စက်တင်ဘာ ၂၁**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့ပေါ်ရှိ အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူများ မူခင်းကျဆင်းရေး၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့်အခြားဥပဒေများ လေးစားလိုက်နာရေးအတွက် အသိပညာပေးဟောပြောပွဲကို စက်တင်ဘာ ၁၉ရက် နံနက် ၁၀နာရီက မြောင်းမြမြို့ အမှတ်(၇) အထက(ကွယ်လွယ်ကျောင်းခန်းမ) ၌ကျင်းပရာ အထက(၇) ကျောင်းအုပ်ဆရာကြီး ဦးထွေးရီက အမှာစကားပြောကြားပြီး သက်ဆိုင်ရာမှ ယာဉ်လိုင်စင်များအကြောင်း၊ မူးယစ်ဆေးဝါးများနှင့် လူမှောင်ခိုကူးခြင်းတို့ကို ပရိုဂျက်တာများဖြင့် ပြသရှင်းလင်းပြီး ကျောင်းသား ကျောင်းသူလေးများ ယာဉ်အန္တရာယ်ကင်းရှင်းရေး၊ ယာဉ်တိုက်မှုအန္တရာယ်ကင်းဝေးရေးအတွက် ဟောပြောခြင်း၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အချက်အလက်သရုပ်ပြသဆောင်ရွက်ခဲ့ကြကြောင်းသိရသည်။ **(ခရိုင်ပြန်/ဆက်)**


**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၁ဃ/၈၃၅ Honda C 90 Custom CMS ယာဉ်လက်ဝယ်ရှိသူ ဦးဝဏ္ဏဝင်း ၉/အမဇ(နိုင်)၀၀၈၀၇၅က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၈ဃ/၄၈၃၇၊ KTS Light Truck (KTS-T2) P/U(4 ×2)R ယာဉ်လက်ဝယ်ရှိသူ ဦးအောင်သူ ၇/ရတန(နိုင်) ၁၁၁၇၀၃က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)၊မန္တလေးမြို့**

**ယာဉ်မှတ်ပုံတင်ခွင့် လျှောက်ထားခြင်း**

ယာဉ်အမှတ် ၈ဃ/၆၄၉၃၊ AMS Ever Like (FIJ-01) S/W(4×2)® ယာဉ်လက်ဝယ်ရှိသူ ဦးရှောက်စိန် ၉/မရမ(နိုင်) ၀၇၈၂၁၁က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ်9F/7448 တိုယိုတာဟိုင်းလပ် Surf၊ စတေရှင်ဝက်ဂွန် (၄×၄) R ယာဉ်လက်ဝယ်ရှိသူ ဦးမောင်ကျော် LSO-၂၀၆၃၈၈၈ (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ တွဲဖက်ပြည်နယ်ရုံး(လားရှိုး)**

**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၂၅ဃ/၆၈၃၁၂ Zong shen 110 မော်တော်ဆိုင်ကယ် ယာဉ်လက်ဝယ်ရှိသူ ဦးတွမ်ပြီရှင်(ခ)ဝင်းမောင် ၁၃/လရန(နိုင်)၀၅၆၃၀၉က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ တွဲဖက်ပြည်နယ်ရုံး(လားရှိုး)**

မှတ်ပုံတင်သက်တမ်းကြာမြင့်သော ဖျက်သိမ်းယာဉ်အတွက် အဖွဲ့ထောက်ခံချက်ပေးပို့ခြင်း

**ပုံစံ(ဃ)ပျောက်ဆုံးမိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ဓ/၁၇၃၈၊ Hino Truck (4×2) ယာဉ်လက်ဝယ်ရှိသူ ဦးငွေရှင် ၉/တတဥ(နိုင်)၀၈၉၃၆၄က မှတ်ပုံတင်ကြာမြင့်သော ဖျက်သိမ်းယာဉ်အတွက် အဖွဲ့၏ထောက်ခံချက်ပေးပို့ခြင်း ပုံစံ(ဃ)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး၊ မန္တလေးသို့လျှောက်ထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**ဦးငွေရှင် ၉/တတဥ(နိုင်)၀၈၉၃၆၄**
**ဝတဲရွာ၊ တံတားဦးမြို့**

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၂၈ဃ/၇၉၈၂၀၊ Yamaha Tricker 250 R, M/C ယာဉ်လက်ဝယ်ရှိသူ ဦးသန်းဆက်ဝင်း ၉/မကန(နိုင်) ၁၄၄၇၀၈က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့**

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၁၂ဃ/၁၅၃၀၅ Honda Wave 100, M/C ယာဉ်လက်ဝယ်ရှိသူ ဦးခင်မောင်စိုး ၉/မရမ(နိုင်)၀၇၇၀၉၉က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၂၅ဃ/၄၇၅၈ Sunbo 125, MC ယာဉ်လက်ဝယ်ရှိသူ ဦးဆန်းထွန်းအောင် ၉/မဟမ(နိုင်)၀၂၅၅၅၄က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့**

**အမည်မှန်**

ဦးဆမ်ကပ်၏သမီး ကျိုင်းတုံမြို့၊ အထက(၃) ပဥ္စမတန်း(B)မှ မမီတူး၏ အမည်မှန်မှာ မအမ်နပ်ဖြစ်ပါကြောင်း။ **မအမ်နပ်**

**ပျောက်ဆုံးကြောင်း**

ကျွန်တော် မောင်အောင်လွင်တိုး ၁၀/ကမရ(နိုင်)၀၅၇၆၄၁ ၏ နိုင်ငံကူးလက်မှတ်အမှတ်-၄၂၉၂၁၃ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၂၅၂၇၄၁၂၆**

**မိဘအမည်မှန်**

ကျိုင်းတုံမြို့၊ အထက(၃) တက္ကသိုလ်ဝင်တန်း(C)မှ မနာဘိုရီး ၁၃/ကတန(နိုင်) ၁၆၄၁၅၂ ၏မိဘအမည်မှန်မှာ ဦးကျရူ ၁၃/ကတန(နိုင်)၀၂၇၃၉၁ နှင့် ဒေါ်နာအူ ၁၃/ကတန(နိုင်)၀၂၇၃၉၀ ဖြစ်ပါကြောင်း။

**ဖခင်အမည်မှန်**

ဒိုက်ဦးမြို့နယ်၊ အထက(၁) တက္ကသိုလ်ဝင်တန်း(D)မှ မောင်မျိုးသူအောင် ၇/ဒဥန(နိုင်)၁၆၄၈၈၇၏ဖခင် ဦးမျိုးသန့်နိုင်၏ အမည်မှန်မှာ ဦးမျိုးသန့်ခိုင် ၇/ပခန(နိုင်)၂၅၁၁၆၁ ဖြစ်ပါကြောင်း။

**ဖြည့်စွက်ခေါ်ပါရန်**

ဦးယားဘို၏သမီး မိုင်းဆတ်မြို့၊ အထကအဋ္ဌမတန်းမှ မဂျာနာလင်းအား မဂျာနာလင်း(ခ)မဇီပေါ်ရဟု အမည်ဖြည့်စွက်ခေါ်ပါရန်။ **မဂျာနာလင်း(ခ)မဇီပေါ်ရ**

**တစ်ဦးတည်းဖြစ်ကြောင်း**

ဦးကျော်အေး(ခ) ဦးအိုက်အေး၏သား ဦးအိုက်ကြာ(ခ) ဦးမိုင်းဟန်(ခ) ဦးစိုင်းမိန်းဟန် ၁၃/သပန(နိုင်)၀၀၅၇၅၆မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ကန့်ကွက်နိုင်ပါသည်**

ယာဉ်အမှတ် ၁၀ဃ/၄၀၀၉၁ Luojia-110 ယာဉ်လက်ဝယ်ရှိသူ ဦးသိန်းလှ ၈/မလန(နိုင်)၀၀၇၅၆၇က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း ကညန၊ တိုင်းရုံး (မကွေး)သို့ လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန်။ **ကညန၊ တိုင်းရုံး (မကွေး)**

**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၄ဂ/၅၆၂၆ တိုယိုတာကိုရိုလာ AE104, စတေရှင်ဝက်ဂွန် (၄×၄)R ယာဉ်လက်ဝယ်ရှိသူ ဒေါ်သန်းသန်းအေး(ခ)ဂူချုံမှမ်း ၁၃/လရန(နိုင်)၀၅၉၆၇၀က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ တွဲဖက်ပြည်နယ်ရုံး (လားရှိုး)**

# မြေနီကုန်းခုံးကျော်တံတားတည်ဆောက်မှု ယာဉ်များသွားလာရေး ယခင်ပုံမှန်အတိုင်းရှိနေ

**သတင်း-တင်ဝင်းလေး(ကြည့်မြင်တိုင်)**
**ဓာတ်ပုံ-မြင့်အောင်(စက်မှုဆေးဝါး)**

ခရီးသွားပြည်သူများ သွားလာမှု အဆင်ပြေ ချောမွေ့စေရေးအတွက် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့က လူကူးခုံးကျော်တံတားများ ယာဉ်သွားလာနိုင်ရေး ခုံးကျော်တံတားများကို ဆက်တိုက်တည်ဆောက်လျက်ရှိသည်။

ယခုတစ်ဖန် အများပြည်သူများ၏ဆန္ဒနှင့်အညီ စမ်းချောင်းမြို့နယ်အတွင်း မြေနီကုန်းခုံးကျော်တံတားတစ်စင်းကို ပြည်လမ်းပေါ်၌ အလျားလိုက်တည်ဆောက်နေပြီ ဖြစ်သည်။

မြေတိုင်းတာမှုလုပ်ငန်းများကို ဩဂုတ် ၁၃ ရက်မှ စတင်ခဲ့ပြီး ပန္နက်တင် မင်္ဂလာအခမ်းအနားကို စက်တင်ဘာ ၆ ရက် နံနက်က ကျင်းပသည်။ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေ အမှူးပြုသော တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ တံတားတည်ဆောက်မည့် ကုမ္ပဏီမှ တာဝန်ရှိသူများက ပန္နက်တင်ပေးခဲ့ကြသည်။

တံတားတည်ဆောက်ခြင်းကို ဇုန်အလိုက် အပိုင်းသုံးပိုင်း ပိုင်းခြားတည်ဆောက်ခြင်းဖြစ်သည်။ ဇုန်(၁)မှာ ပြည်လမ်း ဒဂုံစင်တာရှေ့မှ ဗားကရာ မီးပွိုင့်ဆုံအထိဖြစ်သည်။ ဇုန်(၂)မှာ ဗားကရာလမ်းဆုံမှ ရှင်စောပုလမ်းဆုံအထိဖြစ်သည်။ ဇုန်(၃)မှာ ရှင်စောပုလမ်းဆုံမှ ပြည်သူ့ဥယျာဉ်ရှေ့အထိဖြစ်သည်။

ယခုအခါ အလယ်တိုင်များ တည်ဆောက်ရန်အတွက် ဇုန်(၁)၊ ဇုန်(၂)အပိုင်းအတွင်း အလယ်မျဉ်းဖြူကို ခွာကာ အကာအရံများကာရံပြီး လုပ်ငန်းများစတင်နေပြီမှာ နှစ်ပတ်ခန့်ရှိပြီဖြစ်သည်။

အကာအရံများ၏ ဘေးတစ်ဖက်တစ်ချက်စီတွင် မော်တော်ကားနှစ်စီး တစ်ပြိုင်နက် သွားလာနိုင်ပြီး လိုင်းကားယာဉ်ကြီးများ ဆိုပါက တစ်စီးချင်း ချောင်ချောင်ချိချိ သွားနိုင်သည့် အနေအထားရှိသည်ကို တွေ့ရှိရသည်။

စက်တင်ဘာ ၁၈ ရက် နံနက် ၉ နာရီကတစ်ကြိမ်၊ မွန်းလွဲ ၂ နာရီက တစ်ကြိမ် သတင်းအဖွဲ့အနေဖြင့် ဓာတ်ပုံမှတ်တမ်းတင်လျက်လေ့လာမှုပြုခဲ့သည်။ နံနက်ပိုင်းရုံးများ၊ ကုမ္ပဏီများ၊ ဈေးများနှင့် ကျောင်းများသို့ သွားချိန်ဖြစ်သော်လည်း ယာဉ်ကြောရှည်လျားစွာ တအိအိဖြင့် မောင်းနှင်နေရသည့်အနေအထားမျိုးကို မတွေ့ရပေ။

**တွေ့ရှိခဲ့ရ**

မြို့ထဲဘက်သို့သွားသော လမ်းကြောတွင် အကာအရံဘေးမှ ယာဉ်ငယ်နှစ်စီးယှဉ်လျက်မောင်းနှင်နေကြ



သကဲ့သို့ လိုင်းကားယာဉ်ကြီးများ အနေဖြင့် တစ်စီးချင်း ပုံမှန်မောင်းနှင်နေမှုကို လေ့လာတွေ့ရှိခဲ့ရသည်။

ရှင်စောပုလမ်းဆုံ မီးပွိုင့်တွင် တာဝန်ကျနေသော ယာဉ်ထိန်းရဲကြီး တစ်ဦးထံ ယာဉ်များသွားလာမှုနှင့် ပတ်သက်၍ စနည်းနာကြည့်ခဲ့သည်။ ယာဉ်ထိန်းရဲကြီးက "ထူးထူးခြားခြားကြီး ပိတ်သွားတာ၊ ယာဉ်ကြော ရှုပ်သွားတာတော့ မရှိသေးပါဘူး။ ဒီရှင်စောပု မီးပွိုင့်၊ မြေနီကုန်းမီးပွိုင့်တွေကနေ ထိန်းလွှတ်ပေးထားပါတယ်။ ပြည်လမ်းကြောမှာက ခရီးသည်တင် လိုင်းကားကြီးတွေရှိတယ်။ ရှင်စောပုလမ်းကြောမှာက ကိုယ်ပိုင်ယာဉ်တွေများတယ်၊ ဗားကရာလမ်းကြော၊ ပြည်လမ်းကြော၊ ရှင်စောပုလမ်းကြောမီးပွိုင့်တွေကို ချိန်ဆပြီး လွှတ်ပေးနေတာကြောင့် အခုအချိန်ထိတော့ အဆင်ပြေနေပါတယ်" ဟု ဆိုသည်။

ထိုမှ ခရီးသည်တင်ယာဉ်လိုင်းတစ်လိုင်းဖြစ်သည့် ၁၂၄ ပေါ်သို့ တက်ရောက်စီးနင်းပြီး ယာဉ်မောင်း၊ ယာဉ်နောက်လိုက်တို့နှင့် စကားစမြည်ပြောကြည့်ရာ "ဒီမနက်ပိုင်းထက် ညနေပိုင်းမှာ အပြန်လမ်းကြောက ယာဉ်ထက် နည်းနည်းလေးတော့ လမ်းကြောကျပ်တယ်။ ဒါထက် တခြားနေရာတွေမှာလိုပဲ ဒီတံတားကြောင့်တော့မဟုတ်သေးဘူး၊ တစ်ယောက်နဲ့တစ်ယောက် နားလည်မှုပေး မောင်းသွားကြရင် အဆင်ပြေပါတယ်။ ဒါမှမဟုတ် လမ်းကြောပြောင်းမောင်းရရင် လိုင်းအတွက်ရော ခရီးသည်တွေအတွက်ပါ ပိုအခက်အခဲဖြစ်နိုင်တယ်" ဟု ဆိုသည်။

ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့မှ ဖွဲ့စည်းပေးထားသော မထသ (ဗဟို)အပါအဝင် "တံတားများတည်ဆောက်ရေး ပေါင်းစပ်ညှိနှိုင်းကော်မတီ" အနေဖြင့်လည်း လမ်းဘေးသားများ တိုးချဲ့ခြင်း၊ လိုအပ်ပါက ခရီးသည်တင် လိုင်းကားများကို လမ်းကြောင်းပြောင်း ပြေးဆွဲပေးသွားမည်ဟုဆိုထားရာ ခရီးသွားပြည်သူများ ပုံမှန်အနေအထားထက် ကျပ်တည်းလာမှု ရှိ/မရှိကို စောင့်ကြည့်လျက်ရှိနေပြီး လိုအပ်ပါက အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

စက်တင်ဘာ ၁၉ ရက်ကလည်း ကြည့်မြင်တိုင်မြို့နယ် အတွင်းနေ အငှားယာဉ်မောင်းသူ ဦးရဲလင်းက "ကျွန်တော် ဖြတ်သွား ဖြတ်လာရက်တွေ အချိန်တွေကတော့ ယာဉ်ကြောကျပ်လို့ စိတ်ညစ်ခဲ့ရတာမရှိသေးဘူး။ အရင် လှည်းတန်း၊ ရွှေဂုံတိုင်၊ ဘုရင့်နောင်တံတားကြီးတွေ တည်ဆောက်စဉ်ကလောက်တော့ မဆိုးသေးဘူး။ နောက်တော့ မပြောတတ်ဘူး" ဟု ဆိုခဲ့သည်။

မြေနီကုန်း ခုံးကျော်တံတားကို ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် Capital Development က တာဝန်ယူတည်ဆောက်နေခြင်းဖြစ်ပြီး တည်ဆောက်မှုကာလ ရှစ်လခန့် ကြာမြင့်မည်ဖြစ်ကြောင်း တံတား ပန္နက်တင်မင်္ဂလာအခမ်းအနား၌ စီမံကိန်းဒါရိုက်တာ ဦးသက်လင်းက ဆိုသည်။



## ဝမ်းပျက် ဝမ်းလျှောရောဂါ ကြိုတင်ကာကွယ်ရေးဟောပြော

**ရန်ကုန် စက်တင်ဘာ ၂၁**

ကြည့်မြင်တိုင်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ဝမ်းပျက် ဝမ်းလျှောရောဂါ ကြိုတင်ကာကွယ်ရေးဟောပြောပွဲကို စက်တင်ဘာ ၁၈ ရက် နံနက်က ကြည့်မြင်တိုင်မြို့နယ် အိုးဘိုရပ်ကွက် ဗားကရာလမ်းရှိ ဦးဘဖေသားဖွားဆေးရုံ၌ ကျင်းပရာ အနောက်ပိုင်းခရိုင် မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မြတ်သန္တာရဲတင့်နှင့် မြို့နယ်၊ ရပ်ကွက်မှအမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ရပ်ကွက်ပြည်သူများ တက်ရောက်ခဲ့ကြပြီး မြို့နယ်ဒေသန္တရဆေးရုံမှ သူနာပြုဆရာမ ဒေါ်ကြူကြူအေးက ကျန်းမာရေးအသိပညာပေး ဟောပြောခဲ့သည်။

**ဘော်ဂါသွေး**

• • • • • • • • • • • • • • • •

## စစ်မှုထမ်းဟောင်းအဖွဲ့ အဆင့်မြင့်စည်းရုံးရေး သင်တန်းဆင်း

**မန္တလေး စက်တင်ဘာ ၂၁**

မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ အဆင့်မြင့်စည်းရုံးရေးသင်တန်း အမှတ်စဉ်(၃၃/၂၀၁၄) သင်တန်းဆင်းပွဲအခမ်းအနားကို စက်တင်ဘာ ၁၉ ရက် နံနက် ၇ နာရီခွဲက ပုသိမ်ကြီးမြို့နယ် ရေတံခွန်တောင်ဒေသ စစ်မှုထမ်းဟောင်းလေ့ကျင့်ရေး သင်တန်းကျောင်း(မန္တလေး) သင်တန်းခန်းမဆောင်၌ ကျင်းပရာ စစ်မှုထမ်းဟောင်းလေ့ကျင့်ရေး သင်တန်းကျောင်း ကျောင်းအုပ်ကြီး ဒုတိယဗိုလ်မှူးကြီး ရဲလွင်(ငြိမ်း)က သင်တန်းဆင်းအမှာစကားပြောကြားသည်။

ဆက်လက်၍ စစ်မှုထမ်းဟောင်း သင်တန်းသားများအား သင်တန်းဆင်းလက်မှတ်များကို တစ်ဦးချင်းပေးအပ်ပြီးနောက် သင်တန်းထူးချွန်ဆု ပထမဆုရ ကသအမှတ် (၁) ဗိုလ်မှူးညီညီအောင်(ငြိမ်း)၊ ဒုတိယ ကသအမှတ်(၂) ဗိုလ်ကြီး ဝင်းလတ်(ငြိမ်း)၊ တတိယ ကသအမှတ်(၃) ဗိုလ်ကြီးခင်မောင်ဦး(ငြိမ်း) တို့ကို ထူးချွန်ဆုများပေးအပ်သည်။ ယင်းနောက် သင်တန်းသားများ ကိုယ်စား ကသအမှတ် (၅) ဗိုလ်ကြီးတင်ဝင်း(ငြိမ်း) က ကျေးဇူးတင်စကား ပြန်လည်ပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အဆိုပါ သင်တန်းဆင်းပွဲတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်တို့ရှိ စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့တို့မှ စစ်မှုထမ်းဟောင်းသင်တန်းသား ၅၀ တက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ ရက်သတ္တလေးပတ် ကြာမြင့်ခဲ့ကြောင်း သိရသည်။

**တင်မောင်(မန္တလေး)**


**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**
**ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန**

**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာနမှ အောက်ပါပစ္စည်းများ D.D.P (Phyu) မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

**Tender No.21/DHPI/Spare/ 2014-2015**

| စဉ် | ပစ္စည်းအမျိုးအမည် | ရေတွက်ပုံ | အရေအတွက် |
|---|---|---|---|
| 1. | Spare Parts for Generator | Lot | 1 |

၂။ ပစ္စည်းများ၏ နည်းပညာစံချိန်စံညွှန်းအဆိုပြုလွှာ (Technical Proposal) နှင့် ဈေးနှုန်းအဆိုပြုလွှာ (Financial Proposal) တို့အား သီးခြားစီချိပ်ပိတ်၍ ၁၀-၁၀-၂၀၁၄ရက် ၁၂:၀၀ နာရီတွင် နောက်ဆုံးထား၍ တင်သွင်းရမည်။

၃။ နည်းပညာစံချိန်စံညွှန်းရမှတ် (၆၀)ကျော်သောကုမ္ပဏီများ၏ ဈေးနှုန်းအဆိုပြုလွှာ (Price Proposal) ဖွင့်ဖောက်ရန်ရက်အား ထပ်မံအကြောင်းကြားမည်ဖြစ်ပြီး အများရှေ့မှောက်၌ ဖွင့်ဖောက်ကြေညာ၍ စုစုပေါင်းရမှတ် (Overall Score) အများဆုံးကုမ္ပဏီအား တိုက်ရိုက်ရွေးချယ်ပါမည်။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်ကို သတင်းစာတွင်ကြော်ငြာပါသည့် ရက်မှစတင်၍ ရုံးချိန်အတွင်း အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်ဝယ်ယူနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန၊**
**ရုံးအမှတ် (၂၇)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၁၃၅၃၁၊ ၀၉-၂၅၀၃၄၅၃၄၉၊**
**၀၉-၄၅၀၅၃၉၂၄၈၊ ၀၉-၄၂၀၇၆၆၈၉၊**
**၀၉-၄၂၀၇၀၁၃၄၆၊ ဖက်စ်-၀၆၇-၄၁၃၅၃၁**

# ဂျုံသီးနှံရောင်းချရန် တင်ဒါခေါ်ယူခြင်း

**ရက်စွဲ၊ ၁၈-၉-၂၀၁၄**

စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာန၊ ရာသီသီးနှံနှင့် ကော်ဖီပညာပေးရေးနှင့် နည်းပညာဖွံ့ဖြိုးရေးဌာနခွဲလက်အောက်ရှိ ချောင်းဦးမြို့နယ်၊ ပေါက်အင်းစိုက်ကွင်းတွင် ဂျုံသီးနှံ ၁၂၃၂၀ တင်းအား မျက်မြင်အခြေ အနေအတိုင်း အိတ်ဖွင့်တင်ဒါခေါ်ယူရောင်းချမည်ဖြစ်ပါ၍ ဝယ်ယူလိုသူများသည် အောက်ပါအစီအစဉ်အတိုင်း လာရောက်တင်ဒါတင် ဝယ်ယူနိုင်ကြောင်း ကြော်ငြာအပ်ပါသည်။

**အိတ်ဖွင့်တင်ဒါဖွင့်မည့်နေ့ရက်** - ၂၆-၉-၂၀၁၄ ရက် (သောကြာနေ့)
**အချိန်** - မွန်းလွဲ ၁၄:၀၀နာရီ
**နေရာ** - ရာသီသီးနှံနှင့် ကော်ဖီပညာပေးရေးနှင့် နည်းပညာဖွံ့ဖြိုးရေးဌာနခွဲ ပေါက်အင်းစိုက်ကွင်း၊ ချောင်းဦးမြို့
**စုံစမ်းနိုင်သည့် ဖုန်းနံပါတ်** - ၀၇၁-၄၅၁၉၇၊ ၀၉-၂၀၄၄၈၉၄၊ ၀၉-၃၃၃၉၉၁၄၆

**စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာန**
**ပေါက်အင်းစိုက်ကွင်း၊ ချောင်းဦးမြို့**

# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ပို့ဆောင်ရေးဝန်ကြီးဌာန၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မကွေးတိုင်းဒေသကြီးရုံးမှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ပွင့်လင်းရာသီတွင် အောက်ဖော်ပြပါတည်နေရာ၌ ကမ်းပြိုကာကွယ်ရေးလုပ်ငန်းဆောင်ရွက်ရန် လိုအပ်သော လုပ်ငန်းသုံးပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

| စဉ် မြို့နယ် | ပစ္စည်းအမျိုးအစား | အရေအတွက် |
|---|---|---|
| ၁။ ဂန့်ဂေါမြို့နယ် (အနောက်ဂန့်ဂေါ ကျေးရွာကမ်းပြို ကာကွယ်ရေး) | ကျောက်ကြီး | ၁၄၇၉.၀၆ ကျင်း |
| | ဘိလပ်မြေ | ၄၉၂.၈၅ တန် |
| | မြစ်ကျောက်စရစ် | ၃၆၇ ကျင်း |
| | မြစ်သဲ | ၅၅၈ ကျင်း |
| | သံဆန်ခါ | ၂၂၀၄၀ စ/ပေ |
| | ၁"ထုပျဉ် | ၁၀.၉၄ တန် |
| | ၃"ØPVCပိုက် | ၁၂၀ လုံး |
| | 2" ØGI Pipe | ၁၈၄၀ ပေ |

**တင်ဒါလျှောက်လွှာယူရမည့်နေရာနှင့် စိစစ်ရွေးချယ်မည့်နေရာ** - ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မကွေးတိုင်းဒေသကြီးရုံး ကင်းလမ်း၊ ရွှေညောင်(၂)ရပ်ကွက်၊ မကွေးမြို့
**တင်ဒါလျှောက်လွှာယူရမည့်ရက်** - ၂၂-၉-၂၀၁၄ ရက်မှ ၃၀-၉-၂၀၁၄ ရက်အထိ ရုံးချိန်အတွင်း
**တင်ဒါဖွင့်လှစ်မည့်ရက်နှင့်အချိန်** - ၃-၁၀-၂၀၁၄ ရက် နံနက် ၁၀ နာရီ

အသေးစိတ်သိရှိလိုပါက ဖုန်း-၀၆၃-၂၈၃၉၀သို့ တိုက်ရိုက်ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့**

**ဖခင်အမည်မှန်**
မိုးကောင်းမြို့၊ နောင်ကိုင်တော် အထက (ခွဲ) တက္ကသိုလ်ဝင်တန်း(B)မှ မမိုးမိုးသဥ္ဇာ၏ ဖခင်အမည်မှန်မှာ ဦးအောင်ကျော်စိုး ၉/စကန(နိုင်) ၀၃၇၂၆၂ဖြစ်ပါသည်။

**အမည်မှန်**
မိုးကောင်းမြို့ ဦးဇမ်ဖန်၏သမီး နောင်ကိုင်တော် အထကခွဲ တက္ကသိုလ်ဝင်တန်း(B)မှ မဆိုင်းခွမ်၏ အမည်မှန်မှာ မဆိုင်းနူးဖြစ်ပါသည်။

**ဖခင်အမည်မှန်**
လားရှိုးမြို့၊ အထက(၂)၊ တက္ကသိုလ်ဝင်တန်း(ဆ)မှ စိုင်းဆိုင်ဟန်နှင့် စိုင်းဆိုင်မိန်းတို့၏ ဖခင်အမည်မှန်မှာ ဦးလှဝင်း(ခ) ဦးအားကျူး ဖြစ်ပါကြောင်း။

**ဖခင်အမည်မှန်**
မုဒုံမြို့၊ အထက(၁) နဝမတန်း(F)မှ မပိုးဇာခြည်အောင်၏ ဖခင်အမည်မှန်မှာ ဦးစိုးမင်းသိန်း ၁၀/မဒန(နိုင်)၁၀၆၁၃၃ ဖြစ်ပါကြောင်း။ **ဦးစိုးမင်းသိန်း**

**မိခင်အမည်မှန်**
မိုးကောင်းမြို့ နောင်ကိုင်တော် အထကခွဲ တက္ကသိုလ်ဝင်တန်း(B)မှ မဆိုင်းနူး၏ မိခင်အမည်မှန်မှာ ဒေါ်နန်ဆိုင်း ၁/မကတ(နိုင်) ၀၆၀၇၀၉ ဖြစ်ပါသည်။

**အမည်ပြောင်း**
ဦးမိုးမိုးကျော်၏သမီး မြိတ်မြို့၊ မြင့်မိုရ် ပုဂ္ဂလိကပညာသင်ကျောင်း၊ ကျောင်းဝင်အမှတ် MM-140010 ဖြစ်သူ မကြယ်စင်သွန်းထိုက်အား မကြယ်စင်သွန်းဟု ပြောင်းလဲခေါ်ပါရန်။ **မကြယ်စင်သွန်း**

**ဖခင်အမည်မှန်**
နေပြည်တော်၊ ဇေယျာသီရိမြို့နယ်၊ ပြည်စံအောင်ကျေးရွာ အထက(၂) တက္ကသိုလ်ဝင်တန်း(A)မှ မောင်ညဏ်လင်းထက်၏ ဖခင်အမည်မှန်မှာ ဦးကျော်မျိုးထွန်း ၉/ပမန(နိုင်)၁၄၄၈၆၀ ဖြစ်ပါကြောင်း။

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

# ဘာသာပေါင်းစုံညီညွတ်ရေးနှင့် ငြိမ်းချမ်းစွာနေထိုင်ရေး ထားဝယ်၌ အလုပ်ရုံဆွေးနွေး

**ထားဝယ် စက်တင်ဘာ ၂၁**

ဘာသာတရားနှင့်စပ်လျဉ်း၍ တစ်ဦးနှင့်တစ်ဦး ထားရှိသော သံသယများ အမြင်မကြည်မှုများကို လျှော့ချပပျောက်စေရန်နှင့် ဘာသာမတူသူများ ရင်းနှီးခင်မင်စွာ အတူယှဉ်တွဲနေထိုင်နိုင်ရေး ရည်ရွယ်ချက်ဖြင့် ရတနာမြေလူမှုဖွံ့ဖြိုးရေးအသင်းနှင့် ထားဝယ်မြို့ဘာသာပေါင်းစုံညီညွတ်ရေးအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်သော ဘာသာပေါင်းစုံညီညွတ်ရေးနှင့် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး အလုပ်ရုံဆွေးနွေးပွဲကို ထားဝယ်မြို့ ညောင်ရမ်းတောင်ရပ်ကွက် Edu Park ခန်းမ၌ စက်တင်ဘာ ၁၈ ရက်နှင့် ၁၉ ရက်တို့က ကျင်းပခဲ့သည်။

အလုပ်ရုံဆွေးနွေးပွဲတွင် တိုင်းဒေသကြီး ဘာသာပေါင်းစုံညီညွတ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထွန်းကြည်နှင့် တိုင်းဒေသကြီးသာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးရဲနိုင်ဝင်းတို့က အမှာစကားပြောကြားပြီး ရတနာမြေလူမှုဖွံ့ဖြိုးရေးအသင်း၏ စီမံကိန်းဒါရိုက်တာ ဒေါက်တာနှင်းအေးကိုက ရတနာပုံလူမှုဖွံ့ဖြိုးရေးအသင်းအကြောင်းနှင့် အသင်း၏စီမံကိန်းများအကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ထားဝယ်မြို့ ဃောသိတာရာမတိုက်ကျောင်းဆရာတော်၊ မြို့နယ်သံဃနာယကဥက္ကဋ္ဌ ပခုက္ကူကျောင်းတိုက်ဆရာတော်နှင့် လောင်းလုံမြို့နယ် နန္ဒသီရိကျောင်းတိုက်ဆရာတော်တို့က ဗုဒ္ဓဘာသာနှင့် ငြိမ်းချမ်းရေးတရားကို ဟောကြားပြီး ဘာသာပေါင်းစုံညီညွတ်ရေးအဖွဲ့ (ဗဟို)မှ ပြန်ကြားရေးမှူး ဦးအောင်နိုင်က ဟိန္ဒူဘာသာနှင့် ငြိမ်းချမ်းရေးတရား၊ အစ္စလာမ်ဓမ္မပီမာန် ပင်တိုင်ဓမ္မကထိက စာပေဆော်ဩရေးမှူးဦးမင်းနိုင်က အစ္စလာမ်ဘာသာနှင့် ငြိမ်းချမ်းရေးတရား၊ မြန်မာနိုင်ငံခရစ်ယာန်အသင်းတော်များကောင်စီ တစ်လုံးတစ်စည်းတည်းဖြစ်ရေး ပညာရေးအစီအစဉ်ဌာနမှူး ဦးလှိုင်လင်းထက်က ခရစ်ယာန်ဘာသာနှင့် ငြိမ်းချမ်းရေးတရားတို့ကို ဟောကြားခဲ့ကြောင်း သိရသည်။

**ဖိုးရွှေသွန်း(ထားဝယ်)**

## ဘုရင့်နောင်ပွဲရုံဝင်းအတွင်း ယာဉ်တိုက်မှုဖြစ်

**ရန်ကုန် စက်တင်ဘာ ၂၁**

ဘုရင့်နောင်ပွဲရုံဝင်းနှင့် ကုန်တင်ယာဉ်ရပ်နားစခန်းအတွင်း ကံ့ကော်လမ်းမကြီးနှင့် ဘုရင့်နောင်လမ်းဆုံ၌ ယာဉ်ပိတ်ဆို့မှုကြောင့် ယာဉ်တိုက်မှုတစ်ခု စက်တင်ဘာ ၁၆ ရက် ည ၈ နာရီခန့်က ဖြစ်ပွားခဲ့သည်။

ပွဲရုံဝင်းအတွင်း စက်တင်ဘာ ၁၅ ရက်နှင့် ၁၆ ရက်တို့က နှစ်ရက်ဆက်တိုက် ယာဉ်ပိတ်ဆို့မှုဖြစ်ပွားခဲ့ပြီး ၁၆ ရက် ညပိုင်းက ဝင်းအတွင်းမှ ကုန်တင်ပြီးထွက်လာသော ၁၂ ဘီးကုန်တင်ကားသည် လမ်းဆုံတွင်ယာဉ်ပိတ်ဆို့၍ ရပ်နေစဉ် အင်းစိန်ဘက်မှလာသော ကင်တာအဖြူရောင်ယာဉ်ငယ်က လမ်းဆုံဘေးသို့ ကွေ့ဝင်ရာမှ တိုက်မိခဲ့ခြင်းဖြစ်ကာ ကင်တာယာဉ်ငယ်မှာ ဦးခေါင်းပိုင်းကြေမွပျက်စီးသွားကြောင်း သိရသည်။

ဘုရင့်နောင်လမ်းမကြီးတွင် လမ်းလယ်တုံးများ ချထားသော်လည်း တိုက်မိခြင်း၊ လမ်းလယ်တုံးများကို နေရာရွှေ့ချဲ့ထွင်ပြီး ယာဉ်များဖြတ်သန်းခြင်း၊ ဂငယ်ကွေ့မကွေ့ရန် လမ်းညွှန်အမှတ်အသားများစိုက်ထူထားသော်လည်း မလိုက်နာဘဲ ကွေ့မောင်းခြင်းများ ပြုလုပ်နေသည်ကို မြင်တွေ့ရကြောင်း ပွဲရုံအနီးနေထိုင်သူများက ပြောကြားသည်။

**ခင်ဆိုင်**

## စစ်ကိုင်းမြို့တွင် ရေကြီးမှုကာကွယ်ရေးဆောင်ရွက်

**စစ်ကိုင်း စက်တင်ဘာ ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့တွင် စက်တင်ဘာ ၁၄ ရက်က မိုးရေချိန် ၆ ဒသမ ၃ လက်မအထိ ရွာသွန်းခဲ့ပြီး မြို့ပေါ်ရပ်ကွက်များတွင် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ခဲ့သဖြင့် ရေကြီးမှုကာကွယ်ရေး အစီအမံများ ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

တိုင်းဒေသကြီးအစိုးရအဖွဲ့ စည်ပင်သာယာရေးဝန်ကြီး ဦးတင်လှိုင်မြင့်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးစိန်ခဲနှင့် မြို့နယ်စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူများသည် ခရိုင်နှင့် မြို့နယ်စီမံခန့်ခွဲမှုအဖွဲ့ဝင်များ၊ အထောက်အကူပြုအဖွဲ့များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့် စက်တင်ဘာ ၁၅ ရက်က တွေ့ဆုံ၍ ရေကြီးမှုကာကွယ်ရေး လတ်တလောဆောင်ရွက်နေမှုများအပေါ် သုံးသပ်ကာ ရေရှည်ဆောင်ရွက်ရန် အစီအမံများ ချမှတ်ပေးခဲ့ကြောင်း သိရသည်။

စည်ပင်သာယာရေးဝန်ကြီးနှင့်အဖွဲ့သည် ရေကြီးမှုဖြစ်ခဲ့သော ပိုးတန်း၊ မင်းလမ်း၊ တကောင်းနှင့် ပန်းဘဲတန်းရပ်ကွက်များတွင် ရေဝင်ရောက်မှုအခြေအနေနှင့် ရေစုပ်ထုတ်နေမှုများကို သွားရောက်ကြည့်ရှုခဲ့ပြီး ရေစွန့်ထုတ်ရန်လိုအပ်သည့် ရေစုပ်စက်၊ ရေပိုက်များ၊ မြေကော်စက်များ ရရှိရေးတို့ကိုလည်းကောင်း၊ စစ်ကိုင်းမင်းကွန်းလမ်းတွင် မြေထိန်းနံရံပြိုကျမှုကြောင့် သဲအိတ်ဖို့ဆောင်ရွက်နေမှုတို့ကိုလည်းကောင်း၊ စစ်ကိုင်း-စာရေးလမ်း ရေတိုက်စားမှုကြောင့် အဆက်အသွယ်ပြတ်တောက်မှုမရှိစေရေး ကျောက်ဖို့ဆောင်ရွက်နေမှုများကိုလည်းကောင်း ကြည့်ရှုပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ဒီစီအီး(မန်းကိုယ်ပွား)**



ချင်းပြည်နယ် တီးတိန်မြို့နယ်အတွင်း ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ခွင့်ပြုရန်ပုံငွေကျပ် ၁၉၃ ဒသမ ၇၄ သန်းဖြင့် ဆောင်ရွက်လျက်ရှိသော တီးတိန်-လိုင်လိုးလမ်း အရှည်နှစ်မိုင်၊ အကျယ် ၁၂ ပေ ကတ္တရာခင်းခြင်းလုပ်ငန်းအတွက် လမ်းခင်းကျောက်များ စုဆောင်းထားရှိမှုကို တွေ့ရစဉ်။ နေစု(ချင်းရိုးမ)

## ရေတွင်းပြုပြင်စဉ် သဲပြိုကျ၍ တစ်ဦးသေဆုံး

**ပခုက္ကူ စက်တင်ဘာ ၂၁**

ပခုက္ကူမြို့နယ် ဖောင်းချောင်းကျေးရွာ၌ ရေတွင်းပြုပြင်သူတစ်ဦး သဲပြိုကျပိမိပြီး သေဆုံးမှု စက်တင်ဘာ ၁၆ ရက်က ဖြစ်ပွားခဲ့သည်။

ပခုက္ကူမြို့နယ် ဖောင်းချောင်းကျေးရွာနေ ဦးလှထူး၏ ဥယျာဉ်ခြံအတွင်းရှိ ရေတွင်းဝါးခွေကို ဦးလှထူး၊ ဦးသိန်းလွင်နှင့် ဇော်ထွန်းတို့က ပြုပြင်နေစဉ် အဆိုပါ ရေတွင်းဘေးရှိ သဲမြေများပြိုကျခဲ့ပြီး ဇော်ထွန်း (၃၆ နှစ်) မှာ ရေတွင်းထဲပြုတ်ကျခဲ့၍ သဲများပိနေခဲ့ကြောင်းနှင့် ဒေသခံရွာသားများ ဝိုင်းဝန်းဆယ်ယူခဲ့ကြရာ အနက်ခြောက်တောင်ခန့်တွင် ဇော်ထွန်းသေဆုံးနေသည်ကို တွေ့ရသည်။ လူသေဆုံးမှုနှင့်ပတ်သက်၍ ဓမ္မတာအတိုင်း သေဆုံးခြင်း ဟုတ်၊ မဟုတ်သိရှိနိုင်ရန် ကမ္မနယ်မြေရဲစခန်းမှ ရဲအုပ်ချစ်ကိုကိုက တရားလိုပြုတိုင်တန်းခဲ့ပြီး ကမ္မနယ်မြေရဲစခန်းက သေမှုသေခင်းဖွင့် ဆောင်ရွက်နေကြောင်း သိရသည်။

**ကျော်ဇေယျ**

## လူကုန်ကူးမှုကာကွယ်ရေး ပညာပေးဆွေးနွေး

**တောင်သာ စက်တင်ဘာ ၂၁**

မန္တလေးတိုင်းဒေသကြီး တောင်သာမြို့နယ်တွင် မြန်မာနိုင်ငံလူကုန်ကူးမှုတိုက်ဖျက်ရေးနေ့အခမ်းအနားကို စက်တင်ဘာ ၁၉ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

မြို့နယ်လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ကျော်ညွန့်က အမှာစကားပြောကြားပြီး မြို့နယ်လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ ရဲမှူးမောင်မောင်ကလူကုန်ကူးမှုအကြောင်း သိကောင်းစရာများကို ရှင်းလင်းဆွေးနွေးခဲ့သည်။

အဆိုပါ အခမ်းအနားသို့ မြို့နယ်လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့ တာဝန်ရှိသူများ၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့ပေါ်ရပ်ကွက် အုပ်ချုပ်ရေးမှူးများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။ **ကျော်မျိုးနိုင်(တောင်သာ)**


### ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
### ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး
### လျှောက်လွှာခေါ်ယူခြင်း

၁။ ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံးနှင့် ဒေသစာရင်းစစ်ရုံးများတွင် လစာနှုန်းကျပ် (၉၃၀၀၀-၁၀၀၀-၉၈၀၀၀)ရရှိသော ရာထူးနေရာများအတွက် လျှောက်လွှာခေါ်ယူပါသည်။

၂။ လျှောက်ထားသူသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) စာရင်းစစ်ရာထူးအတွက် စီးပွားရေးတက္ကသိုလ်များမှ ပေးအပ်သည့် Bachelor of Commerce (B.Com) သို့မဟုတ် Bachelor of Accounting (B.Act) သို့မဟုတ် Diploma in Accountancy (DA) ဘွဲ့လက်မှတ်ရရှိထားသူဖြစ်ရမည်။

(ဂ) International Relation Department အတွက် တက္ကသိုလ်တစ်ခုခုမှ Bachelor of Arts (Eng;) ဘွဲ့လက်မှတ်ရရှိထားသူ၊ ကွန်ပျူတာတက္ကသိုလ်များမှ Bachelor of Computer Science ဘွဲ့လက်မှတ်ရရှိထားသူဖြစ်ရမည်။

(ဃ) ၃၀-၉-၂၀၁၄ ရက်တွင် ဝန်ထမ်းမဟုတ်ပါက အသက် (၃၀)ထက်မကျော်လွန်သူ၊ ဝန်ထမ်းဖြစ်ပါက အသက် (၃၅)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။

(င) စာရင်းစစ်ရုံးတွင် (၅)နှစ်ထက်မနည်း တာဝန်ထမ်းဆောင်နိုင်ကြောင်း ဝန်ခံချက်ချုပ်ဆိုနိုင်သူဖြစ်ရမည်။

(စ) ကိုယ်စိတ်ကျန်းမာရေးပြည့်စုံသူဖြစ်ရမည်။

၃။ လျှောက်လွှာနှင့်အတူ အောက်ပါတို့ကို ပူးတွဲတင်ပြလျှောက်ထားရမည်-

(က) ဘွဲ့လက်မှတ်မိတ္တူ (မိတ္တူမှန်ဖြစ်ကြောင်း လက်မှတ်ရေးထိုးရန်)

(ခ) အသက်အထောက်အထားအတွက် အခြေခံပညာအထက်တန်းအောင်လက်မှတ်မိတ္တူ (မိတ္တူမှန်ဖြစ်ကြောင်း လက်မှတ်ရေးထိုးရန်)

(ဂ) ပြစ်မှုကင်းရှင်းကြောင်း သက်ဆိုင်ရာရဲစခန်း၏ထောက်ခံစာမူရင်း

(ဃ) ပါတီနိုင်ငံရေးကင်းရှင်းကြောင်း ပြန်တမ်းဝင်အရာရှိတစ်ဦး၏ ထောက်ခံစာမူရင်း

(င) လိပ်စာဖော်ပြပါဒေသတွင် အမှန်နေထိုင်ကြောင်းနှင့် အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာရပ်ကွက်အုပ်ချုပ်ရေးမှူး၏ ထောက်ခံစာမူရင်း

(စ) အသက် (၁၈)နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူမှန်

(ဆ) အလုပ်သမားမှတ်ပုံတင်ကတ်ပြားမိတ္တူ (ဝန်ထမ်းမဟုတ်သူများ)

(ဇ) လိုင်စင် (ကာလာ) ဓာတ်ပုံ (၆)ပုံ

၄။ အထက်ပါအပိုဒ်-၃၊ အပိုဒ်ခွဲ (ဂ၊ဃ၊င)ပါထောက်ခံချက်များသည် (၃)လအတွင်း ထောက်ခံချက်များဖြစ်ရမည်။

၅။ လျှောက်လွှာကို ၃၀-၁၁-၂၀၁၄ ရက်အရောက် နောက်ဆုံးထားပြီး ရုံးအမှတ် (၁၂)၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ နေပြည်တော်သို့ပေးပို့ရမည်။ သတ်မှတ်ရက်နောက်ပိုင်းမှ လက်ခံရရှိသည့် လျှောက်လွှာများကို လက်ခံစဉ်းစားမည် မဟုတ်ပါ။

၆။ လျှောက်ထားသူသည် ဝန်ထမ်းဖြစ်ပါက မိမိတာဝန်ထမ်းဆောင်နေသည့်ဌာနမှ တစ်ဆင့် သက်ဆိုင်ရာဝန်ကြီးဌာန၏ ခွင့်ပြုချက်ရယူပြီးမှ ပေးပို့လျှောက်ထားရန်ဖြစ်ပြီး လျှောက်လွှာတစ်စောင်ကို အချိန်မီစေရန် ကြိုတင်မိတ္တူဟု ရေးသားပေးပို့နိုင်ပါသည်။

၇။ သတ်မှတ်ချက်နှင့်ပြည့်စုံသော လျှောက်လွှာများကို ရုံးအမှတ်(၁၂)၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ နေပြည်တော်တွင် လူတွေ့စစ်ဆေးမည်ဖြစ်ပါသည်။

**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၁၂ယ/၄၄၀၄၈ Luojia 110 M/C ယာဉ်လက်ဝယ်ရှိသူ ဦးမင်းမင်းသန်း ၉/မခန(နိုင်)၀၀၁၁၅၃က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး၊ ကျောက်မဲမြို့**

**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၇ယ/၃၈၇၉၄ ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဘောက်မိုင် ၁/မကန(နိုင်)၀၀၅၇၆၆က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများနှင့်အတူ တင်ပြသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ရုံး (မြစ်ကြီးနား)**

### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ကြီးကြပ်၍ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် နယ်စပ်ဒေသဖွံ့ဖြိုးရေး ဖြည့်စွက်ရန်ပုံငွေဖြင့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ဆောင်ရွက်မည့် ပင်လည်ဘူးမြို့နယ်၊ ပင်လည်ဘူး-ဗန်းမောက် လမ်း(၅/၀)မိုင် ကျောက်ချောခင်းခြင်း၊ ဗန်းမောက်မြို့နယ် လယ်ရေချောင်း ၃၅ ပေနှင့် ကနက်ဖာချောင်း ပေ ၆၀ သံကူကွန်ကရစ်တံတား၊ ကလေးဝမြို့နယ် ဆည်ကြီး-အောက်တောကြီးကြား သံကူကွန်ကရစ်တံတား ပေ ၂၆၀ ချဉ်းကပ်လမ်း၊ မော်လိုက်မြို့နယ် တောင်အင်း- သာနန်းတောကြား သံကူကွန်ကရစ်တံတား ပေ ၂၅၀၊ ချဉ်းကပ်လမ်း၊ တမူးမြို့နယ် ကွန်းတောင်းရေအားလျှပ်စစ်လုပ်ငန်း တူးမြောင်းပြုပြင်ခြင်းနှင့် ကျောက်စီနံရံပြုလုပ်ခြင်းလုပ်ငန်းများဆောင်ရွက်ရန်ရှိပါသဖြင့် အိတ်ဖွင့်တင်ဒါလျှောက်လွှာများကို ၁၉-၉-၂၀၁၄ ရက်မှစတင်ပြီး စစ်ကိုင်းတိုင်းဒေသကြီး ဒေသဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးတွင် ရယူ၍ အောက်ပါအတိုင်း တင်သွင်းနိုင်ပါသည်-

| | | |
|---|---|---|
| (က) **အိတ်ဖွင့်တင်ဒါတင်သွင်းရန်** | - | ၁၉-၉-၂၀၁၄ ရက်မှ ၃-၁၀-၂၀၁၄ ရက်အထိ |
| (ခ) **အိတ်ဖွင့်တင်ဒါတင်သွင်းရမည့်နေရာ** | - | ပြည်နယ်/ဒေသဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး၊ မုံရွာမြို့ |

၂။ သတ်မှတ်ရက်အချိန်ထက် ကျော်လွန်တင်သွင်းသည့် လျှောက်လွှာများကို ထည့်သွင်း စဉ်းစားမည်မဟုတ်ပါ။

၃။ အသေးစိတ်သိရှိလိုပါက စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ ဖုန်း-၀၇၁-၂၂၅၃၄၊ ၀၇၁-၂၂၆၉၉ တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါစိစစ်ရေးအဖွဲ့**

**အမည်ပြောင်း**

ဦးမင်းသိမ်း ၅/မရန(နိုင်)၁၅၃၄၄၀၏သမီး မကွေးမြို့၊ အောင်စေတနာရပ်၊ အမက(မူလွန်)၊ ပဉ္စမတန်းမှ မဟန်နီမင်းသိမ်းအား မဟန်နီထက်ဟု ပြောင်းလဲခေါ်ပါရန်။ **မဟန်နီထက်**

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

## ဖျာပုံမှအရေးပေါ်လူနာများ ရန်ကုန်သို့ အခမဲ့ပို့မည်

**ဖျာပုံ စက်တင်ဘာ ၂၁**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့တွင် သံသရာခရီးသည်လူမှုကူညီရေးအသင်းက ဖျာပုံမြို့မှ အရေးပေါ်လူနာများအား အရေးပေါ်လူနာတင်ယာဉ်ဖြင့် ရန်ကုန်သို့ အခမဲ့ပို့ဆောင်ပေးခြင်းကို စက်တင်ဘာ ၁ ရက်က စတင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"ဖျာပုံမြို့မှာအရေးပေါ်လူနာတွေကို ပုဂ္ဂလိကအငှားယာဉ်တွေနဲ့ပဲ ပို့နေရတာ။ ပြည်သူတွေအခက်အခဲဖြစ်လို့ အရေးပေါ်လူနာတင်ယာဉ်ကို သံသရာခရီးသည်လူမှုရေးအသင်းက တာဝန်ယူပြီး သက်ဆိုင်ရာဆေးရုံကြီးတွေကို အခမဲ့ပို့ဆောင်ပေးတာပါ။ မည်သူမဆို အချိန်မရွေး ဆက်သွယ်နိုင်ပါတယ်"ဟု သံသရာခရီးသည် လူမှုကူညီရေးအသင်းမှ အတွင်းရေးမှူးဦးလှမင်းက ပြောသည်။ အရေးပေါ်လူနာများအနေဖြင့် ဖုန်း-၀၉-၈၅၉၀၉၉၉ နှင့် ၀၉-၄၂၂၄၆၂၄၄၆ တို့ကို ၂၄ နာရီဆက်သွယ်နိုင်ကြောင်း သိရသည်။

အဆိုပါ အရေးပေါ်လူနာတင်ယာဉ်ကို ဖျာပုံမြို့ ရွှေဒဂ်ါးမုန့်တိုက်နှင့် မိန်းပွိုင့်လျှပ်စစ်မိသားစုတို့ ပူးပေါင်းလှူဒါန်းခြင်းဖြစ်ကာ ယာဉ်တန်ဖိုးမှာ ငွေကျပ်သိန်း ၂၀၀ ခန့်ရှိပြီး တိုယိုတာယာဉ်အမျိုးအစားဖြစ်ကြောင်း သိရသည်။ ယာဉ်ပေါ်တွင် အရေးပေါ်အသုံးပြုရန် ခွဲစိုပ်စက်၊ ECG နှလုံးစစ်ဆေးစက်၊ အောက်စီဂျင်ဘူး၊ အရေးပေါ်ဆေးသေတ္တာများ ပြည့်စုံစွာပါဝင်ကြောင်းနှင့် လူနာရှင်များက ကျွမ်းကျင်သူနာပြုများ မိမိအစီအစဉ်ဖြင့် ခေါ်ယူအသုံးပြုရမည်ဖြစ်ကြောင်း သိရသည်။ လူနာတင်ယာဉ်ကို ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကူညီဆောင်ရွက်မှုဖြင့် သံသရာခရီးသည်လူမှုကူညီရေးအသင်းသို့ ပေးအပ်လှူဒါန်းခဲ့ခြင်းဖြစ်သည်။

**ချမ်းသာ(ဖျာပုံ)**



## ကျေးရွာများသို့ လူမှုကူညီရေးမော်တော်ယာဉ်နှစ်စီးနှင့် အလှူငွေများလှူဒါန်း

**သပိတ်ကျင်း စက်တင်ဘာ ၂၁**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် သပိတ်ကျင်းမြို့နယ် အုန်းဇုန်းကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာများသို့ သပိတ်ကျင်းဒေသ သတ္တုတူးဖော်ရေးထာဝရကုမ္ပဏီမှ လူမှုကူညီရေးလုပ်ငန်းများအတွက် မော်တော်ယာဉ်နှစ်စီးနှင့် ဒေသဖွံ့ဖြိုးရေးအလှူငွေများပေးအပ်ပွဲကို စက်တင်ဘာ ၁၈ ရက်က အဆိုပါကုမ္ပဏီဝင်းအတွင်း၌ ကျင်းပသည်။

လှူဒါန်းပေးအပ်ပွဲကို တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသန်းအောင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးကိုကိုလှိုင်၊ ထာဝရကုမ္ပဏီ မန်နေဂျင်းဒါရိုက်တာဦးကျော်ရွှေတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ ထို့နောက် မန္တလေးတိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးအောင်ကျော်မိုးနှင့် ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ဇော်လတ်တို့က အမှာစကားပြောကြားပြီး ထာဝရကုမ္ပဏီဥက္ကဋ္ဌ ဦးမောင်ကိုက ဒေသအတွင်း လုပ်ကိုင်နေကြသည့် ကုမ္ပဏီလုပ်ငန်းရှင်များအနေဖြင့် ဒေသရှိ ပြည်သူများနှင့် ပူးပေါင်းကာ ဖွံ့ဖြိုးရေးလုပ်ငန်းများကို စေတနာစိတ်အားထက်သန်စွာဖြင့် ပူးပေါင်းဆောင်ရွက်သွားကြမည်ဖြစ်ကြောင်းနှင့် ယခုကဲ့သို့ ကားနှင့် အလှူငွေများ လှူဒါန်းရသည့်ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ဝက်သေကျေးရွာသို့ Hiace မော်တော်ယာဉ်တစ်စီးနှင့် အလှူငွေကျပ်သိန်း ၅၀၊ ဖက်ရှည်ကျေးရွာသို့ Hiace မော်တော်ယာဉ်တစ်စီးနှင့် ငွေကျပ်သိန်း ၅၀၊ ကွင်း(၃၀) ကျေးရွာလျှပ်စစ်မီးလင်းရေးကော်မတီသို့ အလှူငွေကျပ်သိန်း ၅၀၊ သပိတ်ကျင်းမြို့နယ် ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီသို့ အလှူငွေကျပ်သိန်း ၂၀ ကို ထာဝရကုမ္ပဏီ မန်နေဂျင်းဒါရိုက်တာဦးကျော်ရွှေက ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများမှ လက်ခံယူခဲ့သည်။

အဆိုပါလှူဒါန်းပွဲသို့ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ရပ်မိရပ်ဖများ၊ ထာဝရကုမ္ပဏီမှ တာဝန်ရှိသူများ၊ ဝက်သေရွာ၊ ဖက်ရှည်ရွာနှင့် ကွင်း(၃၀)ကျေးရွာများမှ ဒေသခံပြည်သူများ တက်ရောက်ခဲ့ကြောင်း သိရသည်။ **စိုးနိုင်ဝင်း(သပိတ်ကျင်း)**

## သတင်းတိုများ

### ဇီးကုန်းတွင် ရဲတပ်ဖွဲ့ရွှေရတုဂုဏ်ပြုလုပ်အားပေး

အောက်တိုဘာ ၁ ရက်တွင် ကျရောက်မည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ ရွှေရတုကို ဂုဏ်ပြုသောအားဖြင့် ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် ဇီးကုန်းမြို့နယ်ရဲတပ်ဖွဲ့မှ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကျော်အောင်နှင့် အရာရှိ တပ်သားများက မြသိန်းတန်ဘုရားဝင်း၊ ဓမ္မာရုံ၊ ဘုန်းတော်ကြီးကျောင်းနှင့် မြို့နယ်ပြည်သူ့ဆေးရုံဝင်းအတွင်းတို့၌ စက်တင်ဘာ ၁၅ ရက်က သန့်ရှင်းရေးလုပ်အားပေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**သိန်းတိုး(ဇီးကုန်း)**

### မိုးစပါးစံပြစိုက်ခင်း စုပေါင်းဓာတ်မြေဩဇာကြဲပက်

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ် တရုတ်ကောအုပ်စု ကန်တော်ကြီးဆည်ရေသောက် သဖန်းကုန်းကျေးရွာတွင် မိုးစပါးစုပေါင်းဓာတ်မြေဩဇာကြဲပက်ပွဲကို တောင်သူပညာပေး စံပြကွက် ဧက ၁၀၀ လယ်မြေ၌ စက်တင်ဘာ ၁၉ ရက်က ကျင်းပခဲ့ရာ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးထွန်းမြင့်နှင့် ကွင်းတာဝန်ခံများ၊ ဒေသခံတောင်သူများ တက်ရောက်ခဲ့ပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူးက စပါးအထွက်နှုန်းတိုးရေးအတွက် ဓာတ်မြေဩဇာနှင့် သဘာဝမြေဩဇာများ ရောစပ်သုံးစွဲနည်းကို တောင်သူများအား ရှင်းလင်းဆွေးနွေးခဲ့ပြီး စုပေါင်းဓာတ်မြေဩဇာကြဲပက်ခဲ့ကြောင်း သိရသည်။

**(၀၂၁)**

## ဆိုင်ကယ်လိုင်စင်နှင့် ယာဉ်မောင်းလိုင်စင်များ ကျောက်တံခါးမြို့တွင် ဆောင်ရွက်ပေး

**ကျောက်တံခါး စက်တင်ဘာ ၂၁**

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ်အတွင်းရှိ ပြည်သူများ ဆိုင်ကယ်လိုင်စင်သက်တမ်းတိုးနှင့် ယာဉ်မောင်းလိုင်စင်များ အလွယ်တကူပြုလုပ်နိုင်ရေးအတွက် ပဲခူးတိုင်းဒေသကြီး ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနက ကျောက်တံခါးမြို့ စည်ပင်သာယာခန်းမ၌ စက်တင်ဘာ ၂၀ ရက်က လာရောက်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ပဲခူးတိုင်းဒေသကြီး ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဒေါ်ခင်စပယ်၏ ညွှန်ကြားမှုဖြင့် ဦးစီးအရာရှိ ဒေါ်ချိုချိုခိုင်နှင့် အဖွဲ့ဝင်များက ကျောက်တံခါးမြို့နယ် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင့်ကျော်လွင်၊ အတွင်းရေးမှူး ရဲမှူးဝင်းညွန့်တို့နှင့် ပူးပေါင်း၍ ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ပြီး ပြည်သူများ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာရေးနှင့် လမ်းညွှန်အမှတ်အသားသင်္ကေတများ စသည်တို့ကို ရှင်းလင်းဟောပြောခဲ့သည်။

**ခင်ကို(ကျောက်တံခါး)**


### အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ယင်းမာပင်မြို့၊ အထကကျောင်း တက္ကသိုလ်ဝင်တန်း (H)မှ မယဉ်မာနှင်း၏ ဖခင်အမည်မှန်မှာ ဦးမောင်ဇော် ဖြစ်ပါသည်။

**ဦးမောင်ဇော် ၅/ယမပ(နိုင်)၀၅၅၇၀၃**

### အများသိစေရန်ကြေညာခြင်း

၁။ ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင်မြို့၊ မြို့မ (၃)ရပ်ကွက်နေ ဦးအောင်လင်းမှ ညောင်လေးပင်မြို့၊ မြို့မ(၃)ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(ရပ်-၉)၊ ဈေးပိုင်ရပ်၊ ဦးပိုင်အမှတ် (၅၇/ခ)၊ မြေကွက်အမှတ် (၁၂၉/ဘီ)၊ မြေချိန်ဧရိယာ ၀ဒသမ၀၇၃၄ ဧကရှိမြေအား ဦးအောင်လင်းအမည်ဖြင့် အမည်ပြောင်းသက်တမ်းတိုး မြေငှားဂရန်ချထားပေးပါရန် လျှောက်ထားလာပါသည်။

